bible educational services

# ဆရာများအတွက် လမ်းညွှန်

## သမ္မာကျမ်းစာသင်ယူလေ့လာချိန် အဆင့် ၃ နှင့် အဆင့် ၄

အတွဲ (ခ)

သင်ခန်းစာ ၇-၁၂

www.besweb.com

# Bible Educational Services

## ဓမ္မပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း

Registered Charity UK (No 1186004)

**သာသနာတော် အတွက် သဘောထား**
အစီအစဉ်အလိုက်ဖြစ်သည့် ကျမ်းစာသင်ခန်းစာများကို ယခုလက်ရှိအချိန်နှင့် နောင်လာမည့်မျိုးဆက်များအား ဘုရားသခင်၏စကားတော်ကို သင်ကြားပေးနိုင်ရန်အတွက်နှင့် အမှုတော်မြတ်တွင်အစေခံသည့်အခါ ကမ္ဘာအနှံ့အသုံးပြုနိုင်ရန် သင်ခန်းစာများကို ထုတ်လုပ်ပေးခြင်းအားဖြင့် အစေခံနေခြင်းဖြစ်သည်။

**ရှုပါရုံထားရှိခြင်း**
သမ္မာကျမ်းစာ ပညာရေးဆိုင်ရာများကို ကမ္ဘာဘာသာစကားအသီးသီးဖြင့် လွယ်ကူစွာထုတ်ဝေနိုင်ရန်နှင့် ဆက်နွယ်မှုအမျိုးမျိုးအားဖြင့် တစ်ဦးနှင့်တစ်ဦး လက်တွဲလုပ်ဆောင်ရာ၌ အကျိုးပြုစေရန် ကျွန်ုပ်တို့၏ တန်ဖိုးအရှိဆုံးသော အရာများကို ဝေငှပေးခြင်းဖြစ်သည်။

## အထွေထွေအသိပေးချက်

**ဓမ္မပညာရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းမှ လုပ်ဆောင်ချက်များ**
“Bibletime”, “New Life” နှင့် “Gleaners” ကျမ်းစာသင်ခန်းစာများကို အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေပြီး UK တွင်ရှိသော ကျမ်းစာကျောင်းများနှင့် BES သင်ခန်းစာများကို အသုံးပြုသောအဖွဲ့အစည်းအသီးသီးသို့ စာတိုက်မှပို့ပေးခြင်းများ၊ သွားရောက်လည်ပတ်ခြင်းအားဖြင့်လည်းကောင်း၊အဆက်အသွယ်များ၊ ပြုလုပ်လည်ကောင်းအကြံညဏ်ပေးခြင်းများ၊ သင်တန်းပို့ချခြင်းများပြုလုပ်ပေးသည်။ဤ BES အဖွဲ့သည်သင်ခန်းစာများကိုဘာသာပြန်ပေးခြင်း၊ ဒီဇိုင်းဆွဲပေးခြင်းများ၊ ထုတ်ဝေပေးခြင်းများဖြင့် အခြားနိုင်ငံများရှိအဖွဲ့အစည်းများနှင့် လည်းလက်တွဲလုပ်ဆောင်သည်။ သင်ခန်းစာများက ကျောင်းသားတိုင်းအတွက် အခမဲ့ ပြင်ဆင်ထားပေးသည်။

Bibletime သင်ခန်းစာများကို လွန်ခဲ့သောနှစ်ပေါင်း (၅၀)ကျော် အိုင်ယာလန်တောင်ပိုင်တွင် ပထမဆုံး အသုံပြုခဲ့ပြီ ဖြစ်သည်။အင်္ဂလိပ်ဘာသာနှင့် လည်းကောင်းနိုင်ငံခြား ဘာသာအသီးသီးဖြင့်လည်းကောင်း သင်ခန်းစာများအတွက် စာမူနှင့်ပတ်သက်၍ ကျမ်းစာပညာရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းမှ တာဝန်ယူထိန်းသိမ်းထားသည်။အချို့နေရာများတွင် ကျောင်းသားများအတွက် အထောက်အကူပြုစေရန် Bibletime သင်ခန်းစာများကို သာမာန် A-4 ပုံစံဖြင့်
ထုတ်ဝေထားသည်။ လေးပတ်မြောက်တိုင်း သင်ခန်းစာများကို ကျမ်းစာကျောင်းရုံးချုပ်သို့ အမှတ် စစ်ဆေး ရန် ပြန်ပို့ပေးရမည်ဖြစ်သည်။ Belfast ရှိ (နိုးထမှုအစီအစဉ်) Every Home For Crusade သို့ကျေးဇူးတင်ပါသည်။ များမကြာမီက A5 ပုံစံဖြင့် ခြောက်လစာ သင်ခန်းစာများကို ထုတ်ဝေနိုင်ခဲ့သည်။ ထိုသင်ခန်းစာများကို အထူးသဖြင့် ထိရောက်မြန်ဆန်သည့်စာပို့မှုစနစ်မရှိသောနေရာများတွင်ရှိသည့် အသင်းတော်နှင့် ကျောင်းများတွင် အသုံးပြုနိုင်ရန်အတွက်ဖြစ်သည်။

BES သင်ခန်းစာများသည် အလွန်ကောင်းမွန်ပြီး အိမ် (သို့) အဖွဲ့အစည်း (အသင်းတော်၊ကျောင်း၊) များတွင်သင်ယူနိုင်ရန် ပြင်ဆင်ထားခြင်းဖြစ်သည်။ ကျောင်းသားများအသက်(၂၀)နှစ်အထိ ဆက်လက်သင်ယူနိုင်ခွင့်ရရန် သင်ရိုးမာတိကာများကို ပြင်ဆင်ပေးထားသည်။ အဆင့် ၅ ဆင့်၏ သင်ခန်းစာများသည် တိကျစွာသက်မှတ်ထားသည့် အသက်အပိုင်းအခြားများအတွက်ဖြစ်သည်။ မူကြို ၊ ၅-၇ နှစ်၊ ၈-၁၀နှစ်၊ ၁၁-၁၃နှစ်၊၁၄-၁၆နှစ်၊ တို့ဖြစ်သည်။ အသက်အပိုင်းအခြားတစ်ခုစီအတွက် သုံးနှစ်စာအတွက် သင်ရိုးမာတိကာ ရှိသည်။ အဖွဲ့တစ်ခုစီသည် စွမ်းရည်ခြားနားမှုရှိနိုင်သည်။ ဘုရားသခင်၏စကားတော်ကို ကလေးသူငယ်များ သင်ယူနိုင်သော အခွင့်အရေးနှင့် သမ္မာကျမ်းစာပုံပြင်များကို သူတို့၏အသက်တာ၌ သင်ယူခြင်းဖြင့် သတင်းကောင်းနှင့် ပတ်သက်၍ စိန်ခေါ်မှုများကို မြင်တွေ့ခံစားနိုင်ရန် သမ္မာကျမ်းစာသင်ယူချိန် (Bibletime) သင်ခန်းစာမှပြုလုပ်ပေးထားသည်။

သင်ခန်းစာမိတ္တူများကို အင်္ဂလိပ်ဘာသာစကာဖြင့် BES Website www.besweb.com တွင်ငှင်း International Secretary တွင်ငှင်း ရရှိနိုင်သည်။အခြားသောဘာသာစကားများအားဖြင့် Website တွင်ရရှိနိုင်သည်။ ကျွန်ုပ်တို့နှင့်လက်တွဲလုပ်ဆောင်ရန် သင်အလိုဆန္ဒ ရှိပါကသင့်အားအကူအညီပေးနိုင်သောစာရွက်စာတမ်းများကို BES တွင်ရှိသည်။ ထိုစာရွက်စာတမ်းများကို Website တွင်ရရှိနိုင်ပါသည်။

## ဆက်သွယ်ရန်လိပ်စာ

**UK (Northern Ireland) Office (stockist of all English lessons)**
37a Belmore Street, Enniskillen, Northern Ireland BT74 6AA
Phone: 0286 632 2462

**UK Secretary**
Mr Stephen Gillham
Email: stephen.gilllham@besweb.com

**Web address:** www.besweb.com
**Email address:** info@besweb.com

## ဆရာများအတွက်လမ်းညွှန်

မူလပထမတွင် Bibletime သင်ခန်းစာများကို ကျမ်းစာကျောင်းအဝေသင်ဌာန နှင့် စာပို့စနစ်ဖြင့် အသုံးပြုရန် ထုတ်လုပ်ထားခြင်းဖြစ်သော်လည်း စာပို့စနစ်မလွယ်ကူသောနေရာများ (သို့) အာဖရိကရှိ နေရာအတည်တကျမရှိသောကျောင်းများ၊ အသင်းတော်များ၊ အိန္ဒိယ နှင့် အခြားသောနေရာများတွင် ဤသင်ခန်းစာများကို ပိုမိုအသုံးပြုလာကြသည်။ ထိုကဲ့သို့သောအခြေအနေမျိုးတွင် Bibletime သင်ခန်းစာများကိုအသုံးပြုနိုင်ရန်အတွက် ဆရာ့လမ်းညွှန်အဆင့် ၃ နှင့် ၄ သင်ခန်းစာအတွက် ဖြစ်ပြီး အသက်အပိုင်းအခြားအားဖြင့် ၁၁-၁၆ နှစ် အထိ ကလေးများအတွက် ရေးဆွဲထားခြင်းဖြစ်သည်။

လမ်းညွှန်တစ်ခုချင်းစီသည် Bibletime သင်ခန်းစာတွင် ဖော်ပြထားသည့် ကျမ်းအကိုးအကားအတိုင်း တူညီစေရန် လိုက်နာရေးဆွဲထားခြင်း ဖြစ်သည်။ Bibletime သင်ခန်းစာများနှင့် လမ်းညွှန်များသည် အပတ်စဉ်အသုံးပြုနိုင်ရန် ရေးဆွဲထားခြင်းဖြစ်သည်။ဧပြီလအတွက် သင်ခန်းစာများသည် (Easter) နှင့်ဆက်နွယ်သည့် အကြောင်းအရာများဖြစ်ပြီး ဒီဇင်ဘာလအတွက် သင်ခန်းစာများသည် ခရစ္စမတ်နှင့် ဆက်နွယ်သည့် သင်ခန်းစာများ ဖြစ်သည်။

အချို့နေရာမျာတွင် A4 ပုံစံဖြင့်သင်ခန်းစာများကို ထုတ်လုပ် အသုံးပြုသွားမည်ဖြစ်သည်။ အချို့နေရာများတွင် သင်ခန်းစာ ၂၄ ခုပါဝင်သည့် A5 ပုံစံကိုအသုံးပြုသွားမည်ဖြစ်သည်။ သာမန်အားဖြင့် ဆရာ သို့မဟုတ် ခေါင်းဆောင်သည် လစဉ် A4 သင်ခန်းစာကိုပေးပြီး အသင်းတော်၌၊ ကျောင်း၌ သို့မဟုတ် အိမ်သို့ယူသွားစေပြီး အပတ်စဉ် ထိုသင်ခန်းစာကို ဖြည့်ရမည်ဖြစ်သည်။ နောက်တပတ်တွင် ထိုဖြည့်ပြီးသာသင်ခန်းစာကို ပြန်အပ်စေရမည်ဖြစ်သည်။ လကုန်ပြီးနောက် ဆရာ သိုမဟုတ် ခေါင်းဆောင်သည် သင်ခန်းစာများကိုစုစည်းပြီး ဖြစ်နိုင်ခြေအရှိဆုံးအမှတ်များကိုပေးပြီး ထိုရမှတ်များကို အမြန်နိုင်ဆုံး ကျောင်းသားများထံ ပြန်ပေးရမည်ဖြစ်သည်

သင်ခန်းစာ စာအုပ်ငယ်ရှိ သင်ခန်းစာများကို အစီအစဉ်အတိုင်း အသုံပြုသည့်အခါ အခန်းတခုစီ၏အဆုံးတိုင်းတွင် စာအုပ်များကို စုစည်းပြီး ရမှတ်များပေးသွားရမည်ဖြစ်သည်။ မည်သည့်အခြေအနေတွင်မဆို ဤအရာသည် အလွန်အရေးကြီးကြောင်း ကျွန်ုပ်တို့နားလည်ထားရမည်ဖြစ်သည်။ ထို့ကြောင့် စုထားသည့် အဖြေလွှာစာအုပ်မျာကို စာသင်ခန်းထဲရှိ အဖြေလွှာရှင်မဟုတ်သော ကျောင်းသားမျာထံ ဝေပေးပါ ။ခေါင်းဆောင် သို့မဟုတ် ဆရာသည် သင်ခန်းစာပါ အမှတ်ပေးစည်းမျဉ်းအတိုင်း ဦးဆောင်ညွှန်ကြားသွားပြီး ကျောင်းသားများက သူတို့သူငယ်ချင်းများ၏ သင်ခန်းစာများကို ရမှတ်များ ပေးသွားမည်ဖြစ်သည်။ လစဉ် သင်ခန်းစာအတွက် ရမှတ်များရေးရန် နေရာကို သင်ခန်းစာ စာအုပ်၏ နောက်ပိုင်တွင် ပေးထားသည်။ကျောင်းသားများ၏ အဖြေလွှာနှင့် ပတ်သက်၍ ဝေဖန်ချက်များ ရေးရန် နေရာကိုလည်း ပေးထားသည်။ ခြောက်လစာသင်ခန်းစာအတွက် ကျောင်းသားရရှိထားသော ရမှတ်၏ အမှတ်ရာခိုင်နှုန်းအရ အဆင့်အတန်း မခွဲခြားပဲ အောင်လက်မှတ်များကို ပေးသွားမည်ဖြစ်သည်။

## ဆရာ/ဆရာမများ အတွက် ကြိုတင်ပြင်ဆင်ခြင်း

သင်ကြာပေးသူသည် မိမိတို့၏ ကိုယ်ပိုင်အရည်အချင်း ၊ကိုယ်ပိုင်နည်းလမ်း ၊ ကိုယ်ပိုင်အတွေးအခေါ်များကို အသုံးပြုရန်နေရာမရှိအောင် ကျွန်ုပ်တို့မပြုလုပ်လိုပေ ။ Bibletime သင်ခန်းစာများကို အသုံပြုရာတွင် အကူအညီပေးနိုင်ရန် ဤအရာများသည် အကြံပြုချက်များသာ ဖြစ်သည်။

- **ပုံပြင်နှင့်ကျွမ်းဝင်မှု့ရှိပါ ။ -** သင်ကြားပေးသူသည် ကျမ်းစာပုံပြင်များနှင့်လည်းကောင်း ၊ သင်ခန်းစာပါပုံပြင်များနှင့်လည်းကောင်း ၊ အတတ်နိုင်ဆုံး ကျွမ်းဝင်မှု့ရှိရမည်။ သင်ခန်းစာအတွက် ရည်ရွယ်ချက်ရှိရှိနှင့် ရေးဆွဲထားသည့် သင်ခန်းစာတစ်ခုချင်းစီ၏ လမ်းညွှန်များကိုလည်း ဂရုတစိုက် စဉ်းစားဆင်ချင်သင့်သည်။ သင်ခန်းစာကို စတင်မသင်ကြာမီ ဆရာသည်သင်ခန်းစာများကို လေ့လာပြီးဖြစ်ရမည်။
- **သင်ယူနိုင်ရန်သင်ခန်းစာများကို နားလည်ထားပါ ။ -** သင်ခန်းစာတစ်ခုချင်းစီတိုင်း၏ ခေါင်းစဉ်တွင်ပါရှိသော ရည်ရွယ်ချက်အတိုင်း ကျွန်ုပ်တို့သင်ယူသွားနိုင်သည့်စကားလုံးများကို သင်မှတ်သားသွားပါ။ ဤအချက်ကို လိုက်နာခြင်းအားဖြင့် ဆရာ၏တင်ဆက်မှု့နှင့် သင်ခန်းစာ ပြီးဆုံးပြီးနောက်တွင် သင်ယူခြင်း၏ ရည်ရွယ်ချက်နှစ်ခုကို ကလေးများ အမှန်ပင် နားလည်သဘောပေါက်သွားပေမည်။ ပထမ သင်ယူခြင်း၏ ရည်ရွယ်ချက်သည် ပုံပြင်၏အကြောင်းကိုသိနားလည်ရန် လုပ်ဆောင်ပေးခြင်းဖြစ်ပြီး တတိယ အနေဖြင့် ကလေးများအား တိုက်တွန်းခွန်အားပေး လိုသည့်အချက်မှာ သူတို့သိထားသည့် ပုံပြင်ပါအကြောင်းအရာကို စဉ်းစားဆင်ချင်ပြီး သူတို့အသက်တာတွင် လိုက်လျှောက်ကျင့်သုံးပြီး မှန်ကန်စွာတုန့်ပြန်သွားရန် ဖြစ်သည်။ဤသင်ခန်းစာ၏ ရည်ရွယ်ချက်များသည် သင်ခန်းစာထဲ၌ အဓိကသင်ကြားပေးသော သမ္မာတရား၏ မှန်ကန်သောဖော်ပြချက်များဖြစ်သည်။ဖြစ်ပွားခဲ့သည့်အရာများအားဖြင့် ဆရာများသည်လည်း မိမိတို့၏ သင်ယူခြင်းနှင့် သင်ကြားခြင်းကို သုံးသက်နိုင်သည် ။
- **မိတ်ဆက်ပေးပါ ။ -** ကလေးများသည် မိမိတို့၏ ကိုယ်ပိုင်အတွေ့အကြုံနှင့် အခြေအနေများ ရှိနေနိုင်သည့်အတွက် သင်ခန်းစာတစ်ခုချင်းစီကို အစပြုတိုင်း ထိုသင်ခန်းစာနှင့် မိတ်ဆက်ပေးပါ။ ပုံပြင်ကို စတင်ဆွေးနွေးသည့်အချက်မှာပင်ကလေးများ၏ တုန့်ပြန်မှုကိုရရှိနိုင်ရန် ပုံပြင်မိတ်ဆက်ရာတွင် အသုံပြုနိုင်သည့် နည်းလမ်းများကို အကြံပြုထားသည်။
- **သင်ကြားပေးပါ ။ -** ပုံပြင်ထဲတွင် အဓိကသော့ချက်ကို ကျွန်ုပ်တို့ ပေးထားသည် ။ ပုံပြင်ကို ပြောသည့်အခါ ဤ လှုံ့ဆော်ပေးသော နည်းလမ်းဖြင့် သင်ကြားပေရမည် ။ ဆရာတစ်ယောက်သည် ပုံပြင်မှ သင်ခန်းစာများကို ကျောင်းသားများအားနားလည်စေလိုသည့် ဆန ´ရှိနေရမည် ဖြစ်သည် ။ ပုံပြင်မှသင်ခန်းကို သင်ယူပြီးနောက် တုန့်ပြန်မှုချမှတ်ရမည်ကို ကလေးများနားလည်နိုင်ရန် ကူညီပေးရမည် ။ပုံပြင်ပြောရာတွင် အချို့သောရှင်းလင်းချက်များကိုလည်း သင့်လျော်သလို ရော၍ကြိုးစားထည့်ထားပေးပါသည် ။ ဤအရာများကိုအမြဲအက္ခစောင်းဖြင့်ဖော်ပြလေ့ရှိသည်။
- **သင်ယူစေပါ ။ -** ပုံပြင်တစ်ခုချင်းစီကိုချုပ်ထားသည့် အဓိကသော့ချက် တစ်ခုစီရှိသည် ။အချို့သော အခြေအနေများတွင် အဓိကသော့ချက်ကျမ်းနှစ်ခုတွေ့ရသည် ။ကလေးများသင်ယူရာတွင် ပိုမိုလွယ်ကူစေရန် အခြားအဓိကသော့ချက်ကျမ်းတစ်ခုကိုလည်း ပေါင်းထည့်ပေးထားခြင်းဖြစ်သည် ။ ကလေးများသည် အဓိကသော့ချက်ကျမ်းကိုသင်ယူနိုင်ပြီး သူတို့၏အသက်တာထဲတွင် ကျန်ရှိနေစေရန် ကျွန်ုတို့မျှော်လင့်သည် ။ သို့မှသာ သူတို့သည် အဓိကသော့ချက်ကျမ်း၏ အသိပညာများကို သူတို့အသက်တာတွင် စတင်တည်ဆောက်မည်ဖြစ်သည် ။

- **အဆုံးသတ်ပါ ။ -** ကျောင်းတစ်ကျောင်း၏အခြေအနေတွင် ဆရာများ တောင်းဆိုသည့် အရေအတွက်နှင့်ပြီးမြောက်အောင် လုပ်နိုင်သည့် ကလေးများ၏ အရည်အချင်းကို သင်သိထားရပေလိမ့်မည် ။ အချို့သော သူများအတွက် သင်ခန်းစာပါအကြောင်းအရာကို ဆရာက ရှေမှ ဦးဆောင်ဖတ်ပြပြီး ကလေးများအား နောက်မှလိုက်ဖတ်စေခြင်းအားဖြင့် ပုံပြင်ပါဇာတ်လမ်းနှင့်အကျွမ်းဝင်စေပါ ။ အခြားသောကလေးများသည် သူတို့ကိုယ်တိုင်သင်ခန်းစာများကို ဖတ်နိုင်ကြပေလိမ့်မည် ။ အခြာတဖတ်တွင် ကလေးများ၏ အားရုံစူစိုက်ခြင်းကို ဆက်စပ်နေသည့်မေးခွန်းများနှင့် တိကျသော သင်ကြားပို့ချမှု့ဘက်သို့ ဆွဲခေါ်သွားခြင်းသည် အကြံညဏ်ကောင်းတစ်ခုဖြစ်နိုင်သည် ။ အကယ်၍ သင်သည် ကျောင်းတက်ရောက်ခြင်မရှိဘဲ Bibletime သင်ခန်းစာကို အသုံးပြုနေပါက အကူအညီရရန်အလွန်အရေးကြီးလှသည် ။သို့မှသာ ဤသင်ခန်စာသည် ငြီးငွေ့စရာကောင်းသောအရာ သို့မဟုတ် စမ်းသက်မှုတစ်ခု ဖြစ်သည်ဟု မှာယွင်းစွာ မတွေးထင်မိမည်ဖြစ်သည်။သင်ခန်းစာရှိ အရေကြီးသည့် အရာကိုသင်ယူနေစဉ်မှာပင် ချီးမွမ်းစရာ ၊ ခွန်အားယူစရာ နှင့် အလွန်ဝမ်းမြောက်စရာ ဖြစ်သင့်ပါသည် ။
- **သင်ခန်းစာကိုမှတ်မိသတိရစေပါ ။ -** ပုံပြင်ကိုပြန်လည်စိစစ်သည့်အနေဖြင့် သင်ခန်းစာကို ကူညီပေးသည့် အမူအရာများ ၊ ပဟေဠိများ ပြုလုပ်ခြင်းသည် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်ကြောင်း ကျွန်ုပ်တို့အကြံပြုထားပြီးဖြစ်သည် ။
- **ပြပါ ။ -** အချို့သောအခြေအနေများတွင် သင်ထောက်ကူရုပ်ပုံများရရှိရန်မှာ အလွန်ခက်ခဲလှပါသည် ။ သို့သော် ပုံပြင်ကို နားလည်နိုင်ရန် ကူညီပေးသည့် အရာဝတ္ထု သို့မဟုတ် ရုပ်ပုံများကို ဦးတည်ဖော်ပြခြင်းသည် မည်သည့်နေရာတွင်မဆို အလွန်အရေးကြီးလှကြောင်း တိုက်တွန်းလိုသည် ။ ပုံပြင်ပြောရာတွင် ရုပ်ပုံများသည် များစွာအထောက်အကူပြုသည် ။သင်ခန်းစာတိုင်း၌ သင့်လျောသည့်နေရာတွင် ရုပ်ပုံအကြောင်းအကြံပြုချက်ကို www.freebibleimages.org pictures (FBI) တွင်ဖော်ပြထားသည်။၎င်းတို့ website မှလည်းကူးယူနိုင်သည်။ သင်ခန်းစာအတွက် ရုပ်ပုံများကို ဆေးရောင်ခြယ်ရန်နှင့် အသုံးပြုနိုင်ရန် သင်းခန်းစာအတွင်းထည့်သွင်းဖေါ်ပြ၍ရသောနေရာအချို့တွင် ထည့်သွင်းဖော်ပြထားသည်။

## အဓိကသော့ချက်ကျမ်းသင်ကြားခြင်း ။

(၁) ကျမ်းချက်များကို စာရွက်သို့မဟုတ် သင်ပုန်းပေါ်တွင် ဖျက်နိုင်သည့် အနေအထားဖြင့်ရေးထားရမည်။ ထို့နောက် ကျောင်းသားများကို အကြိမ်ကြိမ်ရွတ်ဆိုစေခြင်းဖြင့် စကားလုံးတစ်ပြီးတစ်လုံ တစ်ခုမကျန်သည့်အထိ ဖျက်ပေးရမည်။ နောက်ဆုံတွင်ကျောင်းသားများသည် ကျမ်းချက်ကို အလွတ်ရွတ်ဆိုနိုင်မည်ဖြစ်သည်။

(၂) အဓိကသော့ချက်ကျမ်းကို မိတ်ဆက်ပေရန် သင်အသုံးပြုနိုင်သောနည်းမှာ

(က)ဒိုင်လူကြီးတစ်ဦးမှအဖွဲ့နှစ်ဖွဲ့ ဖွဲ့စေပါ။ စကားလုံအရေးအတွက်မျာနှင့် အဓိကကျမ်းစကားလုံများကို အစီအစဉ်တကျ မဟုတ်ဘဲထားပါ။အခြားအဖွဲ့မှသူများ ကျမ်းပိုက်ကိုအစီအစဉ်တကျမပြုလုပ်နိုင်မီ မိမိတို့အဖွဲ့မှ ဦးစွာလုပ်ဆောင်နိုင်ရန် ကလေးများကို ယှဉ်ပြိုင်စေပါ။

(ခ) ထိုနောက်မှ မိမိတို့ ရရှိခဲ့သော ကျမ်ပိုဒ်ကိုသူတပါး တို့ထက်ဦးစွာ ရွတ်ဆို စေပါ ။

## အချိန်အသုံးပြုပုံ

- **ညွှန်ကြားချက် ။** ။သင်ခန်းစာတစ်ခုချင်းစီအတွက် ပေးထားသည့်ဆရာ့လမ်းညွှန်ကို ကျွန်ုပ်တို့သိထားပြီးဖြစ်သည်။ သို့သော် ဆရာများသည် အချိန်နှင့်အညီပြောင်းလဲလိုကြပေမည်။
  - (၁) မိတ်ဆတ်ခြင်းနှင့် ပုံပြင်ပြောခြင်း (အကြာဆုံး ၁၅ မိနစ်)
  - (၂) အဓိကသော့ချက်ကျမ်း သင်ကြာပေးခြင်း (၅ -၁၀ မိနစ်)
  - (၃) သင်ခန်းစာများကိုပြီးဆုံးစေခြင်း (၂၀ မိနစ်)
  - (၄) မေးခွန်မေးခြင်းနှင့်ပါဝင်လုပ်ဆောင်ချိန် (၅-၁၀ မိနစ်)

အရေးကြီးပြောရမည့် စကားများကို သတိထားပါ ။

“ကျွန်ုပ်မေ့နိုင်သည့်အတွက်   ကျွန်ုပ်ကိုပြောပါ ။
ကျွန်ုပ်သတိရအောင်   ကျွန်ုပ်ကိုပြပါ ။
ကျွန်ုပ်နားလည်နိုင်ရန်   ကျွန်ုပ်နှင့်အတူပါဝင်ပါ ။”

# Bibletime သင်ခန်းစာ မာတိကာ

| | အဆင့် ၀ မူကြို<br>အဆင့် (၁) အသက် ၅-၇နှစ်<br>အဆင့် (၂) အသက်၈-၁၀နှစ် | အဆင့် (၃) အသက်၁၁-၁၃ | အဆင့် (၄) အသက်၁၄နှစ် နှင့်အထက် |
|---|---|---|---|
| အစပြုသင်ခန်းစာ | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် | ၁။အစပြုသင်ခန်းစာ-မိတ်ဆက် |
| အတွဲ (က) | ၁။ ဖန်ဆင်းခြင်း | ၁။ ဖန်ဆင်းခြင်း | ၁။ ဖန်ဆင်းခြင်း -အပြစ်နွံ့ကျခြင်း |
| | ၂။ နောဧ | ၂။ နောဧ | ၂။ ကနဦးဖွံ့ဖြိုးခြင်း-ကမ္ဘာဦးကျမ်း |
| | ၃။ ပေတရု | ၃။ ပေတရု | ၃။ ပေတရု |
| | ၄။ ပေတရု-လက်ဝါးကပ်တိုင် | ၄။ ပေတရု-လက်ဝါးကပ်တိုင် | ၄။ ပေတရု-လက်ဝါးကပ်တိုင် |
| | ၅။ အာဗြဟံ | ၅။ ပေတရု | ၅။ ပေတရု |
| | ၆။ အာဗြဟံ | ၆။ အာဗြဟံ | ၆။ အာဗြဟံ |
| | ၇။ ပေတရု | ၇။ ယာကုပ် | ၇။ ယာကုပ် |
| | ၈။ ပေတရု | ၈။ ဆုတောင်းခြင်း | ၈။ ခရစ်ယာန်အသက်တာ |
| | ၉။ ယာကုပ် | ၉။ ပေါလု | ၉။ ပေါလု |
| | ၁၀။ ကနဦးခရစ်ယာန်များ | ၁၀။ ပေါလု | ၁၀။ ပေါလု |
| | ၁၁။ ပေါလု | ၁၁။ ပေါလု | ၁၁။ ပေါလု |
| | ၁၂။ ခရစ္စမတ်ပုံပြင် | ၁၂။ ခရစ္စမတ်ပုံပြင် | ၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ခ) | ၁။ ခရစ်တော်၏ကနဦးအသက်တာ | ၁။ ပုံဥပမာ | ၁။ ပုံဥပမာ |
| | ၂။ အံ့ဖွယ်နမိတ်လက္ခဏာ | ၂။ အံ့ဖွယ်နမိတ်လက္ခဏာ | ၂။ အံ့ဖွယ်နမိတ်လက္ခဏာ |
| | ၃။ ဗေသနီ | ၃။ ဗေသနီ | ၃။ ဗေသနီ |
| | ၄။ လက်ဝါးကပ်တိုင် | ၄။ လက်ဝါးကပ်တိုင် | ၄။ လက်ဝါးကပ်တိုင် |
| | ၅။ ပုံဥပမာ | ၅။ ကနဦးခရစ်ယာန် | ၅။ ကနဦးခရစ်ယာန် |
| | ၆။ ယောသပ် | ၆။ ယောသပ် | ၆။ ယာကုပ်နှင့်မိသားစု |
| | ၇။ ယောသပ် | ၇။ ယောသပ် | ၇။ ယောသပ် |
| | ၈။ ယေရှုတွေ့ဆုံသောသူများ | ၈။ သတင်းကောင်းရေးသူများ | ၈။ တမန် ၂း၄၂ ဦးဆောင်သည့်နည်းလမ်း |
| | ၉။ မောရှေ | ၉။ မောရှေ | ၉။ မောရှေ |
| | ၁၀။ မောရှေ | ၁၀။ မောရှေ | ၁၀။ မောရှေ |
| | ၁၁။ မောရှေ | ၁၁။ မောရှေ | ၁၁။ ပညတ်တော် |
| | ၁၂။ ခရစ္စမတ်ပုံပြင် | ၁၂။ ခရစ္စမတ်ပုံပြင် | ၁၂။ ခရစ္စမတ်ပုံပြင် |
| အတွဲ (ဂ) | ၁။ ဒံယေလ | ၁။ ဒံယေလ | ၁။ ဒံယေလ |
| | ၂။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ | ၂။ယေရှုနှင့်တွေ့ဆုံသူများ | ၂။ ယေရှု၏စကားတော်များ |
| | ၃။ ယေရှုတွေ့ဆုံသောသူများ | ၃။ ပို၍များသော အံ့ဖွယ်နမိတ်လက္ခဏာ | ၃။ ဘုရားသခင်၏ တန်ခိုးတော် |
| | ၄။ ခရစ်တော်၏သေခြင်း | ၄။ ခရစ်တော်၏သေခြင်း | ၄။ ခရစ်တော်၏သေခြင်း |
| | ၅။ ရုသနှင့် ရှမွေလ | ၅။ ရုသ | ၅။ ရုသ |
| | ၆။ ဒါဝိဒ် | ၆။ ရှမွေလ | ၆။ ရှမွေလ |
| | ၇။ ဒါဝိဒ် | ၇။ ဒါဝိဒ် | ၇။ ဒါဝိဒ် |
| | ၈။ ယောရှု | ၈။ ယောရှု | ၈။ ယောရှု |
| | ၉။ ဧလိယ | ၉။ ဧလိယ | ၉။ ဧလိယ |
| | ၁၀။ ဧလိရှဲ | ၁၀။ ဧလိရှဲ | ၁၀။ ဧလိရှဲ |
| | ၁၁။ ယောန | ၁၁။ ဓမ္မဟောင်းကာလ ဘုရားသခင်အသုံးပြုသူများ | ၁၁။ ဓမ္မဟောင်းဇာတ်ကောင်များ |
| | ၁၂။ ခရစ္စမတ်ပုံပြင် | ၁၂။ ခရစ္စမတ်ပုံပြင် | ၁၂။ ခရစ္စမတ်ပုံပြင် |

| | ၁၇ - အဆင့် ၃<br>သင်ခန်းစာ ၁ - ယောသပ်၏ အသက်တာ<br>ခေါင်းစဉ် - အဲဂုတ္တု၌ သူလျှိုများ | ၁၇ - အဆင့် ၄<br>သင်ခန်းစာ ၁ - ယောသပ်၏ အသက်တာ<br>ခေါင်းစဉ် - သူ၏ ဆယ်ကျော်သက်ဘဝ စမ်းသက်စစ်ဆေးခံရခြင်း |
|---|---|---|
| | **ကျမ်းညွှန်း၊** *ကမ္ဘာဦး ၄၁း ၄၆-၅၇ နှင့် ၄၂း ၁-၂၆*<br>**အဓိကသော့ချက်ကျမ်း** *တောလည်ရာ ၃၂း ၂၃*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကျွန်ုပ်တို့သည် အပြစ်ကို မကျူးလွန်ဘဲ ထိုအပြစ်မှ ရှောင်ပြေးရမည် ဖြစ်သည်။<br>၂။ ကျွန်ုပ်တို့သည် ခွင့်လွှတ်ခြင်းကျေးဇူးတရားကို လက်မခံမီ ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပေးပိုင်သောသူမှာ သခင်ယေရှုတပါးတည်းသာ ဖြစ်ကြောင်း သိနားလည်ထားရမည်။ | **ကျမ်းညွှန်း၊** *ကမ္ဘာဦး ၃၉း ၁-၂၃ နှင့် ၄၀း ၁-၂၃*<br>**အဓိကသော့ချက်ကျမ်း** *ကမ္ဘာဦး ၃၉း ၂၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယောသပ်သည် အပြစ်သွေးဆောင်ရာထဲသို့ မကျဆင်းခဲ့ပေ။<br>၂။ ယောသပ်သည် ကျွန်ခံရစဉ်၊ အပြစ်သွေးဆောင်ခြင်းခံရစဉ်၊ ထောင်တွင်အကျဉ်းခံရစဉ်၊ ထိုကာလများတွင် ဘုရားသခင်သည် ယောသပ်နှင့်အတူ ပါရှိတော်မူခဲ့သည်။ ယောသပ်သည် ထာဝရဘုရားထံ နာခံပြီး ယုံကြည်ကိုးစား ခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | အဲဂုတ္တုလူတို့သည် အစားအစာအတွက် မိမိတို့စိုက်ပျိုးသည့် ကောက်ပဲသီးနှံများကိုသာ အားကိုးနေကြရသည့်အတွက် ခုနှစ်နှစ်အစာခေါင်းပါးခြင်း ဖြစ်မည်ဆိုပါက ထိုအခြေအနေသည် သူတို့အတွက် အလွန်ခက်ခဲသည့် အခြေအနေပင် ဖြစ်သည်။ ထိုခေတ်ကာလတွင် ဆန်းစပါးသည့် အလွန်တန်ဖိုးကြီးသောအရာဖြစ်သည်။ အစားအစာ အမျိုးမျိုး ပြုလုပ်စားသောက်ခြင်းတွင် အသုံးပြုပြီး၊ ကြာရှည်သိမ်းဆည်းထားနိုင်သည်။ ငွေကြေးအဖြစ်လဲ သုံးစွဲကြသည်။ အစာခေါင်းပါးခြင်း ဖြစ်ပေါ်လာပါက အဲဂုတ္တုပြည်တွင် နိုင်မြစ် ရှိသည့်အတွက် ထိုပြည်သည် အခြားအိမ်နီးချင်း တိုင်းပြည်များထက်သာ၍ အနည်းငယ် သက်သာမည်ဖြစ်ကြောင်း ကျောင်းသားများကို ရှင်းပြပါ။ | ပေါတိဖါသည် ဖါရောမင်း၏ နန်းတော်တွင် အရာရှိ အမတ်တစ်ဦး ဖြစ်သည်။ မိဒျန်ကုန်သည်များသည် ယောသပ်အား ပေါတိဖါ၏ အိမ်တွင် ကျွန်အဖြစ် ရောင်းစားလိုက်ကြသည်။ ပေါတိဖါသည် ယောသပ်အား ကျွန်အဖြစ် ဝယ်ယူလက်ခံခဲ့ခြင်းသည် သူ့အတွက် မှန်ကန်သည့် ဆုံးဖြတ်ချက်ပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယောသပ်သည် ပါရမီရှင် လူငယ်တစ်ဦး ဖြစ်သောကြောင့် ဖြစ်သည်။ ပေါတိဖါ၏ မယားသည် ယောသပ်အပေါ် မတရားအပြစ်ပြုပြီး ယောသပ်အား ထောင်ထဲသို့ ပို့လိုက်သည်။ ယောသပ်သည် ထောင်အတွင်းရှိနေစဉ် အိမ်မက်များ စတင်လာပါတော့သည်။ ယောသပ်ကလည်း "အိပ်မက်အနက်များကို ဘုရားသခင်ဆိုင်တော်မူသည်မဟုတ်လော့။" (က၊၄၀း၈) ဟု ဆိုရာတွင် လူတိုင်း ဘုရားသခင်ထံ မျက်မှောက်ပြုရန် ယောသပ်ဦးတည်ဖော်ပြခဲ့သည်။ သူ၏ ကောင်းမွန်တက်ကျွမ်းခြင်းကို ဖော်ပြခြင်းထက် ဘုရားသခင်၏ တန်ခိုးတော်ကို သက်သေခံ ဖော်ပြခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ နောက်ဆုံး၌အစာခေါင်းပါသည့်နှစ် ခုနှစ်နှစ် ရောက်ရှိလာခဲ့သည်။ ***(အငယ် ၅၄)*** အစားအစာ လိုအပ်သောသူများအတွက် ဖြည့်ဆည်းပေးနိုင်သောသူမှာ ယောသပ် တစ်ဦးတည်းပင် ဖြစ်သည်။ ***(အငယ်၊ ၅၅)*** ဖါရောမင်း၏ ဆန်စပါးသိုလှောင်သည့် ရုံတွင် အစားအစာများ အပြည့်ရှိနေသည်။<br>၂။ အစာခေါင်းပါခြင်း ဖြစ်သည့်အတွက် ယောသပ်၏အစ်ကိုများသည် အစားအစာများ ဝယ်ယူရန်အတွက် အဲဂုတ္တုပြည်သို့ လာရောက်ကြရသည်။ *(၄၂း ၁-၃)*<br>၃။ ယောသပ်သည် အစ်ကိုများအား မှတ်မိသော်လည်း အစ်ကိုများသည် ယောသပ်အား မမှတ်မိကြပေ။ *(၄၂း ၇)* ယောသပ်သည် သူတို့အား ထောင်ထဲတွင် သုံးရက် အကျဉ်းချထားလေသည်။<br>၄။ အစ်ကိုများသည် သူ့အပေါ် မည်မျှ အပြစ်ကျူးလွန်ခဲ့ကြသည်ကို မှတ်မိသတိရစေရန်အတွက် ယောသပ်သည် ဤနည်းလမ်းဖြင့် အစ်ကိုများကို ဆက်ဆံခဲ့သည်။ *(၄၂း ၂၁)* သို့မှသာ သူသည် အစ်ကိုများအား ခွင့်လွှတ်ပေးလိမ့်မည် ဖြစ်သည်။<br>၅။ သူတို့၏ မှတ်ညဏ်နှင့် အသိစိတ်များအတွင်းတွင် သူတို့၏အပြစ်များကို ပြန်၍မှတ်မိသတိရကြသည်။ ယောသပ်အပေါ် မိမိတို့ ကျူးလွန်ခဲ့သည့် အပြစ်ကြောင့် မိမိတို့သည် ယခုပြန်လည်ခံစားရကြောင်းကို နားလည်သဘောပေါက်ခဲ့သည်။<br>၆။ ယောသပ်သည် သူတို့အား အပြစ်ဒဏ်ပေးမည့်အစား ငိုကြွေးခဲ့သည်။ ***(အငယ်၊ ၂၄)*** ထို့နောက် သူတို့၏ဖခင်ကြီး ယာကုပ်ထံ ပြန်သွားသည့်အခါ သူတို့လိုအပ်သည့် အစားအစာများ ထည့်ပေးလိုက်သည်။ သို့သော် ညီအစ်ကိုထဲမှ ရှိမောင်အား ထောင်တွင် အကျဉ်းချထားစေခဲ့ပြီး၊ ညီအငယ်ဆုံး ဗယ်ာမိန်အား အဲဂုတ္တုပြည်သို့ ခေါ်ဆောင်လာရန် မှာလိုက်လေသည်။<br>၇။ အစ်ကိုများသည် မိမိတို့ တွေ့ကြုံသည့် အမှုအရာများ နှင့် ဗယ်ာမိန်အား အဲဂုတ္တုပြည်သို့ ခေါ်ဆောင်သွားရန် လိုအပ်သည့်အကြောင်းများကို ဖခင်ကြီးထံ ပြောပြကြသည့်အခါ ယာကုပ်သည် လွန်စွာ ဝမ်းနည်းခဲ့ရသည်။ မိမိသည် ဗယ်ာမိန်အား အဲဂုတ္တုသို့ လုံးဝစေလွှတ်လိမ့်မည် မဟုတ်ကြောင်းလဲ ပြောခဲ့သည်။ *(၄၂း၃၈)*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ယောသပ်၏ အစ်ကိုများ အဲဂုတ္တုပြည်သို့ သွားကြသည်။ (ဏ) | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယောသပ်သည် အဲဂုတ္တုပြည်တွင် ကျွန်အဖြစ် နေထိုင်ရသည့်အခြေအနေတွင် အကောင်းဆုံး အစေခံခဲ့သည်။ မကြာမီအချိန်အတွင်းတွင် ကိုယ်ရံတော်မှူး ပေါတိဖါအားကိုးရသည့် သူတစ်ဦး ဖြစ်လာခဲ့သည်။ *(၃၉း ၂)*<br>၂။ ပေါတိဖါ၏ မယားသည် ယောသပ်အပေါ် မတရားအပြစ်ပြုပြီး ယောသပ်အား ထောင်ထဲသို့ ပို့လိုက်သည်။ *(၃၉း၁၁-၂၀)* မည်သို့ပင်ဆိုစေကာမူ ယောသပ်သည် ငယ်ရွယ်ပြီး ရိုးသားဖြောင့်မတ်သူ ဖြစ်သည်။ သူသည် ဘုရားသခင်အား ဆက်လက်အားကိုးပြီး မှီခိုနေဆဲ ဖြစ်သည်။ မည်သို့သော် အခြေအနေတွင် ဖြစ်စေကာမူ သူသည် ဘုရားသခင်အပေါ် အားကိုးမှီခိုသည့်အတွက်ကြောင့် ဘုရားသခင်သည် သူ့အတွက် အရာအားလုံး ပြင်ဆင်ပေးခဲ့သည်။ ယောသပ်သည် ထောင်ထဲတွင် အုပ်ချုပ်ရေးမှူးဖြစ်ခဲ့ရသည်။ *(၃၉း ၂၁-၂၃)*<br>၃။ ထောင်ထဲတွင် အတူထောင်ကျနေသည့် ထောင်သားနှစ်ဦး မတူညီသည့် အိမ်မက်နှစ်ခုကို မြင်မက်ခဲ့ကြသည်။ ယောသပ်သည် ထိုအိပ်မက်များကို အနက်အဓိပ္ပာယ်ဖွင့်ပြီး ပြောပြနိုင်ခဲ့သည်။ *(၄၀း၈)*<br>၄။ ဖလားတော်ဝန်၏ အိပ်မက်အဓိပ္ပာယ်မှာ သူသည် ထောင်မှ လွတ်၍ မိမိ၏မူလအလုပ်ကို ပြန်လုပ်ရမည် ဟူ၍ ဖြစ်သည်။ စားတော်ဝန်၏ အိပ်မက်အဓိပ္ပာယ်မှာ သူသည် အပြစ်ပေးခံရပြီး သေမည်ဟူ၍ ဖြစ်သည်။<br>၅။ ယောသပ်သည် ဖလားတော်ဝန်အား ထောင်မှ လွတ်မြောက်သွားသည့်အခါ မိမိအား သတိရရန် နှင့် ဖါရောမင်းထံ အကူအညီ တောင်းခံပေးရန် မှာလိုက်လေသည်။ သို့သော် ဖလားတော်ဝန်သည် ယောသပ်အား မေ့လျော့နေခဲ့သည်။ *(၄၀း၁၄၊၂၃)*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ဖလားတော်ဝန် နှင့် စားတော်ဝန် (ဏ) |
| ပြန်လှန်လေ့ကျင့်ပါ | အဓိကသော့ချက်ကျမ်းသည် ဤသင်ခန်းစာအား မည်သို့ အကျဉ်းချုံးဖော်ပြထားကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ | အဓိကသော့ချက်ကျမ်းသည် ဤသင်ခန်းစာရှိ ယောသပ်၏ အသက်တာအား မည်သို့ အကျဉ်းချုံး ဖော်ပြထားကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။<br>၁။ ဖါရောအိမ်၌ယောသပ်၏ အသက်တာ နှင့်<br>၂။ ထောင်ထဲ၌ယောသပ်၏ အသက်တာ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သခင်ယေရှု၏ ခွင့်လွှတ်ခြင်းကို ခံစားရရန်အတွက် ကျွန်ုပ်တို့၏အပြစ်မှ နောင်တရပြီး သခင်ယေရှုထံ ပြန်လှည့်လာရန် အလွန်အရေးကြီးပါသည်။<br>၂။ ''***ကိုယ့်အပြစ်တို့ကို ဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၄င်း၊ ဖြောင့်မတ်ခြင်း တရားနှင့်၄င်း ပြည့်စုံတော်မူ၏။" ၁ယော၊ ၁း၉၏*** အရေးပါမှုကို နားလည်ရန်အရေးကြီးပါသည်။<br>၃။ သင်ခန်းစာထဲရှိ ကယ်တင်ခြင်း က၊ ခ၊ ဂ၊ များကို မှတ်သားပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်သည် အပြစ်သွေးဆောင်ခြင်းနောက်သို့ မလိုက်ပါမိစေရန် လိုအပ်သည်။ သို့သော် ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာတွင် အပြစ်သွေးဆောင်ခြင်းအား အနိုင်ယူနိုင်ရန် သခင်ဘုရားထံ တောင်းခံရမည် ဖြစ်သည်။<br>၂။ သခင်ဘုရားအတွက် ထိရောက်အောင်မြင်သော သက်သေခံခြင်း၏ လျှို့ဝှက်ချက်မှာ ခရစ်တော်၏အကြောင်း ဝေငှသင့်သည့် အခြေအနေနှင့်နေရာကို ကောင်းစွာသိနားလည်ခြင်း၊ နှင့် အခြားသူ၏ အတွေ့အကြုံနှင့် စပ်ဆက်ပြီး ကယ်တင်ရှင်အကြောင်း ကြိုးစားသက်သေခံခြင်းပင် ဖြစ်သည်။<br>၃။ ပေးထားသည့်ကျမ်းညွှန်းများအား ဖတ်ပါ။ ***(ဧ၊ ၆း၁၃-၁၇၊ ယာ၊ ၁း၁၂-၁၈)*** ကျွန်ုပ်တို့၏အသက်တာတွင် စုံစမ်းသွေးဆောင်ခြင်းအား အနိုင်ယူနိုင်သည့် နည်းလမ်းများကို စဉ်းစားပါ။ |

| | ၁၇ - အဆင့် ၃<br>သင်ခန်းစာ ၂ - ယောသပ်၏အသက်တာ<br>ခေါင်းစဉ် - ဗယ်ာမိန် နှင့် သတင်းဆိုး | ၁၇ - အဆင့် ၄<br>သင်ခန်းစာ ၂ - ယောသပ်၏ အသက်တာ<br>ခေါင်းစဉ် - နန်းတော်၌ ရာထူးတိုးမြင့်ကြောင်း ကြေညာခြင်း |
|---|---|---|
| | **ကျမ်းညွှန်း၊** *ကမ္ဘာဦး ၄၂း ၃၅-၃၈၊ ၄၃း ၁၁-၁၄၊ ၂၄-၃၁၊ ၄၄း ၁-၁၇*<br>**အဓိကသော့ချက်ကျမ်း** *ဖေဖက် ၄း ၃၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယောသပ်အား ရောင်းစားရန် အကြံပေးခဲ့သည့် ယုဒသည် ယခုတွင် ဗယ်ာမိန်ကိုယ်စား အစေခံရန် မိမိကိုယ်ကို အပ်နှံခဲ့သည်။ *(၄၄း၃၃)*<br>၂။ ဘုရားသခင်သည် ခိုင်မာသည့် နှလုံးသားများအား နူးညံ့သည့် နှလုံးသားများအဖြစ် ပြောင်းလဲပေးနိုင်သည်။ | **ကျမ်းညွှန်း၊** *ကမ္ဘာဦး ၄၁း ၁-၄၅*<br>**အဓိကသော့ချက်ကျမ်း** *ကမ္ဘာဦး ၄၁း ၃၈*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယောသပ်သည် "ဘုရားသခင်၏ ဝိညာဉ်တော်ကို ရသောသူ" *(၄၁း၃၈)* ဖြစ်ကြောင်း ဖါရောမင်း သိနားလည်ခဲ့သည်။ ထို့ကြောင့် သင်သည် ဘုရားသားသမီးပီသစွာ ကောင်းစွာပြုမူခြင်း၊ အသက်ရှင်နေထိုင်ခြင်းများအားဖြင့် သင်အားတွေ့မြင်သောသူတို့သည် ဘုရားသခင်၏ ဘုန်းတော်ကို မြင်တွေ့နိုင်ကြမည် ဖြစ်သည်။<br>၂။ ယောသပ်သည် လျှင်မြန်စွာပင် ထိပ်ဆုံးသို့ ရောက်ရှိသွားခဲ့သည်။ ကျွန်ဘဝမှ အဲဂုတ္တုပြည်၏ ဘုရင်ခံဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့သည် မည်သို့သော် အခြေအနေနှင့် ရင်ဆိုင်ကြုံတွေ့ရပါစေ ထိုအရာများသည် ကျွန်ုပ်တို့ အသက်တာအတွက် ဘုရားသခင် သွန်သင်ပေးသည့် သင်ခန်းစာများ ဖြစ်ကြောင်း ကျွန်ုပ်တို့နားလည်ထားကြရမည် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ယောသပ်အစ်ကိုများ၏ အပြစ်သည် သူတို့အသက်တာ၌ စိတ်သောက ရောက်စေသည်သာမက ဖခင်ယာကုပ်ကြီး၏ နှလုံးသားကိုပါ ကြေမွစေခဲ့သည့်အကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ အပြစ်တရားသည် ကျွန်ုပ်တို့၏ အသက်တာနှင့် ကျွန်ုပ်တို့၏ မိသားစု၊ သူငယ်ခြင်းများ အသက်တာတွင် မည်မျှ ဆိုးကျိုး သက်ရောက်စေကြောင်း ရှင်းပြပါ။ | ဖါရောမင်းသည် လူကိုစေလွှတ်၍ ယောသပ်အား ရှေ့တော်သို့ သွင်းစေခဲ့သည်။ ဘုရားသခင်သည် ယောသပ်အား ဖါရောမင်း၏ အိပ်မက်အနက်ကို ဖွင့်ပြနိုင်သည့် ညဏ်ပညာကို ပေးတော်မူသည်။ ဖါရောမင်းသည်လည်း အလွန်အားရကျေနပ်သည့်အတွက် ယောသပ်အား ဘုရင်ခံရာထူးကို ချီးမြှင့်ခဲ့သည်။ *(၄၁း၄၁)* ယောသပ်သည် ခက်ခဲသည့်အခြေအနေများတွင် ဘုရားသခင်အပေါ် သစ္စာရှိသည့်အတွက် (သင်ခန်းစာ၊၁) ဘုရားသခင်သည် သူ့အပေါ် သစ္စာရှိစွာ စောင့်ရှောက်တော်မူခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ အစာခေါင်းပါးခြင်းသည် ဆက်လက်ဖြစ်နေသောကြောင့် ယောသပ်၏ အစ်ကိုများသည် အစားအစာဝယ်ယူရန်အတွက် အဲဂုတ္တုသို့ တဖန် ပြန်လာခဲ့ကြသည်။ ယာကုပ်သည် ခက်ခက်ခဲခဲနှင့် ဗယ်ာမိန်အား အစ်ကိုများနှင့်အတူ စေလွှတ်ခဲ့သည်။ *(၄၃း၁၁)* ယောသပ် တစ်ဦးတည်းသာ သူတို့၏ စိတ်သောကကို သိမြင်ပြီး၊ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သောသူ ဖြစ်သည်။<br>၂။ ယောသပ်သည် ညီအစ်ကိုတို့အား မိမိ၏အိမ်တွင် အစာစားရန် ဖိတ်ခေါ်ခဲ့သည်။ ထိုအချိန်ထိတိုင်အောင် အစ်ကိုများသည် သူ့အား မမှတ်မိကြသေပေ။ *(၄၃း၁၆)*<br>၃။ ကြောက်ရွံ့နေသောအစ်ကိုများသည် ယောသပ်၏အိမ်တွင် ပြင်ဆင်ပေးထားသည့် စားပွဲအတွက် ပျော်ရွှင်နေကြသည်။ ယောသပ်သည် သူ၏ညီအရင်းဗယ်ာမိန်ကို မြင်သည့်အခါ ငိုခဲ့သည်။ *(၄၃း၃၀)*<br>၄။ ဗယ်ာမိန်သည် သူ၏ ငွေဖလားအား ခိုးယူသွားသည့်အတွက် အပြစ်ပေးခံရမည်ဟု စွဲဆိုပြောဆိုနိုင်ရန် သူ၏ငွေဖလာအား ဗယ်ာမိန်၏ အိတ်အတွင်းတွင် ဝှက်ထားရန် ယောသပ်သည် သူ၏အစေခံများအား မှာကြားခဲ့သည်။ *(၄၄း၁၇)*<br>၅။ အကယ်၍ အစ်ကိုများသည် သူတို့၏အပြစ်များကို နောင်တရပြီး ပြုပြင်ရန် အဆင်သင့်ဖြစ်လျှင် ယောသပ်သည် အစ်ကိုများအား ခွင့်လွှတ်ပေးလိုသည့်အတွက် အချိန်တိုင်း သူ၏အစ်ကိုများကို စမ်းသပ်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ယောသပ်၏ အစ်ကိုများ အဲဂုတ္တုပြည်သို့ ပြန်လာခဲ့ကြသည်။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဗေဒင်အတတ်ပညာရှိများတို့သည် ဖါရောမင်း၏ အိပ်မက်အနက်ကို ဖွင့်ပြနိုင်သောသူ မရှိကြပေ။ သို့သော် ဘုရားသခင်သည် ထိုအိပ်မက်များ၏ အနက်ကို ယောသပ်ထံ ဖွင့်ပြခဲ့သည်။ *(၄၁း၈)*<br>၂။ ဘုရားသခင်ထံမှလာသည့် ညဏ်ပညာအားဖြင့် ယောသပ်သည် ဖါရောမင်း၏ အိပ်မက်အနက်ကို ဖွင့်ပြနိုင်ခဲ့ပြီး၊ သူသည် ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမြောက်ခဲ့သည်။ *(၄၁း၁၆)*<br>၃။ အစာခေါင်းပါးသည့် ခုနှစ်နှစ်ကာလတွင် အဂုတ္တုပြည်တွင်နေထိုင်သည့် ပြည်သူများနှင့် ရပ်ဝေးတွင်နေထိုင်သည့် သူ၏မိသားစုများ အစာခေါင်းပါးသည့်ဘေးမှ ကယ်တင်နိုင်ရန်အတွက် ယောသပ်သည် ဖါရောမင်းထံ ကြိုတင်ပြင်ဆင်ထားရမည့် အကြံကောင်းများပေးခဲ့သည်။ *(၄၁း၃၃-၃၆)*<br>၄။ ယောသပ်သည် အဲဂုတ္တုပြည်အား အုပ်ချုပ်သည့် ပြည်အုပ်ရာထူးကို ချီးမြောက်ခြင်း ခံခဲ့ရသည်။ သူသည် မည်မျှကြီးမြတ်သည့်သူဖြစ်ကြောင်း ဖော်ပြရန် သူ့အား နာမည်အသစ်ပေး၍ ယဇ်ပရောဟိတ် ပေါတိဖေရ၏သမီး အာသနတ်နှင့် စုံဘက်စေခဲ့သည်။ *(၄၁း ၄၁-၄၅)*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ယောသပ်သည် ဖာရောမင်း၏အိပ်မက်ကို အနက်ပြန်ဆိုခဲ့သည်။ |
| ပြန်လှန်လေ့ကျင့်ပါ | ကျောင်းသားများထံ ရှင်းပြပါ။<br>၁။ ကျွန်ုပ်တို့၏အသက်တာတွင် နောင်တရခြင်းမရှိလျှင် ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် လိုအပ်ချက်ရှိနေမည် ဖြစ်သည်။ ခွင့်လွှတ်ခြင်း ခံစားရရန်အတွက် "ဝိညာဉ်ရေးရာယောသပ်" ဖြစ်သည့် သခင်ယေရှုဘုရားထံသို့ လာရောက်ဝန်ချတောင်းပန်ရမည် ဖြစ်သည်။<br>၂။ အပြစ်ခွင့်လွှတ်ခြင်း ခံစားရရှိပြီးသောသူများအတွက် ကောင်းကြီးမင်္ဂလာပွဲတော်ကြီးသည် ကြိုဆိုလျက်ရှိသည်။ အထူးသဖြင့် ကောင်းကင်နိုင်ငံတွင် ကျင်းပမည့် ပွဲတော်ကြီးမှ ကြိုဆိုလျှက်ရှိသည်။ | ကျောင်းသားများအား မေးခွန်းမေးပါ။ (၁) အိပ်မက် (၂) ထိုအိပ်မက်၏ အဓိပ္ပာယ် နှင့် (၃) ယောသပ်ဆက်ခံရသည့် ရာထူး။ ထိုမေးခွန်းများအား ဖြေဆိုရာတွင် အကူအညီပေးရန်အတွက် သင်ခန်းစာ ၂ တွင် တိတိကျကျ ဖော်ပြထားသည်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အပြစ်တရားသည် စိတ်သောကရောက်စေကြောင်း စဉ်းစားဆင်ခြင်ပါ။<br>၂။ ကျွန်ုပ်တို့သည် မိမိတို့၏ အပြစ်များကို နောင်တရပြီး ဝန်ချတောင်းပန်လျှင် သခင်ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များအား ခွင့်လွှတ်ပေးရန် အဆင်သင့်ဖြစ်နေပါသည်။<br>၃။ ကျွန်ုပ်တို့သည် သခင်ယေရှု၏ ခွင့်လွှတ်ပေးခြင်းကို ခံစားရသည့်အချိန်တွင် ကျွန်ုပ်တို့အား ပြစ်မှားသောသူများ၏ အပြစ်များကိုလည်း ခွင့်လွှတ်ပေးရမည် ဖြစ်သည်။ *(ဧဖက်၊၄း၃၂)* | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယောသပ်သည် ဘုရားသခင်နှင့် မှန်ကန်သည့် မိတ်သဟာရရှိသည့်အတွက် ယခုတွင် အရာအားလုံးသည် သူ့အတွက် အဆင်ပြေနေလေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ယောသပ်၏ အသက်တာမှ သင်ယူရမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်များ ဖြစ်ကြလျှင် ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်း အားဖြင့် ဘုရားသခင်အလိုတော်ရှိသောအရာကို သင်ယူရမည် ဖြစ်သည်။ သို့မှသာ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာများကို လမ်းပြပို့ဆောင်ပေးမည် ဖြစ်သည်။<br>၂။ ယောသပ်သည် ဘုရားသခင်၏ဘုန်းတော်ကို ချီးမြောက်ရန် အမြဲအလေးထားသူ ဖြစ်သည်။ ကျွန်ုပ်တို့သည်လည်း ယောသပ်ကဲ့သို့ပင် ဘုရားသခင်၏ ဘုန်းထင်ရှားစေရန် အလေးထားရမည် ဖြစ်သည်။ မိမိကိုယ်ကို ချီးမြောက်ခြင်းသည် ဘုရားသခင်၏ ထိုက်တန်ခြင်းကို ခိုးယူသောသူ ဖြစ်သည်။<br>၃။ အောက်ပါပေးထားသည့် ကျမ်းညွှန်းများကို ဖတ်ပါ။ ယောသပ်သေဆုံးပြီး နှစ်ပေါင်းများစွာ ကြာသည့်တိုင်အောင် ဒါဝိဒ် နှင့် ရှင်ပေါလု တို့သည် ယောသပ်၏အကြောင်းကို မည်သို့ပြောထားကြောင်း ရှာဖွေပါ။ ဤကျမ်းညွှန်းမှ ဖော်ပြချက်ကို ကျွန်ုပ်တို့အသက်တာတွင် လိုက်နာကျင့်သုံးပါ။ ***ဆာလံ၊၁၀၅း၁၆-၂၂ နှင့် တမန်၊၇း၉-၁၀*** |

| | ၁၇ - အဆင့် ၃<br>သင်ခန်းစာ ၃ - ယောသပ်၏အသက်တာ<br>ခေါင်းစဉ် - ခွင့်လွှတ်ခြင်း နှင့် သတင်းကောင်း | ၁၇ - အဆင့် ၄<br>သင်ခန်းစာ ၃ - ယောသပ်၏အသက်တာ<br>ခေါင်းစဉ် - သူ၏ ဂရုစိုက် ဦးဆောင်မှု |
|---|---|---|
| | **ကျမ်းညွှန်း၊** *ကမ္ဘာဦး ၄၄း ၁၈-၃၄၊ ၄၅း ၁-၁၄၊ ၂၅-၂၅*<br>**အဓိကသော့ချက်ကျမ်း** *ကမ္ဘာဦး ၄၅း၉*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ အစ်ကိုများသည် ယောသပ်အား ရှင်းပစ်ရန် ကြိုးစားကြသော်လည်း သူတို့၏အသက်နှင့် အဲဂုတ္တုပြည်သူများကို ကယ်တင်ရန်အတွက် ဘုရားသခင်သည် သူတို့၏ မကောင်းသော အပြုအမူကို အသုံးပြုခဲ့ပြီး၊ ကြွသရေလလူမျိုးစတင်ရန် လမ်းစဉ်အား ပြင်ဆင်ပေးခဲ့သည်။<br>၂။ ယောသပ်သည် ငြင်းပယ်ခြင်း ခံခဲ့ရသော်လည်း နောက်ဆုံးတွင် အစ်ကိုများကို ခွင့်လွှတ်ပေးခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား မည်မျှပင် ငြင်းပယ်သော်လည်း ဘုရားသခင်သည် ကျွန်ုပ်တို့အား ခွင့်လွှတ်ပေးပြီး ကောင်းကြီးပေးတော်မူကြောင်း ယောသပ်၏ အသက်တာအားဖြင့် ကျွန်ုပ်တို့အား ဖော်ပြပေးနေသည်။ | **ကျမ်းညွှန်း၊** *ကမ္ဘာဦး ၄၂ နှင့် ၄၃၊*<br>**အဓိကသော့ချက်ကျမ်း** *ရောမ ၁၄း ၁၁-၁၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယောသပ်၏ အစ်ကိုများသည် ခွင့်လွှတ်ခြင်း မခံစားမီ မိမိတို့၏ အပြစ်များကို ဖော်ပြပြီး ဝန်ချရမည် ဖြစ်သည်။<br>၂။ အစ်ကိုများသည် ယောသပ်၏ရှေ့မှောက်တွင် အပြစ်အတွက် ဒူးထောက်ဝန်ခံသကဲ့သို့ တစ်နေ့ ကျွန်ုပ်တို့သည်လည်း သခင်ယေရှုဘုရား ရှေ့မှောက်တွင် ယေရှုသည် ဘုရားသခင်ဖြစ်ကြောင်း ဝန်ခံကြရမည် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ယောသပ်သည် အစ်ကိုများ၌စစ်မှန်သော နောင်တကို တွေ့မြင်သည့်အခါ မိမိသည် မည်သူဖြစ်ကြောင်း အစ်ကိုများထံ ပြောပြခဲ့သည်။ ***"ကျွန်ုပ်သည် ယောသပ်ဖြစ်ပါ၏" (က၊၄၅း၄)*** ကျွန်ုပ်တို့၏ သခင်ယေရှုဘုရားသည် 'ကောင်းကင်ယောသပ်' ဖြစ်ကြောင်း ဖော်ပြသည့် အောက်ပါ ကျမ်းညွှန်းများကို ကျောင်းသားများနှင့်အတူ ဆွေးနွေးပါ။ ***ယော၊၆း၃၅ - အသက်မုန့် ၊ ယော၊၈း၁၂ - လောက၏အလင်း ၊ ယော၊ ၁၀း၇ တံခါး၀ ၊ ယော၊ ၁၀း၁၁ ကောင်းသောသိုးထိန်း ၊ ယော၊ ၁၁း၂၅ - အသက်ရှင်ခြင်း နှင့် ထမြောက်ခြင်း ၊ ယော၊ ၁၄း၆ -လမ်းခရီး ၊ ယော၊ ၁၅း စပျစ်နွယ်ပင်။*** | အစ်ကိုများသည် ယောသပ်အား ငွေနှစ်ဆယ်နှင့် မိဒျန်ကုန်သည်များထံ ရောင်းစားခဲ့ပြီး နှစ်ပေါင်း နှစ်ဆယ်ကြာသည့်အခါတွင် ယောသပ်သည် အစ်ကိုများနှင့် ပြန်လည်တွေ့ဆုံခဲ့သည်။ အစ်ကိုများသည် လွန်ခဲ့သည့်နှစ်များစွာက ကဲ့သို့ပင် ဆိုးညစ်သည့်အကျင့်ကို ကျင့်နေဆဲလား။ သို့မဟုတ် သူတို့၏အသက်တာများ ပြောင်းလဲခဲ့ပြီးလား ဟု ယောသပ် တွေဝေနေခဲ့သည်။ သူတို့၏ စိတ်နေသဘောထားအမှန်ကို သိနိုင်ရန်အတွက် ယောသပ်သည် သူတို့အား စမ်းသပ်မှု အချို့ ပြုလုပ်ခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ငွေဖလားသည် ယောသပ်၏ အခွင့်အာဏာကို ပုံဖော်သည့်အရာ ဖြစ်သည်။ ထိုငွေဖလားကို ခိုးလျှင် ကြီးလေးသည့် အပြစ်ဒဏ်ကို ခံရမည် ဖြစ်သည်။ ယခုတွင် ဗင်္ယာမိန်သည် အပြစ်ပေးခံရတော့မည် ဖြစ်သည့်အတွက် အစ်ကိုများ စိုးရိမ်နေကြသည်။ ထို့ကြောင့် ယောသပ်အား မိမိတို့ပြုခဲ့ကြသည့်အတိုင်း မိမိတို့ အသက်တာတွင် ပြန်လည်ခံစားကြရသည်ကို နားလည်းခဲ့ကြသည်။ ယုဒက မိမိသည် ဗင်္ယာမိန်ကိုယ်စား အပြစ်ဒဏ် ခံယူပါမည်ဟု ပြောခဲ့သည်။ *(၄၄း၃၃)*<br>၂။ အစ်ကိုများသည် အပြစ်ဒဏ်ခံရမည့်အစား ခွင့်လွှတ်ခြင်း ခံစားခဲ့ရသည်။ *(၄၅း၅)* ယောသပ်သည် သူတို့၏ အပြစ်ကို ဖော်ပြမည့်အစား ဘုရားသခင်သည် သူ၏ အကြံအစည်ကို မိမိအသက်တာအားဖြင့် မည်သို့ အကောင်အထည်ဖော်ခဲ့ကြောင်း အစ်ကိုများထံ ရှင်းပြခဲ့သည်။<br>၃။ ယောသပ်သည် အသက်ရှင်လျက်ရှိနေသည်ဆိုသည့် သတင်းကောင်းဖြင့် အစ်ကိုများသည် ဖခင်ယာကုပ်ထံ ပြန်လာခဲ့ကြသည်။ ယောသပ်ပေးလိုက်သည့် လက်ဆောင်များကိုလည်း ပြခဲ့ကြသည်။ *(၄၅း ၂၆-၂၇)*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများသင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI ယောသပ်၏အစ်ကိုများ အဲဂုတ္တုသို့ ပြန်လာခဲ့ကြသည်။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယောသပ်၏ အစ်ကိုများသည် သူတို့လိုအပ်သည့် ဆန်စပါးများ ဝယ်ယူရန်အတွက် အဲဂုတ္တုပြည်သို့ လာခဲ့ကြသည်။ သူတို့သည် ခွင့်လွှတ်ခြင်းမခံစားရမီ သူတို့၏ အပြစ်များကို သိမြင်ကြရန်အတွက် ယောသပ်သည် သူတို့အား "ကြမ်းတမ်းစွာ" ဆက်ဆံခဲ့သည်။ *(၄၂း ၆-၇)*<br>၂။ ယောသပ်သည် သူတို့အား ထောင်ထဲတွင် သုံးရက်ချထားလိုက်သည်။ သူတို့ကြုံတွေ့ရသည့် အခြေအနေများကြောင့် ယောသပ်အပေါ် သူတို့ ကျူးလွန်ခဲ့ကြသည့် အပြစ်များကို ပြန်လည်သတိရခဲ့ကြသည်။ ထို့ကြောင်း မိမိတို့သည် မိမိတို့အပြစ်များကြောင့် ဤသို့သော အမှုအရာများနှင့် ကြုံတွေ့ကြရသည်ဟု ဝန်ခံခဲ့ကြသည်။ *(၄၂း ၂၁)*<br>၃။ ယောသပ်သည် အစ်ကိုများအား စည်းကမ်းဖြင့် ဆက်ဆံသော်လည်း သူသည် အစ်ကိုများကို ချစ်၍ မျက်ရည်ကျခဲ့သည့်အကြောင်းကို ***က၊၄၂း ၂၄*** တွင် တွေ့ရသည်။ အစ်ကိုများသည် ခွင့်လွှတ်ခြင်းနှင့် မထိုက်တန်သော်လည်း ယောသပ်သည် သူ၏ချစ်ခြင်းမေတ္တာကို အစ်ကိုများထံ ဖော်ပြခဲ့သည့်အရာကို ကြည့်ခြင်းဖြင့် ဤနေရာတွင် စစ်မှန်သည် ကျေးဇူးတော်ကို ကျွန်ုပ်တို့ တွေ့ရှိရသည်။<br>၄။ အစ်ကိုများသည် ယောသပ်ထံ ဒုတိယအကြိမ် ပြန်သွားကြသည့်အခါ ဗင်္ယာမိန်အား သူတို့နှင့်အတူ ခေါ်ဆောင်သွားခဲ့ကြသည်။ ညီအစ်ကိုတို့သည် ယောသပ်၏ရှေ့တွင် ဦးချ၍ သူ၏ တန်ခိုးကြီးခြင်းကို ဝန်ခံခဲ့ကြသည်။ *(၄၃း၂၆-၂၈)* ဤနေရာတွင် *(က၊၃၇း၇)* ၌ တွေ့ရသည့် ယောသပ်၏ အိပ်မက်မှာ အမှန်တကယ်ပြည့်စုံလာကြောင်း ကျွန်ုပ်တို့ မျက်ဝါးထင်ထင် မြင်တွေ့ရပြီး ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မှုတ်သွင်းတော်မူသည့် ဘုရားစကားဖြစ်ကြောင်း ဤအချက်အားဖြင့် ဖော်ပြနေသည်။<br>၅။ ယောသပ်သည် မိမိညီအရင်း ဖြစ်သည့် ဗင်္ယာမိန်အား တွေ့သည့်အခါ ကြင်နာခြင်းရှိသဖြင့် အခြားသောအခန်းသို့သွား၍ ငိုကြွေးခဲ့သည်။ *(၄၃း၃၀)*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI ယောသပ်၏အစ်ကိုများ အဲဂုတ္တုသို့ ပြန်လာခဲ့ကြသည်။ |
| ပြန်လှန်လေ့ကျင့်ပါ | ဤသင်ခန်းစာအား အဓိကကျမ်းချက်နှင့် စပ်ဆက်၍ ကြည့်ပါ။ ***"ဘုရားသခင်သည် ကျွန်ုပ်ကို အဲဂုတ္တုပြည်လုံး သခင်ဖြစ်စေတော်မူပြီး"*** နှင့် ***"ကျွန်ုပ်ထံသို့လာပါ၊ မဆိုင်းပါနှင့်။"*** ဤစကားစုနှစ်ခုနှင့် ပတ်သက်၍ ယာကုပ်၏ တုန့်ပြန်မှုကို ကျောင်းသားများနှင့်အတူ ဆွေးနွေးပါ။ | ကျောင်းသားများအား အဓိကသော့ချက်ကျမ်းနှစ်ခုကိုသင်ယူစေပါ။<br>ကျောင်းသားများသည် သင်ခန်းစာအားမည်သို့ နားလည်ကြောင်းဆွေးနွေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယောသပ်သည် အဲဂုတ္တုပြည်၌အသက်ရှင်ပြီး တပြည်လုံးကို အုပ်ချုပ်တော်မူသကဲ့သို့ သခင်ယေရှုသည် အရာအားလုံးအပေါ် အုပ်စိုးပိုင်ခွင့်ရှိသူဖြစ်ပြီး ကောင်းကင်၌ အသက်ရှင်တော်မူသောကြောင့် သခင်ယေရှုအား သိရှိရန် အလွန်အရေးကြီးပါသည်။<br>၂။ သခင်ယေရှုအား သိရှိယုံကြည်ခြင်းသည် ကျွန်ုပ်တို့အပြစ်များခွင့်လွှတ်ခြင်း ခံစားရရုံမျှမက သူ့အားယုံကြည်ကိုးစားသည့် အချိန်တွင် ကြွယ်ဝသည့် ကောင်းကြီးမင်္ဂလာများကို ကျွန်ုပ်တို့ ခံစားကြရမည် ဖြစ်သည်။<br>၃။ သခင်ယေရှုသည် သူ၏တပည့်တော်များအား ဆုတောင်းခြင်းအကြောင်း သင်ကြားရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ခွင့်လွှတ်တော်မူသကဲ့သို့ ကျွန်ုပ်တို့သည်လည်း အချင်းချင်း ခွင့်လွှတ်ကြရန် လိုအပ်ကြောင်း ကျောင်းသားများကို တဖန်ရှိုးဆော် တိုက်တွန်းပါ။ *(မ၊၆း၁၂)* | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ***ရောမ၊ ၅း ၂၁*** ၌ဖော်ပြထားသည့် သခင်ယေရှု၏ ကျေးဇူးတော်အကြောင်းကို ကျွန်ုပ်တို့ မည်သို့ သင်ယူရရှိသနည်း။<br>၂။ အစ်ကိုများသည် ယောသပ်အား ဆိုးသွမ်းစွာ ဆက်ဆံခဲ့ကြသော်လည်း ယောသပ်သည် ခွင့်လွှတ်၍ ချစ်ခြင်းမေတ္တာ ပြခဲ့သည်။ ထိုနည်းတူပင် သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် အပြစ်သားများအတွက် အသေခံသည့်အခါတွင် သူ၏ကြီးမားသည့် ချစ်ခြင်းမေတ္တာကို ဖော်ပြခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရှိရသည်။ ***လု၊၂၃း၃၄*** ကို ဖတ်ပြီး စဉ်းစားဆင်ခြင်ပါ။<br>၃။ ***က၊၃၇း၇-၈*** ၌ယောသပ်မြင်မက်သည့် အိပ်မက်သည် ***က၊၄၃း၂၆*** ၌ အမှန်တကယ်ဖြစ်လာခဲ့သည်။ အောက်ပါအကြံပြုထားသည့် ကျမ်းညွှန်းများကို ဖတ်ပြီး ***(ဆာ၊၅၁ နှင့် ဖိ၊၂း၉-၁၁)*** ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ချတောင်းပန်ရန် လိုအပ်ကြောင်းနှင့် "သခင်ယေရှုခရစ်တော်အား" ယုံကြည်ကိုးစားရန် လိုအပ်ကြောင်း စဉ်းစားပါ။ |

| | ၁၇ - အဆင့် ၃<br>သင်ခန်းစာ ၄ - ယောသပ်၏ အသက်တာ<br>ခေါင်းစဉ် - အဲဂုတ္တုသို့ ပြန်လည်စုံဆည်းခြင်း | ၁၇ - အဆင့် ၄<br>သင်ခန်းစာ ၄ - ယောသပ်၏ အသက်တာ<br>ခေါင်းစဉ် - သူ၏ ပြီးပြည့်စုံသည့် ခွင့်လွှတ်ခြင်း |
|---|---|---|
| | **ကျမ်းညွှန်း၊** ***ကမ္ဘာဦး ၄၆း ၁-၇၊ ၂၆-၃၄***<br>**အဓိကသော့ချက်ကျမ်း** ***ကမ္ဘာဦး ၅၀း၂၀***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယောသပ်၏ သစ္စာရှိခြင်းသည် သူ၏မိသားစုအတွက် အကျိုးသက်ရောက်မှုရှိခဲ့ပြီး ကောင်းကြီးမင်္ဂလာများစွာကို သယ်ဆောင်လာပေးသည်။<br>၂။ ***၁၈၊ ၂၈း၃၀*** တွင်ဖော်ပြထားသည့် ***"ငါ့ကို ချီးမြှောက်သောသူကို ငါချီးမြှောက်မည်"*** ဟု ပေးထားသည့် ဘုရားသခင်၏ ကတိတော်သည် ယောသပ်၏ အသက်တာ၌တွေ့ရသည်။ ယောသပ်သည် စစ်မှန်သော ဥပမာကောင်းပင် ဖြစ်သည်။ | **ကျမ်းညွှန်း၊** ***ကမ္ဘာဦး ၄၄ နှင့် ၄၅***<br>**အဓိကသော့ချက်ကျမ်း** ***ရောမ၊ ၅း၁၀***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ အစ်ကိုများသည် ယောသပ်ထံ မိမိတို့အပြစ်ကို ဖော်ပြတောင်းပန်သည့်အခါ ယောသပ် နှင့် သူတို့အကြား ဆက်ဆံရေး ပြန်လည်သင့်မြတ်ခဲ့သည်။ ထို့နည်းတူပင် ကျွန်ုပ်တို့သည်လည်း မိမိတို့၏ အပြစ်များကို ဖော်ပြပြီး ဝန်ချတောင်းပန်လျှင် သခင်ယေရှုဘုရားနှင့် ပြန်လည်သင့်မြတ်ပြီး သခင်ယေရှုနှင့် ကျွန်ုပ်တို့အကြား စစ်မှန်သည့် ဆက်ဆံရေးကို ပြန်လည်ရရှိမည် ဖြစ်သည်။<br>၂။ ယောသပ်သည် အစ်ကိုများအား အဲဂုတ္တုပြည်၌ကြွယ်ဝစွာ ကျွေးမွေးစောင့်ရှောက်တော်မူသကဲ့သို့ သခင်ယေရှုဘုရား၌ ရှိသောသူများကိုလည်း ဘုရားသခင်သည် ကြွယ်ဝစွာ ကျွေးမွေးစောင့်ရှောက်တော်မူပြီး ထာဝရ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းများ ရှိသည့် ကောင်းကင်နိုင်ငံသို့ ခေါ်ဆောင်သွားလိမ့်မည် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ဘုရားသခင်သည် သူ၏အစီအစဉ်များကို ယောသပ်၏ အသက်တာ၌မည်သို့ အကောင်ထည်ဖော် လုပ်ဆောင်ခဲ့ကြောင်း ကျောင်းသားများကို ရှင်းပြပါ။ သူ၏ မိသားစုများသည် ခါနန်ပြည်မှ အဲဂုတ္တုပြည် ဂေါရှင်အရပ်တွင် နေထိုင်ရန် ရောက်ရှိလာခဲ့ကြသည်။ မည်သို့ပင်ဆိုစေကာမူ ခါနန်ပြည်သည် အာဗြံဟံ နှင့် သူ၏သားစဉ်မြေးဆက်များအတွက် ဘုရားသခင် ကတိထားတော်မူသည့် ကတိတော်မြေ ဖြစ်သည်။ သို့သော် ဘုရားသခင်သည် ယောသပ်၏မိသားစုများအား ဘုရားကိုကြောခိုင်းပြီး အပြစ်နှင့်ပြည့်နေသော ခါနန်လူမျိုးများအကြားမှ အဝေးသို့ ခဏတာ ခေါ်ထုတ်သွားခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကတိထားတော်မူသည့်အတိုင်း ဣသရေလ လူမျိုးများကို ခါနန်ပြည်သို့ တဖန် ပြန်လည်ပို့ဆောင်လိမ့်မည် ဖြစ်သည်။ | အစ်ကိုများသည် မိမိတို့၏အပြစ်ကို ဝန်ခံလာရန် ယောသပ်သည် ကူညီပေးနိုင်ခဲ့ခြင်းမှာ ယောသပ်သည် မည်မျှ အရည်အချင်းရှိသောသူ ဖြစ်ကြောင်း ကျွန်ုပ်တို့ သင်ယူခဲ့ပြီး ဖြစ်သည်။ ယခုတွင် အစ်ကိုများအား ခွင့်လွှတ်ပေးရန် နှင့် သူတို့အကြား စစ်မှန်သည့် သင့်မြတ်မှု ပြန်လည်ရရှိရန် ယောသပ်အတွက် လမ်းဖွင့်ခဲ့ပြီး ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သူ၏အိမ်ကိုစွန့်ပြီး တိုင်းတပါးသို့ သွားရောက်နေထိုင်ရန် နှင့် သူအား စောင့်ရှောက်ပေးမည်ဖြစ်ကြောင်း ထာဝရဘုရားသည် ယာကုပ်အား မိန့်တော်မူခဲ့သည်။ ***(၄၆း ၂-၃)***<br>၂။ မိသားစုဝင်အားလုံးတို့သည် သူတို့၏ ပိုင်ဆိုင်မှုများနှင့်အတူ အဲဂုတ္တုပြည်သို့ ထွက်ခွါခဲ့ကြသည်။ ***(၄၆း ၅-၇)***<br>၃။ ယာကုပ်၏ မိသားစုများသည် ဂေါရှင်အရပ်သို့ ရောက်ရှိလာခဲ့ကြပြီး ယာကုပ် နှင့် ယောသပ်တို့နှစ်ဦးတွေ့ဆုံပြီး ငိုကြွေးခဲ့ကြသည်။ ***(၄၆း၂၉)***<br>၄။ ဖခင်ကြီး ကွယ်လွန်သွားပြီးနောက်တွင် အစ်ကိုများသည် မိမိတို့ ပြုခဲ့သည့်အပြစ်ကြောင့် ယောသပ်အား ကြောက်ရွံ့ခဲ့ကြသည်။ သို့သော် သူတို့အံ့ဩခဲ့ရသည်။ ယောသပ်သည် သူတို့အား ခွင့်လွှတ်ရုံတင်သာမက သူတို့နှင့် သူတို့၏ မိသားစုများကို တာဝန်ယူ စောင့်ရှောက်ပေးမည် ဖြစ်ကြောင်း ပြောခဲ့သည်။ ***(၅၀း ၁၅-၂၁)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ယောသပ်သည် ယာကုပ်နှင့် ပြန်လည်ဆုံတွေ့ခဲ့သည်။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ အစ်ကိုများသည် ခါနန်ပြည်ရှိ ဖခင်ကြီးယာကုပ်ထံ ပြန်မသွားမီ ယုဒသည် ဗယ်္ဂမိန်၏ကိုယ်စား ကျွန်အဖြစ် အဲဂုတ္တုပြည်တွင် နေခဲ့မည်ဟု ပြောခဲ့သည်။ လွန်ခဲ့သည့် နှစ်ပေါင်းများစွာက ယောသပ်အား ရောင်းစားရန် အကြံပေးခဲ့သည့် သူသည် ယခုတွင် သူ၏နှလုံးသား ပြောင်းလဲခဲ့ပြီး ဖြစ်သည်။ ဘုရားသခင်၏ ကျေးဇူးတော်သည် ယခုတွင် သူ၏နှလုံးသားအား ပြောင်းလဲပေးခဲ့ပြီး ဖြစ်သည်။ ***(၄၄း၃၃)***<br>၂။ ယောသပ်သည် အစ်ကိုများထံ မိမိ၏ဇာတိအဖြစ်မှန်ကို ဖွင့်ပြခဲ့ပြီး၊ ဘုရားသခင်သည် အရာအားလုံးကို ထိန်းချုပ်ထားကြောင်း ပြောပြခဲ့သည်။ ***(၄၅း၄-၅)***<br>၃။ ယောသပ်သည် ဗယ်္ဂမိန်အား ပွေ့ဖက်၍ ငိုကြွေးခဲ့သည်။ အစ်ကိုအားလုံးကိုလည်း နမ်းခဲ့သည်။ ***(၄၅း၁၄)***<br>၄။ ဖါရောမင်းသည် ယောသပ်၏ အစ်ကိုများအား သူတို့၏ ဖခင်ကြီးနှင့် မိသားစုများကို သွားရောက်ခေါ်ဆောင်လာပြီး အဲဂုတ္တုပြည်တွင် လာရောက်နေထိုင်ရန် နှင့် သူတို့အား ကျွေးမွေးမည် ဖြစ်ကြောင်း ပြောပြခဲ့သည်။ ***(၄၅း ၁၇-၁၉)***<br>၅။ အစ်ကိုများသည် ဖခင်ကြီးထံပြန်လာပြီး ယောသပ် အသက်ရှင်သေးကြောင်း ပြောပြခဲ့သည်။ ယာကုပ်သည် မိမိစီးရန် သားယောသပ်ပေးလိုက်သည် လှည်းများကို မြင်သည့်အခါ ယောသပ် အသက်ရှင်နေသေးကြောင်း ယုံကြည်ခဲ့သည်။ ယာကုပ်သည် ယောသပ်နှင့် ပြန်လည်တွေ့ဆုံရဦးမည် ဖြစ်သည်။ ***(၄၅း ၂၅-၂၈)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ယောသပ်၏အစ်ကိုများ အဲဂုတ္တုသို့ ပြန်လည်ရောက်ရှိလာခဲ့သည်။<br>ယောသပ်သည် ယာကုပ်နှင့် ပြန်လည် ဆုံတွေ့ခဲ့သည်။ |
| ပြန်လှန်လေ့ကျင့်ပါ | ဤသင်ခန်းစာ ၄ ရှိ မေးခွန်းများအား ကျောင်းသားများ ဖြေဆိုရာတွင် အထောက်အကူ ဖြစ်စေရန် ကျောင်းသားများကို မေးခွန်းများ ဂရုစိုက်၍ မေးပါ။ | ယောသပ် ပုံပြင်ရှိ သတင်းကောင်းသည် သခင်ယေရှုပုံပြင်၏ သတင်းကောင်းနှင့် မည်မျှဆင်တူကြောင်း ကျောင်းသားများ၏ အာရုံကိုစုစည်းပြောပြပါ။<br>၁။ ယောသပ်သည် အသက်ရှင်သကဲ့သို့ ယေရှုသည် အသက်ရှင်သည်။<br>၂။ ယောသပ်သည် အဲဂုတ္တုပြည်ကို အုပ်ချုပ်သကဲ့သို့ ယေရှုသည် ဘုရင်တကာ၏ဘုရင် သခင်တကာ၏သခင် ဖြစ်သည်။<br>၃။ ယောသပ်သည် သူ၏မိသားစုများအတွက် လိုအပ်သည့်အရာများကို ပြင်ဆင်ပေးသကဲ့သို့ ယေရှုသည် ကျွန်ုပ်တို့ကယ်တင်ခြင်းအတွက် လိုအပ်သည့်အရာများကို ပြင်ဆင်ပေးတော်မူခဲ့သည်။<br>၄။ ယောသပ်သည် သူ၏မိသားစုများကို အဲဂုတ္တုပြည်သို့ ခေါ်ဆောင်တော်မူသကဲ့သို့ သခင်ယေရှုသည် ကျွန်ုပ်တို့အား ကယ်တင်ခြင်းအတွက် သူထံသို့လာစေလိုပြီး၊ သူထံသို့လာသောသူများကို ကောင်းကင်သို့ ထာဝရခေါ်ဆောင်သွားမည် ဖြစ်သည်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အနာဂတ်တွင် သူ၌ဖြစ်လာသည့်အရာအတွက် ယောသပ်သည် အံ့ဩခဲ့ရသကဲ့သို့ ကျွန်ုပ်တို့သည်လည်း အနာဂတ်တွင် ဖြစ်လာမည့်အရာကို အမြဲကြိုတင်မသိနိုင်ပေ။ သို့သော် ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့၏ သစ္စာရှိခြင်းအပေါ် ဘုရားသခင်သည် ချီးမြှောက်လိမ့်မည် ဖြစ်ကြောင်း ကျွန်ုပ်တို့ ကောင်းစွာသိနိုင်သည်။<br>၂။ ဘုရားသခင်သည် ယနေ့လောကကို အုပ်စိုးသောမင်း စာတန်၏ ရည်ရွယ်ချက်အပေါ် အနိုင်ယူနိုင်သည်။ ထို့နောက် ဘုရားသခင်သည် သူ၏ အစီအစဉ်ကို အကောင်အထည် ဖော်နိုင်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် သခင်ယေရှုနှင့် ဆိုင်သောသူများဖြစ်ကြလျှင် သူနှစ်သက်သည့် အသက်တာနှင့် အသက်ရှင်နေထိုင်ရန် လိုအပ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် သူအသေခံခဲ့ပေးခြင်းဖြင့် ကောင်းကင်သို့ ဝင်စားနိုင်မည့်သူများဖြစ်ရန်၊ အလင်းတရား၌ ပြောင်းလဲပြုပြင်ပေးသည်နှင့်အညီ ကျွန်ုပ်တို့ အသက်ရှင်နေထိုင်ရန် လိုအပ်သည်။<br>၂။ ဘုရားသခင်သည် ယောသပ်နှင့်အတူ ရှိတော်မူသည့်အကြောင်းကို နှစ်ပေါင်းများစွာ ကြာသည့်အချိန်တိုင်၌ ဓမ္မသစ်ကျမ်းတွင် သတေဖန်က ပြန်လည်ဖော်ပြထားသည်။ ***(တမန်၊ ၇း ၁၂-၁၅)*** |

| | ၁၈ - အဆင့် ၃<br>သင်ခန်းစာ ၁ - သတင်းကောင်းရေးသူများ<br>ခေါင်းစဉ် - ရှင်မဿဲ | ၁၈ - အဆင့် ၄<br>သင်ခန်းစာ ၁ - ရှေ့ဆက်သည့် ခရီး<br>ခေါင်းစဉ် - ခရစ်ယာန်များ အတူတကွ မျှဝေခြင်း |
|---|---|---|
| | **ကျမ်းညွှန်း၊** *ရှင်မဿဲ ၉း ၉-၁၃ ၊ နှင့် ၂၇း ၃၇-၄၂*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မဿဲ ၁၆း ၁၆*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ သခင်ယေရှုသည် ယုဒလူဖြစ်သည့် အခွန်ခံ မဿဲအား သူနောက်လိုက်ရန် ခေါ်သည့်အချိန်တွင် သူသည် ချက်ခြင်း သခင်ယေရှုနောက်တော်သို့ လိုက်ခဲ့သည်။<br>၂။ မြောက်များစွာသော ယုဒလူတို့သည် သခင်ယေရှုအား လက်ခံရန် ငြင်းပယ်ကြသည့် အတွက် နောက်ဆုံးတွင် သခင်ယေရှု အသေခံခဲ့ရသည်။ | **ကျမ်းညွှန်း၊** *တမန်တော် ၂း ၄၁-၄၄ ၊ တမန်တော် ၄း၃၂-၃၅*<br>**အဓိကသော့ချက်ကျမ်း** *တမန်တော် ၂း ၄၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ လူများတို့သည် ခရစ်ယာန်ဖြစ်လာကြသည့်အခါ အချင်းချင်းမိတ်သဟာရဖွဲ့ခြင်း နှင့် အချင်းချင်း ယုံကြည်ခြင်း၌တည်ဆောက်ကြခြင်းသည် မည်မျှအရေးကြီးကြောင်း နားလည်လာခဲ့ကြသည်။<br>၂။ သူတို့သည် အမျိုးမျိုးသောအခြေအနေတွင် တစ်ဦးနှင့်တစ်ဦး ကူညီပေးကြသည်။ အချင်းချင်း မျှဝေခံစားကြသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | မဿဲသည် အကောက်ခွန်ရုံးတွင် အခွန်ခေါင်းတစ်ဦး ဖြစ်ကြောင်း ကျောင်းသားများထံ ရှင်းပြပါ။ ထိုသို့သော လူမျိုးများကို ယုဒလူတို့သည် မုန်းကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ရောမအစိုးရအတွက် အမှုထမ်းသောသူများ ဖြစ်ကြပြီး၊ ပြည်သူများထံမှ အခွန်မတရား တိုးမြင့်ကောက်ခံသောသူများ ဖြစ်သောကြောင့် ဖြစ်သည်။ ထိုအချိန်တွင် ရောမအစိုးရသည် ယုဒလူမျိုးများကို အုပ်ချုပ်သောအချိန်ဖြစ်သည်။ | ပေတရုသည် သခင်ယေရှု၏ တပည့်တော်တစ်ဦးဖြစ်ပြီး၊ သခင်ယေရှု ဖမ်းဆီးခံရသော အချိန်တွင် သခင်ယေရှုအား ငြင်းပယ်ခဲ့သောသူ တစ်ဦး ဖြစ်ကြောင်း ကျောင်းသားများထံ ရှင်းပြပါ။ မှန်ပါသည် သခင်ယေရှုသည် သူ့အား ခွင့်လွှတ်ပေးခဲ့သည်။ ယခုတွင် သူသည် သခင်ယေရှု၏ သတင်းကောင်းအကြောင်းကို ရဲဝံ့စွာဟောပြောသည့်သူတစ်ဦး ဖြစ်နေပြီး ဖြစ်သည်။ သူ၏အမှားသည် ခွင့်မလွှတ်နိုင်လောက်အောင် မှားသည့်အမှားမျိုးမဟုတ်ပေ။ ယခုတွင် သူသည် ဘုရားသခင်အတွက် အသုံးရသောသူ ဖြစ်နေပြီး ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ကယ်တင်ရှင်သည် သူ့အားခေါ်သည့်အခါ မဿဲသည် ချက်ခြင်းနောက်တော်သို့ လိုက်ခဲ့သည်။<br>၂။ မဿဲသည် သခင်ယေရှု၏ တပည့်တော်ဖြစ်ရန်အတွက် သူ၏မရိုးသားသည့်အလုပ်ကို စွန့်လွှတ်ခဲ့သည်။ သူသည် တပည့်တော် တစ်ဆယ့်နှစ်ပါးတွင် တစ်ဦးအပါအဝင် ဖြစ်သည်။ ***(၉း၉)***<br>၃။ သူသည် ရှင်မဿဲခရစ်ဝင်ကျမ်းကို ရေးသားခဲ့သူဖြစ်သည်။ သခင်ယေရှုသည် ယုဒလူမျိုးများ မျှော်လင့်စောင့်စားနေကြသည့် မေရှိယ ဖြစ်ကြောင်း သူဖော်ပြခဲ့သည်။<br>၄။ သခင်ယေရှု ကြွလာခြင်း၏ အကြောင်းနှင့် ပတ်သက်၍ ရှင်မဿဲ၏ တင်ပြချက်ကို အကျဉ်းချုပ် ဖော်ပြပါ။ သခင်ယေရှုနှင့်ပတ်သက်သည့် ဓမ္မဟောင်း ပရောဖက်ပြုချက်များသည် သခင်ယေရှု ဤလောကသို့ ကြွလာသည့်အချိန်တွင် ပြီးပြည့်စုံခဲ့သည့်အကြောင်းကို ရှင်မဿဲသည် မည်သို့ရှင်လင်းဖော်ပြကြောင်း အလေးပေးပြောပြပါ။ ***(မဿဲ၊ ၁နှင့် ၂)***<br>၅။ ရှင်မဿဲသည် သခင်ယေရှု၏ ဆွေစဉ်မျိုးဆက်စာရင်း၊ သူ၏သားသနာပြုခြင်း၊ သူ၏ ဖမ်းဆီးခံခဲ့ရသည့်အချိန်၊ သူ၏အသေခံခြင်း၊ သင်္ဂြိုလ်ခြင်း နှင့် သူ၏ ရှင်ပြန်ထမြောက်ခြင်း များကို မှတ်တမ်းတင်ထားသည်။ ကျွန်ုပ်တို့ ကယ်တင်ခြင်းအတွက် အခြေခံကျသည့် အရာများကို ထည့်သွင်းရေးသားထားသည့်အတွက် ထိုကျမ်းကို "ခရစ်ဝင်ကျမ်း" ဟု ခေါ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ရှင်မဿဲသည် ယေရှု၏နောက်တော်သို့လိုက်ရန် ဖိတ်ခေါ်ခြင်း ခံရသည်။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သခင်ယေရှု၏ တပည့်တော်တစ်ဦး ဖြစ်သည့် ပေတရုသည် လူများထံ ခရစ်တော်၏ ကယ်တင်ခြင်းသတင်းကောင်းကို ဝေငှသက်သေခံခဲ့သည်။ လူတို့သည် မိမိတို့၏ အပြစ်များမှ နောင်တရပြီး၊ ကယ်တင်ခြင်းအတွက် အသက်ရှင်တော်မူသော သခင်ယေရှုအား ယုံကြည်ကိုးစားကြရန် လိုအပ်ကြောင်း ဟောပြောခဲ့သည်။ လူများစွာတို့သည် သူတို့၏ကယ်တင်ခြင်းအတွက် သခင်ယေရှုအား လက်ခံယုံကြည်ခဲ့ကြပြီး ခရစ်ယာန် ဖြစ်လာခဲ့ကြသည်။ လူဦးရေ ၁၂၀၊ ရှိပြီးသာ အသင်းတော်သို့ လူ ၃၀၀၀ ထပ်တိုးလာခဲ့သည်။ *ဤမျှလောက် များစွာသော လူတို့သည် လျှင်မြန်စွာ ခရစ်ယာန်ဖြစ်လာကြခြင်းသည် မည်မျှအံ့သြဖွယ်ဖြစ်ကြောင်း ကျောင်းသားများနှင့်အတူ စဉ်းစားဆင်ခြင်ပါ။* ***(၂း၃၈-၄၂)***<br>၂။ ဤခရစ်ယာန်လူသစ်များသည်၊ အဖွဲ့အစည်းဖြင့် အတူတကွ စတင်လုပ်ဆောင်လာကြသည်။ အသင်းတော်တွင် ပါဝင်လာကြသည်။ သူတို့သည် အခြားသော ခရစ်ယာန်များနှင့်စည်းစည်းလုံးလုံး နေလာကြပြီး၊ တမန်တော်များ၏ အဆုံးအမကို ခံယူကြသည်။ မိတ်သဟာရဖွဲ့ခြင်း၊ ပွဲတော်မင်္ဂလာ ခံယူခြင်း၊ ဆုတောင်းခြင်းများကို အတူတကွ လုပ်ဆောင်လာကြသည်။ ဆုတောင်းခြင်း၊ နှုတ်ကပတ်တော်ကို သင်ကြားပေးခြင်းဖြင့် သူတို့၏ ယုံကြည်ခြင်း ကြီးထွားရင့်ကျက်လာစေရန် ကူညီပေးသည့် သွန်သင်ပေးမည့်သူ လိုအပ်ကြောင်း ကျောင်းသားများထံ ရှင်းပြပါ။<br>၃။ ကနဦးခရစ်ယာန်တို့သည် အတူတကွတွေ့ဆုံကြပြီး အတူမျှဝေခံစားကြသည်။ သူတို့၌ လိုအပ်သည့်အရာဟူ၍ မရှိပါ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် အရာအားလုံးကို အတူမျှဝေခံစား ကြသောကြောင့် ဖြစ်သည်။ သို့သော် မိသားစုကဲ့သို့ လိုအပ်သည့် အရာများကို အတူမျှဝေကြသည်။ ခရစ်တော်၌ ညီအစ်ကိုမောင်နှမများဖြစ်ခြင်း နှင့် မျှဝေခံစားခြင်း၊ ခရစ်တော်၌ အချင်းချင်း ချစ်ခြင်းသည် မည်မျှအရေးကြီးကြောင်း သူတို့ကောင်းစွာ နားလည်ကြသည်။ ***(တမန်၊ ၂း ၄၂-၄၇)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ပင်တေကုတ္တေပွဲနေ့ |
| ပြန်လှန်လေ့ကျင့်ပါ | သင်ခန်းစာ ၁ တွင် မေးထားသည့် မေးခွန်းများကို ကောင်းစွာဖြေဆိုနိုင်ရန်အတွက် သင်ခန်းစာအား ပြန်လှန်ပြီး ကျောင်းသားများကို မေးခွန်းများ မေးပါ။ | ယနေ့ခေတ် ခရစ်ယာန်များသည် သီးသန့်အဖွဲ့အစည်းများဖြင့် နေထိုင်ခြင်းဖြင့် သူတို့၏ ယုံကြည်ခြင်း မည်သို့ ကြီးထွားနေကြသည့်အရာကို အဖွဲ့ခွဲ၍ လက်တွေ့ကျသည့် နည်းလမ်းများကို စာရင်းပြုစုစေပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် သခင်ယေရှု၏ ခေါ်သံကို ချက်ခြင်းတုန့်ပြန်ပြီး၊ သခင်ယေရှုထံ ကျွန်ုပ်တို့၏ အသက်တာများကို ဆက်ကပ်အပ်နှံနိုင်ခြင်း ရှိမရှိ စဉ်းစားပါ။<br>၂။ ယေရှုသည် ယုဒလူမျိုးများ၏ ဘုရင်ဖြစ်ရုံမက ဘုရင်တကာ၏ဘုရင်၊ သခင်တကာ၏ သခင်ဖြစ်သည်။ ထို့ကြောင့် သူသည် ကျွန်ုပ်တို့၏ ကိုးကွယ်ချီးမြောက်ခြင်းကို ထိုက်တန်သူ ဖြစ်ကြောင်း သိမှတ်ထားရမည်။<br>၃။ သခင်ယေရှုသည် သူ့ကိုယ်သူကယ်တင်ရန် မလိုအပ်ပေ။ ကျွန်ုပ်တို့ ကဲ့သို့သော အပြစ်သားများအတွက် သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် ချိတ်ဆွဲခြင်းခံရန် လိုအပ်ခြင်း ဖြစ်သည်။ အောက်ပါဖော်ပြချက်များကို ကျောင်းသားများထံ ကိုးကား ဖော်ပြပါ။ ***"သူ့ကိုယ်သူ ကယ်တင်ရန်မလိုအပ်ပေ။ သူသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံရမည်။ သို့မဟုတ် ဂရုဏာတရားသည် ပျက်စီးနေသည့် အပြစ်သားများထံ မလာနိုင်ပေ။ မှန်ပါသည် အပြစ်သားများ အပြစ်ဒဏ်မှ လွတ်မြောက်ရန် ဘုရားသခင်၏ သားတော်ခရစ်တော်သည် အပြစ်ကြွေးအားလုံးပေးဆက်ရန် လိုအပ်သည်။"*** - ဗူဘာနမအ ပြွပြုညန | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်လျှင် အခြားသောခရစ်ယာန်များနှင့် မိတ်သဟာရဖွဲ့ခြင်း၊ တစ်ယောက်နှင့်တစ်ယောက် သင်ယူခြင်းဖြင့် အချိန်သုံးခြင်းများ ပြုရမည် ဖြစ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သင်ယူခြင်း၊ ဆုတောင်းခြင်းများ မရှိလျှင် ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာများ ကြီးထွားနိုင်မည် မဟုတ်ပေ။<br>၂။ ခရစ်တော်၌ ညီအစ်ကိုမောင်နှမရင်ပမာ ယုံကြည်သူ အချင်းချင်း တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းနိုင်သည့် နည်းလမ်းများကို ကျွန်ုပ်တို့ စဉ်းစားသင့်သည်။ သင်းဝင်သူများ အတူတကွ လုပ်ဆောင်သည့်အချိန်တွင် ဘုရားသခင်၏ မိသားစုဝင်များ အကောင်းဆုံး လုပ်ဆောင်ခြင်းပင် ဖြစ်သည်။<br>၃။ ယေရှုအား အစေခံခြင်းတွင် သင်သည် အမှားများစွာ ပြုလုပ်မိသည်ဟု သင် ခံစားဘူးပါသလား။ ပေတရုသည် သခင်ယေရှုအား ငြင်းပယ်ခဲ့သောသူတစ်ဦး ဖြစ်ခဲ့ပါသည်။ သို့သော် ဘုရားသခင်သည် သူ့အား လူများစွာထံ သတင်းကောင်း ဝေငှသောသူအဖြစ် အသုံးပြုခဲ့ပါသည်။ ထိုနည်းတူပင် သင်၏အသက်တာအားလည်း ဘုရားသခင် အသုံးပြုနိုင်ပါသည်။ |

| | ခ၈ - အဆင့် ၃<br>သင်ခန်းစာ ၂ - သတင်းကောင်းရေးသူများ<br>ခေါင်းစဉ် - ရှင်မာကု | ခ၈ - အဆင့် ၄<br>သင်ခန်းစာ ၂ - ရှေ့ဆက်သည့် ခရီး<br>ခေါင်းစဉ် - ခရစ်ယာန်များ ဗတ္တိဇံမင်္ဂလာခံယူကြသည်။ |
|---|---|---|
| | **ကျမ်းညွှန်း၊** ***တမန်၊ ၁၂း ၅-၁၂ ၊ နှင့် မာကု၊ ၁း၂၉-၄၂***<br>**အဓိကသော့ချက်ကျမ်း** ***ရှင်မာကု ၁၀း ၄၅***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ရှင်မာကုသည် သခင်ယေရှု၏ 'ပြီးပြည့်စုံသည့်အစေခံ' ဖြစ်ခြင်းအကြောင်းအား အလေးပေး ဖော်ပြထားသည်။ ယေရှု၏ လုပ်ဆောင်သည့်အရာများထက် ယေရှု ပြောသောစကားများကို ပို၍ ရေးသားထားသည်။<br>၂။ သူ့အား အစေခံမည့်သူများကို သခင်ယေရှု မည်သို့ ရွေးချယ်သည့်အကြောင်းကို ရှင်မာကုက ဖော်ပြထားသည်။ | **ကျမ်းညွှန်း၊** ***ရှင်မဿဲ ၂၈း ၁၆း၂၀၊ နှင့် တမန် ၈း ၃၄-၃၉ ၊ ၁၈း၈***<br>**အဓိကသော့ချက်ကျမ်း** ***တမန် ၂း ၄၁***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဗတ္တိဇံမင်္ဂလာ ခံယူခြင်းသည် သခင်ယေရှုခရစ်ထံ နာခံသည့် အပြုအမူပင် ဖြစ်သည်။<br>၂။ ကျမ်းစာထဲရှိလူများစွာတို့သည် ခရစ်ယာန် ဖြစ်လာကြသည့်အခါ သူတို့၏ ယုံကြည်ခြင်းကို သက်သေပြသည့်အနေဖြင့် ဗတ္တိဇံမင်္ဂလာ ခံယူကြသည်။<br>၃။ ဗတ္တိဇံသည် သခင်ယေရှု နောက်လိုက်ဖြစ်ကြောင်း လူများရှေ့မှောက်တွင် သက်သေပြခြင်း ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ရှင်မာကုခရစ်ဝင်ကျမ်းထဲ၌ သခင်ယေရှုသည် သူတပါး စေစားခြင်းကို ခံရန်အတွက် မဟုတ်ဘဲ သူတပါး၏ အစေကို ခံခြင်းငှါ ဤလောကသို့ ကြွလာခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ (အဓိကကျမ်းချက်တွင် ဖော်ပြထားသည့်အတိုင်း) လူများ အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့သည်။ သခင်ယေရှုသည် ဤလောကတွင် နေထိုင်စဉ် ဖခမည်းတော်၏ အလိုတော်ကို လုံးလုံး နာခံခဲ့သည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ တန်ခိုးတော်အားဖြင့် သူ၏ကြီးမားသည့်အလုပ်များကို လုပ်ဆောင်ခဲ့သည်။ ရှင်မာကုသည်လည်း အမှုတော်ထဲတွင် ပထမအစတွင် ကောင်းမွန်ခဲ့သော်လည်း အမှုတော်ထဲမှ ခဏတာနောက်ဆုတ်ခဲ့ဘူးသည်။ သို့သော် နောက်ဆုံးတွင် အမှုတော်ထဲ၌သခင်ဘုရားအတွက် အသုံးရသောသူ ဖြစ်လာခဲ့သည်။ *(၂တိ၊ ၄း ၁၁)* | ဗတ္တိဇံမင်္ဂလာခံခြင်းနှင့် ပတ်သက်၍ ကျောင်းသားများ အတွေ့အကြုံရှိမရှိ မေးပါ။ ဗတ္တိဇံသည် မည်သို့ဖြစ်ကြောင်း သူတို့၏ အတွေ့အကြုံများကို မေးပါ။ မည်သို့ ဖြစ်သနည်း။ မည်သို့ ပုံဆောင်ခြင်း ဖြစ်သနည်း။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်မာကုသည် ယေရုရှလင်မှ လာသောသူဖြစ်သည်။ ယေရုရှလင်ရှိ ခရစ်ယာန်များသည် သူတို့မိသားစု၏အိမ်အား အမှုတော်မြတ်အတွက် ဆုတောင်းရာအိမ်အဖြစ် အသုံးပြုခဲ့ကြသည်။ ဟေရုဒ်မင်းသည် ယာကုပ်အား သတ်သည့်အချိန်တွင် ယုံကြည်သူများသည် ပေတရုလွတ်မြောက်ရန်အတွက် မာကုအမေ၏အိမ်တွင် ဆုတောင်းပေးခဲ့ကြသည်။ ***(တမန်၊ ၁၂း ၅-၁၂)***<br>၂။ ရှင်မာကုသည် သခင်ဘုရား၏ သတင်းကောင်း ဝေငှရန်အတွက် အစေခံလိုသောသူ တစ်ဦး ဖြစ်သည်။ သူသည် ရှင်ပေါလု၏ ပထမသာသနာပြုခရီးစဉ်တွင် အတူလိုက်ပါလာသူဖြစ်ပြီး၊ လမ်းခရီးတစ်ဝက်တွင် ပေါလုတို့အား ထားခဲ့ပြီး ယေရုရှလင်သို့ ပြန်လှည့်လာခဲ့သည်။ ***(တမန်၊ ၁၂း ၂၅၊ ၁၃း၁၃)***<br>၃။ ရှင်မာကုသည် ပထမခရီးစဉ်တွင် ပြန်လှည့်လာသောသူဖြစ်သည့်အတွက် ရှင်ပေါလုသည် ဒုတိယသာသနာပြုခရီးစဉ်တွင် သူ့အား လုပ်ဖော်ဆောင်ဘက်အဖြစ် မခေါ်သွားလိုခဲ့ပေ။ ***(တမန်၊ ၁၅း ၃၇-၃၉)*** မည်သို့ပင် ဖြစ်စေကာမူ မာကုသည် မိမိအသက်တာကို ပြန်လည်ဆက်ကပ်ခဲ့သည့်အခါ ရှင်ပေါလု၏ ယုံကြည်မှုကို ရရှိခဲ့ပြီး၊ သခင်ဘုရားအတွက် ဆက်လက်အမှုတော်ဆောင်ခဲ့သည်။<br>၄။ ရှင်မာကုသည် အမှုတော်မြတ်ထဲတွင် ရှုံးနိမ့်ခဲ့ဘူးသူ ဖြစ်သော်လည်း ရှင်မာကုခရစ်ဝင်ကျမ်းကို ရေးသားခဲ့သည်။ သခင်ယေရှုသည် ဤလောကတွင် နေထိုင်ခဲ့စဉ်အခါက သူပြုခဲ့သည့် အံ့ဖွယ်နိမိတ်လက္ခဏာများ အကြောင်းကို သူရေးသားခဲ့သည်။ ရှိမုန်၏ ယောက္ခမ နေမကောင်းသည့်အကြောင်းကိုလည်း တည့်သွင်းရေးသားခဲ့သည်။ နူနာရောဂါသည်များအကြောင်း၊ ဂါလိလဲအိုင်တွင် မုန်တိုင်းမိသည့် တပည့်တော်များ၏အကြောင်းများ ကို ထည့်သွင်းရေးထားသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ပေတရုသည် အံ့သြဖွယ်ထောင်မှ လွတ်မြောက်လာခဲ့သည်။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယေရှုသည် မြေကြီးမှ ကောင်းကင်သို့ မတက်ကြွမီ သူ၏ တပည့်တော်များထံ မဟာစေခိုင်းချက်ကို မိန့်မှာခဲ့သည်။ ထိုမဟာစေခိုင်းချက်မှာ လူမျိုးတကားတို့ထံသို့ သွား၍ တပည့်တော် ဖြစ်စေလျက်၊ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ဗတ္တိဇံကို ပေးကြလော့ဟု မိန့်မှာခဲ့ခြင်းပင် ဖြစ်သည်။ ယေရှုသည် သူတို့နှင့်အတူ ရှိတော်မူမည်ဟု ကတိပေးခဲ့သည်။ သခင်ယေရှုသည် ထိုသို့ သူတို့ သက်သေခံနိုင်ရန်အတွက်လည်း တန်ခိုးများကိုလည်း ပေးခဲ့သည်။ *(မဿဲ၊ ၂၈း၁၈-၂၀)*<br>၂။ ယေရှုသည် သူ၏တပည့်တော်များထံ ယုံကြည်သောတို့အား ဗတ္တိဇံပေးရန် မိန့်မှာခဲ့သည်။ ဗတ္တိဇံသည် ခရစ်တော်နှင့် ယုံကြည်သူများ၏ စပ်ဆက်မှုကို ဖော်ပြနေခြင်းဖြစ်သည်။ ဗတ္တိဇံခံယူခြင်းဖြင့် မိမိသည် ခရစ်တော်နှင့်အတူ အပြစ်တရား၌သေပြီး၊ အသစ်သော အသက်တာ၌ထမြောက်အသက်ရှင်ကြောင်း ပုံဆောင်နေခြင်း ဖြစ်သည်။ ယုံကြည်သူတို့သည် သခင်ခရစ်တော်အား မိမိတို့၏ ကယ်တင်ပိုင်ရှင်နှင့်သခင်အဖြစ် ယုံကြည်လက်ခံသည့်အချိန်မှစ၍ ခရစ်ယာန်များ ဖြစ်လာကြပြီး၊ အသစ်သောအသက်တာ၌ စတင်အသက်ရှင်ရမည် ဖြစ်သည်။ သူတို့သည် သူတို့၏ဘဝဟောင်းများကို စွန့်ပစ်ပြီး၊ အသစ်သောအသက်တာတွင် စတင်လျှောက်လှမ်းရမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကားတိုင်တွင် သွန်းခဲ့သည့် ခရစ်တော်၏ အသွေးတော်အားဖြင့် အပြစ်ရှိသမျှကို ဆေးကြောခဲ့ပြီး ဖြစ်သောကြောင့် ဖြစ်သည်။ ***(ရောမ၊ ၆း ၃-၇)***<br>၃။ ဗတ္တိဇံမင်္ဂလာခံယူခြင်းသည် ခရစ်တော်ထံ ဆက်ကပ်အပ်နှံခြင်းကို ပုံဆောင်ခြင်းလဲ ဖြစ်သည်။ ဘုရားသခင်၏ အလိုတော်အတိုင်း လိုက်လျှောက်အသက်ရှင်ရန် ဝန်ခံခြင်း ဖြစ်သည်။ မိမိသည် ဘုရားသားဖြစ်ကြောင်း လူရှေ့ ဘုရားရှေ့တွင် သက်သေခံခြင်း ဖြစ်သည်။<br>၄။ ***တမန်၊ ၈***၌ဖိလိပ္ပုသည် အဲသရောပိအမတ်ထံ ယေရှုခရစ်တော်၏ ကယ်တင်ခြင်း သတင်းကောင်းကို ဝေငှခဲ့သည်။ ထိုသူသည် ယုံကြည်ပြီး ခရစ်ယာန်ဖြစ်လာခဲ့သည်။ ထိုနောက် ချက်ခြင်း ဗတ္တိဇံမင်္ဂလာခံယူခဲ့သည်။<br>၅။ ***တမန်၊၁၈း၈၌*** တမန်တော်ကြီး ရှင်ပေါလုသည် လူပေါင်းများစွာကို ခရစ်တော်ထံ ပို့ဆောင်ခဲ့သည်။ သူတို့သည် ယုံကြည်ပြီး မကြာမီပင် ဗတ္တိဇံမင်္ဂလာ ခံယူခဲ့ကြသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သင့်လျော်သည့် ပုံမရှိပါ။ |
| ပြန်လှန်လေ့ကျင့်ပါ | အောက်ပါမေးခွန်းများကို အသုံးပြု၍ သင်ခန်းစာအား ပြန်လှန်ပါ။<br>၁။ ရှင်မာကုသည် သတင်းကောင်းကျမ်းအားဖြင့် ယေရှု၏အကြောင်းကို မည်သို့ ဖော်ပြထားသနည်း။<br>၂။ ရှင်မာကုသည် မည်သို့သော မိသားစုမှ ဆင်သက်လာသူ ဖြစ်သနည်း။ အဘယ်ကြောင့်နည်း။<br>၃။ ရှင်မာကုသည် သူ၏အသက်တာအား မည်သည့်အတွက် အသက်ရှင်လိုသနည်း။<br>၄။ ရှင်မာကုသည် ရှင်ပေါလုနှင့်သွားသည့် ပထမသာသနာပြု ခရီးစဉ်တွင် ရှင်ပေါလုအား စိတ်ပျက်စေခဲ့ဘူးသော်လည်း နောက်ပိုင်းတွင် သူသည် ဘုရားသခင်၏ အမှုတော်တွင် လုံးလုံးပါဝင်ဆက်ကပ်ခဲ့ကြောင်း ကျွန်ုပ်တို့ မည်သို့ သိနိုင်သနည်း။<br>၅။ ယေရှု ဤလောက၌ရှိစဉ်အချိန်က ဆောင်ရွက်ခဲ့သည့် အမှုတော်အချို့ကို ဖော်ပြပါ။ | မဟာစေခိုင်းချက်ကို လေ့လာပါ။ ***(ရှင်မဿဲ၊ ၂၈း၁၆-၂၀)***<br>၁။ ယေရှုသည် ဤအကြောင်းအရာများကို မည်သို့ မိန့်တော်မူခဲ့သနည်း။ ***(အငယ်၊၁၈)***<br>၂။ တပည့်တော်များထံ မိန့်မှာခဲ့သည့် လမ်းညွှန်မှု လေးခုမှာ အဘယ်နည်း။<br>၃။ တပည့်တော်ဖြစ်ခြင်း ဆိုသည်မှာ အဘယ်နည်း။ ဆက်လက်ဖြစ်နေသည့် အခြေအနေကို ဆိုလိုခြင်း ဖြစ်ပါသလား။<br>၄။ တပည့်တော်တို့သည် အမိန့်တော်ကို နာခံလျှင် ယေရှုသည် သူတို့အား မည်သည့် ကတိပေးခဲ့သနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သခင်ယေရှု၏ အမှုတော်ထဲတွင် ကျွန်ုပ်တို့ပါဝင်လုပ်ဆောင်နိုင်သည့် အရာတစ်ခုကို ဖော်ပြပါ။<br>၂။ ကျွန်ုပ်တို့သည် အတိတ်ကာလတွင် ကျဆုံးခဲ့ဘူးသူများ ဖြစ်သော်လည်း ဘုရားသခင်၏ အမှုတော်အတွက် ရှေ့ဆက်လှမ်းပါ။<br>၃။ ခက်ခဲ၊ ကြမ်းတမ်းသည့်အချိန်တွင်လည်း သခင်ယေရှုဘုရား၌ ယုံကြည်ကိုးစားပါ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သင်၏ အသက်တာအား ယေရှုထံ ဆက်ကပ်အပ်နှံထားပါသလား။ သင်၏ အသက်တာသစ်ဖြင့် ယေရှုအတွက် အသက်ရှင်ရန် အပ်နှံထားပါသလား။<br>၂။ ယေရှု၏ စကားတော်ကို နာခံခြင်းဖြင့် သင် ဗတ္တိဇံ ခံယူပြီးပြီလား။ အကယ်၍ မခံယူရသေးပါလျှင် အဘယ်ကြောင့်နည်း။ |

| | ၁၈ - အဆင့် ၃<br>သင်ခန်းစာ ၃ - သတင်းကောင်း ရေးသူများ<br>ခေါင်းစဉ် - ရှင်လုကာ | ၁၈ - အဆင့် ၄<br>သင်ခန်းစာ ၃ - ရှေ့ဆက်သည့် ခရီး<br>ခေါင်းစဉ် - ပွဲတော်မင်္ဂလာ |
|---|---|---|
| | **ကျမ်းညွှန်း၊** *ရှင်လုကာ ၁း ၁-၄၊ ရှင်လုကာ၊ ၄း ၁-၁၂*<br>**အခ်ိကသော့ချက်ကျမ်း** *ရှင်လုကာ၊ ၁၉း ၁၀*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယေရှုသည် "ဘုရားသခင်၏ သားတော်" ဖြစ်သကဲ့သို့ "လူသားစစ်စစ်" ဖြစ်ကြောင်းကို ရှင်လုကာက အလေးပေး ဖော်ပြထားသည်။<br>၂။ ယေရှုသည် အပြစ်မပြုလုပ်နိုင်ကြောင်း စုံစမ်းသွေးဆောင်ခြင်းခံသည့် အရာအားဖြင့် ဖော်ပြနေသည်။ အဘယ်ကြောင့်ဆိုသော် သူသည် အပြစ်သားများ၏ ကယ်တင်ရှင် ဖြစ်ရန်အတွက် သန့်ရှင်းသည်။ အပြစ်လုံးဝမရှိပေ။ | **ကျမ်းညွှန်း၊** *ရှင်လုကာ၊ ၂၂း ၁၄-၂၀၊ ၁ကော၊ ၁၁း ၂၃-၃၁*<br>**အခ်ိကသော့ချက်ကျမ်း** *၁ကော၊ ၁၁း ၂၆*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကျွန်ုပ်တို့သည် အလွန်ထူးခြားသည့်နည်းလမ်းဖြင့် သူ့အား သတိရရန် ယေရှု မိန့်မှာခဲ့သည်။<br>၂။ ကျွန်ုပ်တို့သည် ထိုသတိရအောက်မေ့ခြင်းကို အထူးအလေးထား ဆောင်ရွက်သင့်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ရှင်လုကာခရစ်ဝင်ကျမ်း နှင့် တမန်တော်ဝတ္တုသည် သော်ဖိလုထံ ရေးသားထားကြောင်း ကျွန်ုပ်တို့ တွေ့ရှိရသည်။ ကျွန်ုပ်တို့သည် ထိုသူ၏အကြောင်းကို အနည်းငယ် သိနိုင်သည်။ သူ၏အမည်နာမသည် "ထူးကဲကြီးမြတ်"သည်။ သူသည် အစိုးရဝန်မင်း တစ်ဦးဖြစ်ကြောင်း ရှင်လုကာက ဖော်ပြထားသည်။ ***(လု၊၁း၃)*** သူ၏အမည်မှာ "ဘုရားသခင်၏ မိတ်ဆွေ" ဟု အ အဓိပ္ပာယ်ရသည်။ သူသည် ရောမအင်ပါယာ၏ လက်အောက်တွင် အမှုထမ်းနေသည့် ခရစ်ယာန်တစ်ယောက် ဖြစ်သည်။ ရှင်လုကာသည် မတိကျသောပြောဆိုရေးသာချက်များကို ရပ်တန့်စေရန်အတွက် မျက်မြင်သက်သေများ၏ သက်သေခံချက်များအတိုင်း ရေးသားထားသည့် သခင်ယေရှု၏ သက်တော်စဉ်စာအား သူ့ထံ ပို့လိုက်သည်။ | မိမိတို့နှင့် ခွဲခွါသွားပြီး ပြန်မတွေ့နိုင်တော့သည့် သူတစ်ယောက်နှင့် ပတ်သက်သည့် သတိရစရာ အမှတ်တရများ၊ သို့မဟုတ် အမှတ်တရဓာတ်ပုံများ စသည်ဖြင့် ကျောင်းသားများထံ မေးပါ။ သခင်ယေရှုသည် တပည့်တော်များနှင့် ခွဲခွါသွားသည့်အခါ ထူးခြားသည့်နည်းလမ်းဖြင့် သတိရစရာ အမှတ်တရများ ချန်ထားခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်လုကာသည် တပါးအမျိုးသား ခရစ်ယာန် ဆရာဝန်တစ်ဦး ဖြစ်သည်။ သူသည် ရှင်ပေါလု၏ အရင်းနှီးဆုံး မိတ်ဆွေတစ်ဦး ဖြစ်သည်။<br>၂။ ရှင်လုကာသည် သခင်ယေရှု၏ မွေးဖွားခြင်းကို "သခင်ခရစ်တော် တည်းဟူသောကယ်တင်သောအရှင်" ဟု ရည်ညွှန်း ဖော်ပြထားသည်။ ***(လု၊၂း၁၁)*** ယေရှုသည် ဘုရား ဖြစ်ပြီး၊ လူ့ဇာတိ လာရောက်ခံယူခြင်း ဖြစ်သည်။<br>၃။ ယေရှုသည် လူသားအဖြစ် ပုံမှန်ဖွံ့ဖြိုးခဲ့ကြောင်း ရှင်လုကာက မှတ်တမ်းတင်ထားသည်။ ***(လု၊၂း၅၂)*** သခင်ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ ဆိုသည်မှာ သူ၏ခန္ဓာဖွံ့ဖြိုးကြီးထွားခြင်းကို ဆိုလိုပြီး၊ ပညာတိုးပွါးလျက် ဆိုသည်မှာ သူ၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးခြင်းကို ဖော်ပြပြီး၊ ဘုရားသခင်ရှေ့ မျက်နှာရခြင်းဆိုသည်မှာ သူ၏ဝိညာဉ်ရေးရာကြီးထွားခြင်းကို ဖော်ပြပြီး၊ လူတို့ရှေ့မှာ မျက်နှာရခြင်း ဆိုသည်မှာ သူ၏လူမှုရေးဖွံ့ဖြိုးခြင်းကို ဆိုလိုခြင်း ဖြစ်သည်။<br>၄။ သခင်ယေရှု စုံစမ်းသွေးဆောင်ခံရသည့် အကြောင်းကို အကျဉ်းချုံးရှင်းပြပါ။ ***(လု၊၄း ၁-၁၃)*** ဤအရာအားဖြင့် သူသည် ပြီးပြည့်စုံသောသူ ဖြစ်ကြောင်းနှင့် သူသည် စုံစမ်းခြင်း၌မကျဆုံးကြောင်း တွေ့ရှိရသည်။<br>၅။ ***လု၊၂၃***၌သခင်ယေရှု၏ အသေခံခြင်းအကြောင်း နှင့် သူနှင့်ပတ်သက်၍ ဖိလတ်မင်း၊ သူခိုး နှင့် တပ်မှူး တို့၏ ထူးဆန်းသည့် ဝေဖန်ချက်များ အကြောင်းကို တွေ့ရသည်။ ထိုအရာများအားဖြင့် သခင်ယေရှု၏ ပြီးပြည့်စုံခြင်းကို ဖော်ပြနေသည်။ ***(လု၊၂၃း၁၄၊ ၄၁၊ ၄၇)*** သူသည် *အပြစ်ကင်းသောသူ ဖြစ်ကြောင်း ရှင်းပြပါ။ သူသည် ကျွန်ုပ်တို့အပြစ်အတွက် အသေခံရန် မထိုက်တန်ပေ။ ထိုပြီးပြည့်စုံသည့်သူသည် ယနေ့တွင် ကောင်းကင်၌ ရှိနေပြီး၊ အပြစ်သားများကို ကယ်တင်လိုသည်။ သူနှင့်ဆိုင်သောသူများဖြစ်သည့် သူအား ကယ်တင်ရှင်အဖြစ် ယုံကြည်ကိုးစားသောသူများကို ကြည့်ရှုစောင့်ရှောက်ပေးနေသည်။*<br><br>**အခ်ိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများသင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI ယေရှုသည် စုံစမ်းသွေးဆောင်ခြင်း ခံရသည်။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ နောက်ဆုံးညတွင် သခင်ယေရှုနှင့်တပည့်တော်များသည် အတူရှိနေကြသည်။ သခင်ယေရှုသည် မုန့်အနည်းငယ် နှင့် စပျစ်ရည်အတွက် ဘုရားသခင်ထံ ကျေးဇူးတော်ချီးမွမ်းခဲ့သည်။ မုန့်သည် သူတို့အတွက် ကျိုးပဲ့ရမည့် သူ၏ကိုယ် ဖြစ်ကြောင်းနှင့် စပျစ်ရည်သည် သူတို့အတွက် သွန်းရမည့် သူ၏အသွေး ဖြစ်ကြောင်း ရှင်းပြခဲ့သည်။ ထို့နောက် သူ့အား သတိရသည့်အခါခါ ထိုအရာကို လုပ်ဆောင်ရန် တပည့်တော်များအား မှာကြားခဲ့သည်။ ***(လုကာ၊ ၂၂း ၁၄-၂၀)***<br>၂။ တပည့်တော်တို့သည် သခင်ယေရှု ပြောပြသည့်အရာကို ကောင်းစွာ နားမလည်ကြပေ။ မကြာမီ ဖြစ်လာမည့်အရာကို ယေရှုတစ်ပါးတည်းသာ ကြိုတင်သိနှင့်နေသည်။ သို့သော် တပည့်တော်တို့သည် ဤမိန့်မှာချက်ကို သတိရကြပါသည်။<br>၃။ မုန့်နှင့်စပျစ်ရည်ကို သုံးဆောင်ခြင်းဖြင့် သခင်ယေရှု၏ အသေခံခြင်းကို ဆင်ခြင်အောက်မေ့ခြင်းသည် ခရစ်ယာန်များအတွက် အလွန်ထူးခြားသည့် နည်းလမ်းတစ်ခုပင် ဖြစ်သည်။ ***(၁ကော၊ ၁၁း ၂၃-၂၆)***<br>၄။ အဲဂုတ္တုပြည်မှ ကယ်နှုတ်ခြင်းခံရသည့်အတွက် ပသခါပွဲ ကျင်းပကြသကဲ့သို့ မုန့် နှင့် စပျစ်ရည် သုံးဆောင်ခြင်းဖြင့် ခရစ်တော်အားဖြင့် အပြစ်ငရဲမှ ကယ်တင်ခြင်း ခံစားရသည့်အကြောင်း ပွဲတော်ကျင်းပခြင်း ဖြစ်သည်။<br>၅။ သူ့အား သတိရသည့်အခါခါ မုန့်နှင့်စပျစ်ရည် သုံးဆောင်ခြင်းဖြင့် သူ ပြန်လည်ကြွလာသည့်တိုင်အောင် လုပ်ဆောင်ရမည်ဟု သခင်ယေရှုသည် တပည့်တော်များအား မိန့်မှာခဲ့သည်။ ဤသို့လုပ်ဆောင်ခြင်းသည် သခင်ယေရှု၏ အသက်တာ နှင့် အသေခံခြင်းအား သတိရအောက်မေ့ခြင်း သက်သက်မဟုတ်ပေ။ ကတိတော်နှင့်ဆိုင်သော ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို သတိပေး နှိုးဆော်နေခြင်း ဖြစ်သည်။<br>၆။ သခင်ယေရှုသည် မိမိကိုယ်ကို ပသခါသိုးသငယ်အဖြစ်ခံယူပြီး လူတို့၏ အပြစ်များအတွက် မိမိကိုယ်ကို တင်လှူပူဇော်ခြင်းဖြင့် တပည့်တော်များနှင့်အတူ ဤပသခါပွဲကို ကျင်းပလိုသည်။ ထိုအရာသည် သူ၏ကိုယ်ခန္ဓာ နှင့် အသွေးတော်အား တပည့်တော်များအတွက် ပေးဆက်သည့် သင်္ကေတ ဖြစ်သည်။<br><br>**အခ်ိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများသင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI နောက်ဆုံးညစာ စားပွဲ |
| ပြန်လှန်လေ့ကျင့်ပါ | အောက်ပါမေးခွန်းများကို အသုံးပြု၍ သင်ခန်းစာကို ပြန်လှန်ပါ။<br>၁။ ရှင်လုကာခရစ်ဝင်ကျမ်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။<br>၂။ ရှင်လုကာ၏ အလုပ်မှာ အဘယ်နည်း။<br>၃။ ရှင်လုကာသည် သော်ဖိလုထံ စာရေးရသည့်အကြောင်းအရင်းမှာ အဘယ်ကြောင့်နည်း။<br>၄။ ယေရှု၏ မွေးဖွားခြင်း၌"သခင်ခရစ်တော် တည်းဟူသောကယ်တင်သောအရှင်" ဟု အမည်ပေးရသည့် ရည်ရွယ်ချက်မှာ အဘယ်နည်း။<br>၅။ ရှင်လုကာသည် သခင်ယေရှု၏ စုံစမ်းသွေးဆောင်ခြင်း ခံရသည့်အကြောင်း ထည့်သွင်းရေးထားရခြင်းမှာ အဘယ်ကြောင့်နည်း။<br>၆။ ***ရှင်လုကာ၊ ၂၃း ၁၄၊ ၄၁ နှင့် ၄၇*** အားကြည့်ပြီး ဤသူတို့သည် "ပြီးပြည့်စုံသည့် လူသား" အကြောင်းကို မည်သို့ ပြောထားကြကြောင်း ဆွေးနွေးပါ။ | ကျွန်ုပ်တို့သည် ပွဲတော်မင်္ဂလာကို မသုံးဆောင်မီ မိမိတို့ကိုယ်မိမိတို့ စစ်ကြောပြီးမှ ဤပွဲတော်မင်္ဂလာကို သုံးဆောင်သင့်ကြောင်း ***၁ကော၊ ၁၁း ၂၇-၃၁၌*** ဖော်ပြထားသည်။ ဤအဓိပ္ပာယ်ကို သင်မည်သို့ တွေးထင်ပါသနည်း။ ဆွေးနွေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သခင်ယေရှုသည် "ပြီးပြည့်စုံသည့်လူသား" သို့မဟုတ် အခြားသောသူများကဲ့သို့ သာမန်လူသားလား။ မည်သို့သောသူဖြစ်သည်ဟု သင် တွေးထင်ပါသနည်း။<br>၂။ ဤပြီးပြည့်စုံသည့် လူသားအား သင်၏ကယ်တင်ပိုင်ရှင်သခင်အဖြစ် သင်ယုံကြည်လက်ခံပါသလား။ သင် ယုံကြည်လက်ခံပြီးပါလျှင် ထိုသခင်၏ အကြောင်းကို သူတပါးထံ သက်သေခံပြီးပြီလား။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် ခရစ်ယာန်များအနေဖြင့် မုန့် နှင့် စပျစ်ရည်ကို သုံးဆောင်သည့်အခါ မိမိကိုယ်တို့ကိုယ်မိမိတို့ စစ်ကြောပြီးမှ အလေးအနက်ထား၍ သုံးဆောင်ကြပါသလား။<br>၂။ ကျွန်ုပ်တို့သည် ယဇ်ပရောဟိတ်များမှတဆင့် ဘုရားသခင်ထံ ယဇ်ပူဇော်စရာ မလိုဘဲ သခင်ယေရှု ခရစ်တော်အားဖြင့် ဘုရားသခင်ထံ တိုက်ရိုက် ဆက်သွယ်နိုင်သည့် "ပဋိညာဉ်တရားသစ်" အား နှစ်သက်ပါသလား။ ကျေးဇူးတင်ပါသလား။ |

| | ၁၈ - အဆင့် ၃<br>သင်ခန်းစာ ၄ - သတင်းကောင်းရေးသူများ<br>ခေါင်းစဉ် - ရှင်ယောဟန် | ၁၈ - အဆင့် ၄<br>သင်ခန်းစာ ၄ - ရွှေဆက်သည့် ခရီး<br>ခေါင်းစဉ် - ခရစ်ယာန်တစ်ယောက်အဖြစ် ကြီးထွားလာခြင်း |
|---|---|---|
| | **ကျမ်းညွှန်း၊** *ရှင်ယောဟန် ၂၀း ၂၆-၃၁*<br>**အဓိကသော့ချက်ကျမ်း** *ရှင်ယောဟန် ၂၀း ၃၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ယေရှုသည် "ဘုရားသခင်၏ သားတော်" ဖြစ်ကြောင်း ရှင်ယောဟန်မှ အလေးပေး ဖော်ပြထားသည်။<br>၂။ သခင်ယေရှုသည် "ငါသည်" ဆိုသောစကားလုံးအား အကြိမ်များစွာ အသုံးသည်။ ထိုသို့ အသုံးပြုထားခြင်းဖြင့် သူသည် ခမည်းတော်ဘုရားကဲ့သို့ပင် ဘုရားဖြစ်ကြောင်း ဖော်ပြနေသည်။ ဓမ္မဟောင်းကျမ်းတွင် ခမည်းတော်ဘုရားသည်လည်း မိမိကိုယ်မိမိ "ငါသည်" ဆိုသော စကားလုံးကို အသုံးပြုထားသည်။ ***(ထွက်၊ ၃း ၁၄-၁၅)*** | **ကျမ်းညွှန်း၊** *၁ပေတရု ၂း ၁-၃၊ ၂ပေတရု ၃း ၁၈၊ တမန် ၁၇း ၁၀-၁၂*<br>**အဓိကသော့ချက်ကျမ်း** *၁ပေတရု ၂း ၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ခရစ်ယာန်တို့သည် သူတို့၏ ယုံကြည်ခြင်း၌နေ့စဉ်ကြီးထွားလျက်ရှိကြသည်။<br>၂။ ယုံကြည်သူ ခရစ်ယာန်အယောက်စီတိုင်း၏ အသက်တာတွင် ဘုရားသခင်၏ ကျေးဇူးတော်နှင့် သိကျွမ်းခြင်းအကြောင်းကို တိုး၍ သင်ယူရန် အမြဲလိုအပ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ရှင်ယောဟန်သည် သခင်ယေရှုအား "နှုတ်ကပတ်တော်" ဖြစ်ကြောင်း ရည်ညွှန်း၍ မိတ်ဆက်ခြင်းဖြင့် သူ၏ခရစ်ဝင်ကျမ်းကို အစပြုထားသည်။ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်မိမိတို့ သူတပါးထံ ဖော်ပြကြသည့်အခါ သို့မဟုတ် ရှင်းပြကြသည့်အခါ စကားလုံးများသည် အဓိပ္ပာယ်အသီးသီး ရှိကြပါသည်။ ခမည်းတော်ဘုရားသခင်၏ ဇာတိအဖြစ်တော်သည် ဤလောက၌လူသားအဖြစ် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ကျော်က အပျိုကညာ မာရိအားဖြင့် ဗက်လင်မြို့တွင် မွေးဖွားခဲ့သည့် အချိန်တွင် သားတော်အားဖြင့် ထင်ရှားပြခဲ့သည်။ ယေရှုသည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခြင်းအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့အား မည်မျှချစ်ကြောင်း ဖော်ပြခဲ့သည်။ ထို့ကြောင့် သခင်ယေရှုသည် ဘုရားသခင်၏ တည်ရှိခြင်းကို ကျွန်ုပ်တို့ထံ ဖော်ပြခဲ့သူ ဖြစ်သည်။ | တိရိစ္ဆာန်ကလေးများ၊ ကလေးငယ်များ၊ ဟင်းသီးဟင်းရွက်ပင်များ၊ သစ်ပင်များ မည်သို့ ကြီးထွားကြသည့်အကြောင်းကို အဖွဲ့များခွဲ၍ ဆွေးနွေးပါ။ ထိုအရာများ ကြီးထွားရှင်သန်ရန် မည်သည့်အရာများ လိုအပ်သနည်း။ ၄င်းတို့လိုအပ်သည့် အရာများကို မရရှိကြလျှင် မည်သို့ ဖြစ်ကြမည်နည်း။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှင်ယောဟန်သည် သခင်ယေရှုအား "နှုတ်ကပတ်တော်" အဖြစ်ရည်ညွှန်းထားသည်။ ***(ယော၁း၁)***<br>၂။ ရှင်ယောဟန်သည် မိမိကိုယ်မိမိ "ယေရှုချစ်တော်မူသော တပည့်တော်" အဖြစ် ရည်ညွှန်း ဖော်ပြထားသည်။ ***(ယော၊၂၀း၂)***<br>၃။ ရှင်ယောဟန်ခရစ်ဝင်ကျမ်းရှိ "ငါသည်" စကားလုံးသည် ဘုရားသခင်၏ အမည် နာမဖြစ်သည်။ သခင်ယေရှုသည် ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများကို နည်းလမ်း ခုနှစ်မျိုးဖြင့် ရည်ညွှန်းဖော်ပြထားသည်။<br>အသက်မုန့် ***(ယော၊ ၆း ၃၅၊ ၄၁၊ ၄၈၊ ၅၁)***<br>လောက၏ အလင်း ***(ယော၊ ၈း ၁၂၊ ၉း ၅)***<br>တခါးဝ ***(ယော၊ ၁၀း ၇၊ ၉)***<br>ကောင်းသောသိုးထိန်း ***(ယော၊ ၁၀း ၁၁၊ ၁၄)***<br>ထမြောက်ခြင်းအကြောင်း၊ အသက်ရှင်ခြင်းအကြောင်း ***(ယော၊ ၁၁း ၂၅-၂၆)***<br>လမ်းခရီး၊ သမ္မာတရား၊ အသက် ***(ယော၊ ၁၄း ၆)***<br>စပျစ်နွယ်ပင် ***(ယော၊ ၁၅း ၁၊ ၅)***<br>၄။ ကျွန်ုပ်တို့သည် သခင်ယေရှုအား ယုံကြည်လက်ခံပြီး ထာဝရအသက်ရရှိနိုင်ရန် ရှင်ယောဟန်သည် ရှင်ယောဟန်ခရစ်ဝင်ကျမ်းကို ရေးသားခဲ့ခြင်း ဖြစ်သည်။ ***(ယော၊ ၂၀း၃၀-၃၁)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI သင့်လျော်သည့်ပုံမရှိပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ခရစ်ယာန်တစ်ယောက်အနေဖြင့် ကျွန်ုပ်တို့ လိုက်လျှောက်ရမည့် နည်းလမ်းအချို့ ရှိသည်။ ကျွန်ုပ်တို့၏ အပြုအမူနှင့် အသက်ရှင်ခြင်းအားဖြင့် ခရစ်တော်၏ သဏ္ဍာန်ပေါ်လွင်စေရမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်တာအားဖြင့် သခင်ယေရှုအား ချီးမြောက်လိုလျှင် ကျွန်ုပ်တို့ နာခံလိုက်လျှောက်သင့်သည့် အရာများကို သမ္မာကျမ်းစာထဲရှိ ကျမ်းချက်များမှ ကူညီပေးသွားမည် ဖြစ်သည်။<br>၂။ ကျွန်ုပ်တို့၏ အသက်တာတွင် မနာလိုခြင်း၊ လှည့်ဖြားခြင်း၊ လျှို့ဝှက်ခြင်း၊ ငြူဆူခြင်း၊ ကဲ့ရဲ့ခြင်းများကို ပယ်ရှားသင့်ကြောင်း ၁ပေ ၂း၁၌ ဖော်ပြထားသည်။<br>၃။ ပြောင်လဲလာခါစ ခရစ်ယာန်သည် မွေးခါစကလေးငယ်နှင့်တူကြောင်း ၁ပေ၂တွင် ဖော်ပြထားသည်။ ခရစ်ယာန်ကလေးတစ်ယောက်သည် ကြီးထွားရန်အတွက် နို့ကို သောက်သုံးရမည် ဖြစ်သည်။ ထိုနို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော် ဖြစ်သည်။ ကလေးတစ်ယောက်သည် အစဉ်အတိုင်း ကြီးထွားလာမည် ဖြစ်သည်။ သို့သော် အစားအစာ ဆက်လက်လိုအပ်နေဆဲ ဖြစ်သည်။ ထို့အတူပင် ခရစ်ယာန်အသက်တာ ကြီးထွားရာတွင် လုံးလောက်ပြီး၊ ပြည့်စုံပြီး ကြီးထွားရန် အကူအညီပေးသည့် အစာ ***(ကျမ်းစာ)*** မလိုတော့ဘူး ဟူ၍မရှိပေ။<br>၄။ ကျွန်ုပ်တို့သည် ကျေးဇူးတော်၌၄င်း ၊ သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌၄င်း ကြီးထွားရန် ***၂ပေ၊ ၃း ၁၈*** တွင် သွန်သင်ထားသည်။ *ကျေးဇူးတော်နှင့် သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း ဆိုသည်မှာ အဘယ်နည်း။ မည်သို့ ကြီးထွားနိုင်မည်နည်း။ ကျောင်းသားများနှင့် ဆွေးနွေးပါ။*<br>၅။ ရှင်ပေါလု နှင့် သိလတို့သည် ဗေရိမြို့၌ သတင်းကောင်း ဝေငှကြသောအခါ လူများတို့သည် စိတ်ဝင်တစားနှင့် နားထောင်ခဲ့ကြသည်။ ***တမန်၊ ၁၇*** ၌ထိုသူတို့သည် အလွန်ကြည်ညိုသောစေတနာစိတ်နှင့် နှုတ်ကပတ်တော်ကို ခံယူ၍၊ မှန်သည် မမှန်သည်ကို သိခြင်းငှါ ကျမ်းစာကို နေ့တိုင်း အစဉ်ကြည့်ရှုကြကြောင်း တွေ့ရှိရသည်။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ခံယူရာတွင် မည်မျှ စိတ်အား ထက်သန်ကြပါသနည်း။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI သင့်လျော်သည့်ပုံမရှိပါ။ |
| ပြန်လှန်လေ့ကျင့်ပါ | အထက်တွင်ပေးထားသည့် "ငါသည်" ဆိုသော ဘုရားသခင်၏ ဂုဏ်အင်္ဂါလက္ခဏာများကို ဖော်ပြသည့် နည်းလမ်း ခုနှစ်မျိုးအား ကြည့်ပါ။ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း တစ်ခုချင်းစီမှ မည်သို့ ဖော်ပြထားကြောင်း ဆွေးနွေးပါ။ | ***တမန်၊ ၁၇း ၁၀-၁၂*** တွင် ရှိသော ဗေရိယုံကြည်သူတို့သည် နှုတ်ကပတ်တော်ကို အလွန်လိုချင်သောစိတ်ရှိပြီး၊ ပေါလုနှင့်သိလတို့ ဟောပြောသောအရာသည် မှန်သည်မမှန်သည်ကို သိခြင်းငှါ နှုတ်ကပတ်တော်နှင့်စစ်ဆေးခဲ့ကြသည်။ ဆရာ သို့မဟုတ် ခေါင်းဆောင် တစ်ဦးဦးမှ ဟောပြောသည့်အခါ မှန်သည်ဟု ချက်ခြင်းမယူဆသင့်ပေ။ အထူးဂရုစိုက်သင့်ပေသည်။ အဖြေမှန်ကို ကျွန်ုပ်တို့ကိုယ်တိုင်း သမ္မာကျမ်းစာတွင် ရှာဖွေရမည် ဖြစ်သည်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ယေရှုသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ယုံကြည်ပါသလားဟု ကျောင်းသားများအား မေးပါ။<br>၂။ အကယ်၍ ယုံကြည်ပါက ထာဝရအသက်ရရန်အတွက် သခင်ယေရှုဘုရား၌ ယုံကြည်ကိုးစားပါသလား။ ***(ယော၊ ၁း ၁၂-၁၃၊ ၅း ၂၄)***<br>၃။ ကျွန်ုပ်တို့သည် ထာဝရအသက်ကို လက်ခံရရှိပါက ကောင်းကင်သို့ ဝင်စားရမည် ဖြစ်ကြသည်။ ကျွန်ုပ်တို့အသက်တာတွင် ဘုရားသခင်၏ အလိုတော်ကို နားလည်နိုင်ရန် သမ္မာကျမ်းစာကို နေစဉ် ဖတ်ရှုရမည်။ ကျွန်ုပ်တို့အပေါ်ထားရှိသည့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာအား ကျေးဇူးတော်ချီးမွမ်းရမည်။ ထို့ပြင် နေ့စဉ်ဖတ်ရှုသည့် သမ္မာကျမ်းစာအတိုင်း နာခံလိုက်လျှောက်နိုင်ရန် ဘုရားသခင်ထံ ဆုတောင်းရမည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့၏အသက်တာများ ကြီးထွားရန် နေ့စဉ်ရှာဖွေနေပါသလား။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်း တည်ကြည်ခိုင်ခံ့စေရန် နှင့် ဘုရားသခင်၏အကြောင်း ပိုမိုသိရှိစေရန် နေ့စဉ် ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်းများကို သင်၏အသက်တာတွင် လက်တွေ့လုပ်ဆောင်နေပါသလား။ ဘုရားသခင်၏ နှုတ်ကပတ်တော် လေ့လာခြင်း နှင့် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြခြင်းအားဖြင့်သာ ကျွန်ုပ်တို့၏ အသက်တာများ ကြီးထွားနိုင်မည်။<br>၂။ ဗေရိယုံကြည်သူများ နှင့် ကျွန်ုပ်တို့၏အသက်တာများကို မည်သို့ နှိုင်းယှဉ်နိုင်မည်နည်း။ ကျွန်ုပ်တို့အား သွန်သင်သည့်အရာများကို စေတနာစိတ်နှင့် ကျွန်ုပ်တို့ နားထောင်နေပါသလား။ ကျွန်ုပ်တို့သည် အဖြေမှန် ရရှိရန်အတွက် နေစဉ် သမ္မာကျမ်းစာကို ဖတ်ရှုနေပါသလား။<br>၃။ နှုတ်ကပတ်တော်သည် ဘုရားသခင်၏ စကားတော်ဖြစ်ကြောင်း ကျွန်ုပ်တို့ မည်သို့သေချာစွာ သိနိုင်သနည်း။ ဆွေးနွေးပါ။ |

| | ၁၉ - အဆင့် ၃<br>သင်ခန်းစာ ၁ - မောရှေ<br>ခေါင်းစဉ် - ခြင်းတောင်းထဲရှိ ကလေးငယ် | ၁၉ - အဆင့် ၄<br>သင်ခန်းစာ ၁ - မောရှေ<br>ခေါင်းစဉ် - မင်းသား |
|---|---|---|
| | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ၊ ၁း ၆-၁၄ နှင့် ၂၂၊ ၂း ၁-၁၀*<br>**အဓိကသော့ချက်ကျမ်း** *ဟေဗြဲ၊ ၁၁း ၂၃*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ အဲဂုတ္တုဌ် ဣသရေလလူမျိုးတို့သည် တိုးပွါးများပြားလာကြသည်။ ဖါရောမင်းကလည်း ထိုလူမျိုးသည် များပြား၍ အားကြီးကြသောကြောင့် သူတို့အား တိုက်ခိုက်ခြင်းဖြင့် စစ်ပွဲများ ဖြစ်လာမည်ကို စိုးရိမ်သာကြောင့် သားယောကျ်ားလေးများ မွေးဖွားလာလျှင် အသေသတ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။<br>၂။ ဣသရေလလူမျိုးများ ကျွန်ဘဝမှ လွတ်မြောက်ရန် နှင့် ဖါရောမင်းအား ဖျက်ဆီးရန် ဘုရားသခင်သည် မောရှေအား အသုံးပြုသွားလိမ့်မည် ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် နိုင်မြစ်ထဲမှ ကလေးငယ်မောရှေအား ကြိုတင်ကယ်တင်ခဲ့သည်။ | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၁း ၅-၂၂ ၊ ၂း ၁-၂၅*<br>**အဓိကသော့ချက်ကျမ်း** *ဟေဗြဲ ၁၁း ၂၃*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ အဲဂုတ္တုဌ် ဣသရေလလူမျိုးတို့သည် တိုးပွါးများပြားလာကြသည်။ ဖါရောမင်းကလည်း ထိုလူမျိုးသည် များပြား၍ အားကြီးကြသောကြောင့် သူတို့အား တိုက်ခိုက်ခြင်းဖြင့် စစ်ပွဲများ ဖြစ်လာမည်ကို စိုးရိမ်သာကြောင့် သားယောကျ်ားလေးများ မွေးဖွားလာလျှင် အသေသတ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။<br>၂။ ဘုရားသခင်၌ မောရှေ၏ အသက်တာအတွက် အကြံအစည်ရှိသည်။ - ဘုရားသခင်သည် ဣသရေလလူမျိုးများအား အဲဂုတ္တုပြည်မှ ကယ်ထုတ်ရန်အတွက် ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ၁၇ နှင့် ၁၈မှ သင်ခန်းစာများကို ပြန်လှန်ခြင်းဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၃၀၀က ယောသပ် နှင့် သူ၏အကိုများ အဲဂုတ္တုပြည်သို့ ရောက်ရှိလာပြီး လူဦးရေများပြားလာသည့် အကြောင်း ကျောင်းသားများထံ ရှင်းပြပါ။ ယောသပ်အား မသိသည့် ရှင်ဘုရင်အသစ် ပေါ်လာပြီး ဣသရေလလူမျိုးများကို ကျွန်အဖြစ် ခိုင်စေခဲ့သည်။ ထိုသို့ ဣသရေလလူမျိုးများ ကျွန်ခံစဉ် အတောအတွင်း မောရှေ မွေးဖွားလာခြင်း နှင့် သူအား မြစ်ထဲမှ ကယ်တင်ခဲ့ခြင်းဖြင့် ဘုရားသခင်သည် သူ၏ အစီအစဉ်ကို စတင်လုပ်ဆောင်လာခဲ့သည်။ မောရှေသည် ဣသရေလလူမျိုးများအား ခါနာန်ပြည်သို့ ဦးဆောင်ပြီး ပို့ဆောင်ပေးမည့်သူ ဖြစ်သည်။ | ၁၇ နှင့် ၁၈ရှိ သင်ခန်းစာများကို ပြန်လှန်ပါ။ ယောသပ်သေဆုံးပြီးနောက်တွင် ဣသရေလ လူများသည် တိုးပွါးများပြားလာခဲ့ကြောင်း ကျောင်းသားများထံ ရှင်းပြပါ။ သူတို့သည် များပြားသည့် လူမျိုးကြီး ဖြစ်လာခဲ့သည်။ ထိုသို့ ကြီးထွားလာခြင်းကို သတိထားမိသည့် ဖါရောဘုရင်သစ်သည် သူတို့အား ကျွန်အဖြစ် ခိုင်းစေခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ဘုရားသခင်သည် သူတို့အား မေ့လျော့ခြင်း ရှိတော်မမူပေ။ ဣသရေလလူမျိုးအတွက် သို၏အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဣသရေလလူမျိုးများ၏ တိုးပွါး၍ အားကြီးခြင်းကို မြင်သည့်အခါ ***(၁း၇)*** ဖါရောမင်းသည် သူတို့အား ဖျက်ဆီးရန် ကြိုးစားခဲ့သည်။ ***(၁း၈-၁၀)*** သို့သော် ဘုရားသခင်သည် သူတို့အား သတိနှင့် ကြည့်ရှုတော်မူပြီး သူတို့အား ကယ်တင်ရန် ကြိုတင်စီစဉ်ခဲ့သည်. ***(၁း၁၂)***<br>၂။ ဖါရောမင်းသည် ဣသရေလလူမျိုးများ လူဦးရေတိုးပွါးခြင်းကို တားဆီးရန်အတွက် သားယောကျ်ားလေးမွေးလျှင် အသေသတ်ရန် အမိန့်ထုတ်ပြန်ခဲ့သည်။ ***(၁း၁၅-၂၀)***<br>၃။ မောရှေသည် အာမရံ နှင့် ယောခေဗက် တို့မှ မွေးဖွားလာသောသား ဖြစ်သည်။ မိဘတို့သည် သားငယ်အား သုံးလကြည့်ရှုစောင့်ရှောက်ပြီးနောက်တွင် ပုခက်ရက်လုပ်၍ သားငယ်အား ထိုပုခက်ထဲထည့်ပြီး နိုင်မြစ်ထဲတွင် သွားထားလိုက်ကြသည်။ ***(၂း ၁-၃)***<br>၄။ သူငယ်လေး၏အမ မိရိအံ နှင့် သူ၏မိခင်၊ ဖါရောမင်း၏ သမီးတော်တို့ အသက်တာများအား အသုံးပြုခြင်းဖြင့် ဘုရားသခင်သည် မောရှေအား ကြိုတင်ကယ်တင်ခဲ့သည်။ ***(၂း ၄-၉)***<br>၅။ မောရှေသည် ဖါရောဘုရင့်သမီးတော်၏ သားဖြစ်ရသည့်အတွက် အဲဂုတ္တုပြည်၏ အတက်ပညာများကို သင်ကြားခွင့် ရရှိခဲ့သည်။ ***(တမန်၊ ၇း၂၂)*** အဲဂုတ္တုပြည်၏ ရာဇပလ္လင်အားလည်း အမွေခံရမည့်သူ ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများသင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သူငယ် မောရှေ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဣသရေလလူမျိုးတို့သည် တိုးပွါးလာပြီး သူတို့အားဆန့်ကျင်တိုက်ခိုက်ကာ သူ၏ထီးနန်းကို လုယူမည် စိုးရိမ်သောကြောင့် ဖါရောမင်းသည် ထိုသူတို့၏ တိုးပွါးခြင်းကို ရပ်တန့်စေရန် သူတို့အား ကျွန်အဖြစ် ခိုင်းစေခဲ့သည်။ ***(၁း ၈-၁၁)***<br>၂။ ဣသရေလလူမျိုးများသည် သာ၍ တိုးပွါးများပြားလာခဲ့သည်။ ထို့ကြောင့် ဖါရောမင်းသည် ဝမ်းဆွဲမတို့အား သားယောကျ်ားလေးများ မွေးဖွားလာလျှင် သတ်ပစ်ရန် အမန့်ပေးခဲ့သည်။ သို့သော် ဝမ်းဆွဲမတို့သည် ဖါရောမင်း၏ အမိန့်ကို ဆန့်ကျင်ပြီး ကလေးငယ်များအား ကယ်တင်ခဲ့သည်။ ***(၁း ၁၅-၂၀)***<br>၃။ မောရှေ မွေးဖွားလာသည့်အချိန်တွင် သူ၏မိခင်သည် ပုခက်ပြုလုပ်၍ သားငယ်အား ထိုအထဲသို့ထည့်ကာ နိုင်းမြစ်ဘေးတွင် ထားလိုက်သည်။ ***(၂း ၁-၃)***<br>၄။ ဖါရောမင်း၏သမီးတော်သည် မောရှေအား ကယ်တင်ခဲ့ပြီး၊ သူ၏ မိခင်သည်လည်း သူ၏ နို့ထိန်းဖြစ်လာခဲ့သည်။ ***(၂း ၄-၉)***<br>၅။ မောရှေသည် နန်းတော်သို့ ခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။ သူသည် ကြီးပြင်းလာသည့်အခါ ဣသရေလကျွန်များအား ကူညီပေးခြင်းဖြင့် သူ၏ အခွန့်အာဏာကို ဖော်ပြခဲ့သည်။<br>၆။ မောရှေသည် ဣသရေလကျွန်တစ်ဦးအား ရိုက်နက်နေသည့် အဲဂုတ္တုလူတစ်ဦးအား သတ်ခဲ့သည်။ ထို့ကြောင့် သူသည် မိဒျန်ပြည်သို့ ထွက်ပြေးခဲ့ရသည်။ ***(၂း ၁၁-၁၅)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သူငယ်မောရှေ နှင့် အဲရုတ္တုပြည်၏ မင်းသား မောရှေ |
| ပြန်လှန်လေ့ကျင့်ပါ | ကျောင်းသားများ သင်ယူခဲ့သည့် စာကြောင်းအချို့ကို အကျဉ်းချုံး မေးခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်ပါ။<br>(၁) မောရှေ မွေးဖွားလာသည့် နောက်ခံသမိုင်းကြောင်း<br>(၂) မောရှေ၏ ကြိုတင်ကယ်တင်ခြင်း ခံရခြင်း<br>(၃) သူ၏ ကြည့်ရှုစောင့်ရှောက်ခံရခြင်း<br>(၄) သူ၏ပညာရေး<br>(၅) အဲဂုတ္တုပြည်၌ သူခံစားရသည့် အခွန့်အာဏာ | သင်ခန်းစာ ၁ မှ မေးခွန်းများနှင့် နီးစပ်သည့် မေးခွန်းများကို မေးခြင်းဖြင့် သင်ခန်းစာကို ပြန်လှန်ပါ။ ဝမ်းဆွဲမများ နှင့် မောရှေ၏ မိဘများသည် ဖါရောမင်း၏အမိန့်အား မည်သို့ မနာခံခဲ့ကြကြောင်း စဉ်းစားပါ။ ခရစ်ယာန်များသည် မင်းအာဏာအား နာခံသင့် မသင့် အဖွဲ့များ ခွဲ၍ ဆွေးနွေးစေပါ။ အကယ်၍ နာခံရန် အလွန်ခက်ခဲသည့် အခြေအနေ ဖြစ်ခဲ့လျှင် နာခံရမည်လော။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ဘုရားသခင်သည် ကလေးငယ် မောရှေ၏ အသက်တာအား ကယ်တင်ပေးခြင်းဖြင့် လမ်းပြပို့ဆောင်ခဲ့ခြင်းမှာ သူ၏အသက်တာအတွက် ဘုရားသခင်၌ ကြီးမားသည့် အကြံအစီရှိသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကယ်တင်ခြင်းအတွက် ဘုရားသခင်၏ သားတော် သခင်ယေရှုအား ယုံကြည်လက်ခံလျှင် သူသည် ကျွန်ုပ်တို့၏ အသက်တာများအား လမ်းပြပြီး ထိန်းသိမ်းစောင့်ရှောက်ပေးသွားလိမ့်မည် ဖြစ်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ မောရှေ၏ မိဘများနှင့် ဝမ်းဆွဲမတို့သည် ဘုရားသခင်အား ကြောက်ရွံ့၍ ကိုးစားယုံကြည် ကြသောကြောင့် မျှော်လင့်ခြင်းမဲ့သည့် အခြေအနေမှာပင်လျှင် အမှန်တရားဘက်၌ ရပ်တည်ခဲ့ကြသည်။ ကျွန်ုပ်တို့သည် ထိုသို့ခက်ခဲသည့် အခြေအနေတွင် အမှန်တရားဘက်တွင် ရပ်တည်ကြမည်လား။<br>၂။ မောရှေ၏ အပြစ်သည် ထင်ရှားခဲ့သည်။ “သေးငယ်သည့် အပြစ်” ကို ဖုန်းကွယ်နိုင်မည် ဟု ကျွန်ုပ်တို့ တွေးထင်တတ်ကြသည်။ သို့သော် မည်သို့ပင် အစောင့်အရှောက်ရှိပါစေ ထိုအပြစ်များသည် ဘုရားသခင်ရှေ့၌ထင်ရှားမြဲဖြစ်သည်။ ဘုရားသခင်သည် အရာအားလုံးကို သိမြင်သော ဘုရားဖြစ်သည်။ |

| | ခ၉ - အဆင့် ၃<br>သင်ခန်းစာ ၂ - မောရှေ<br>ခေါင်းစဉ် - သူ၏ကြီးမားသော အမှား | ခ၉ - အဆင့် ၄<br>သင်ခန်းစာ ၂ - မောရှေ<br>ခေါင်းစဉ် - သိုးထိန်း |
|---|---|---|
| | **ကျမ်းညွှန်း၊** ***ထွက်မြောက်ရာ ၂း ၁၁-၂၂***<br>**အ<sup></sup>ဂကသော့ချက်ကျမ်း** ***တောလည်ရာ ၃၂း၂၃***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ မောရှေသည် သူ၏လူမျိုးများ စတင်ကူညီချင်လာခဲ့သည်။<br>၂။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အပြစ်များအား ဖုန်းကွယ်ရန် ကြိုးစားကြသော်လည်း သခင်ယေရှုဘုရား ရှေ့မှောက်တွင် ဖုန်းကွယ်၍ မရနိုင်ပေ။<br>၃။ သခင်ယေရှုဘုရား ရှေ့မှောက်တွင် ကျွန်ုပ်တို့၏ အပြစ်များအား ဖော်ပြဝန်ချ တောင်းပန်လျှင် သူသည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွှတ်ပေးမည် ဖြစ်သည်။ ***(၁ယော၊ ၁း၉)*** | **ကျမ်းညွှန်း၊** ***ထွက်မြောက်ရာ ၃း ၁-၁၆ ၊ ၄း ၁-၁၇***<br>**အဓိကသော့ချက်ကျမ်း** ***တမန်တော် ၇း ၃၅***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဘုရားသခင်သည် မောရှေ၏အသက်တာအား ပုံသွင်းပြုပြင်ပြီးနောက်တွင် သူ၏ လူမျိုးများအား ကယ်တင်ရန် အဲဂုတ္တုပြည်သို့ ပြန်သွားစေခဲ့သည်။<br>၂။ သူစေခိုင်းသည့်အလုပ်အား လုပ်ဆောင်ရန်အတွက် ဘုရားသခင်သည် မောရှေနှင့်အတူ ပါရှိမည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | သင်ခန်းစာ ၁ သည် မည်သို့ အဆုံးသက်ထားကြောင်း ကျောင်းသားများကို မေးပါ။ မောရှေသည် ဖါရောဘုရင့်သမီး၏ သားတော်အဖြစ် နန်းတော်သို့ ရောက်ရှိလာပြီး၊ နန်းတော်တွင် မင်းသားတစ်ပါးအဖြစ်ကြီးပြင်းလာခဲ့သည်။ ဤသင်ခန်းစာ၌ ယခုအချိန်တွင် သူသည် အသက်လေးဆယ် ရှိနေပြီး ဖြစ်သည်။ ***(တမန်၊၇း၂၃)*** အဲဂုတ္တုပြည်တွင် ဣသရေလလူမျိုးများ မည်သို့ ညှင်းပန်းခံရသည်များကို အာရုံထား၍ ဂရုစိုက်ခဲ့သည်။ မောရှေသည် စိတ်မထိန်းနိုင်ဘဲ အဲဂုတ္တုလူတစ်ဦးအား သတ်ခဲ့သည်။ ***(ထွက်၊ ၂း၁၄)*** သို့သော် သူသည် လူသတ်သည့်အမှုကို မှားယွင်းစွာ ကျူးလွန်ခဲ့သည်။ ဘုရားသခင်သည် သူ၏လူမျိုးများအား ကယ်တင်ရန် မောရှေအား အသုံးပြုသွားမည် ဖြစ်သည်။ သို့သော် သူသည် ဘုရားသခင်စေခိုင်းသည့် အလုပ်အား လုပ်ဆောင်နိုင်ရန် နောက်ထပ်အနှစ်လေးဆယ် စောင့်ရဦးမည် ဖြစ်သည်။ | ***ထွက်မြောက်ရာ ၃း၁*** ၌ရှိသော ဟောရပ်တောင်သည် သိနတောင်ဖြစ်ပြီး၊ ထိုတောင်သည် မောရှေ၏ဘဝအတွက် အလွန်အရေးပါသည့်တောင် ဖြစ်ကြောင်း ကျောင်းသားများအား ရှင်းပြပေးပါ။ ***ထွက်၊၃း၁၂*** ၌ဘုရားသခင်သည် မောရှေအား "ဤတောင်ပေါ်မှာ ဘုရားသခင်အား ဝတ်ပြုရလိမ့်မည်။" ဟု မိန့်တော်မူခဲ့သည်။ ဤတောင်ပေါ်တွင် မောရှေသည် ဘုရားသခင်နှင့် တွေ့ဆုံပြီး ဘုရားသခင်သည် မောရှေ၏လက်၌ "ပညတ်တော် ဆယ်ပါး" ပေးအပ်ခဲ့သည်။ ***(၁၉း ၁-၂၀)*** |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ မောရှေသည် ဣသရေလလူမျိုးများ ခံစားရသည် အခက်အခဲကို အလွန်စာနာပေးသူ ဖြစ်သည်။ သို့သော် သူသည် အဲဂုတ္တုလူအား သတ်ခဲ့သည့်အတွက် ဘုရားသခင်သည် သူ့အား စိတ်တော်မတွေ့ခဲ့ပေ။ ထိုအခြေအနေတွင် သူသည် ဘုရားသခင်ထံ ဆုတောင်းသင့်ပြီး လမ်းပြမှုကို တောင်းခံသင့်ပေသည်။<br>၂။ မောရှေသည် သူ၏အစွမ်းအစဖြင့် ဣသရေလလူမျိုးများအား ကယ်တင်နိုင်မည်ဟု တွေးထင်ခဲ့သည်။ သို့သော် ဘုရားသခင်၏ အစီအစဉ်မှာ ထိုသို့ မဟုတ်ပေ။<br>၃။ သူကျူးလွန်သည့် အပြစ်အား လူအများသိလာကြသည့်အခါ သူသည် မိဒျန်ပြည်သို့ ထွက်ပြေးသွားခဲ့သည်။ ***(၂း ၁၅)***<br>၄။ မောရှေသည် မိဒျန်ရေတွင်းနားတွင် သူ၏အနာဂတ် ဇနီးလောင်းကို တွေ့ရှိခဲ့သည်။ ***(၂း ၂၁)*** သူနှစ်လက်ထပ်ပြီး သားနှစ်ဦး ထွန်းကားခဲ့သည်။ ပထမသားအား ဂေရရှုံ အမည်ဖြင့် မှည့်ခဲ့သည်။ အဓိပ္ပာယ်မှာ "ဧည့်သည်အာဂန္တု" ဖြစ်သည်။ မိဒျန်ပြည်၌ နေထိုင်စဉ် မောရှေခံစားရသည့် လွမ်းဆွတ်ခြင်းကို ထိုအမည် အားဖြင့် ဖော်ပြနေသည်။ နောက်ထပ် သားတစ်ဦး၏အမည်မှာ ဧလျေဇာဖြစ်ပြီး၊ "ဘုရားသခင်သည် ငါ့အားမစသောအရှင်" ဟုအဓိပ္ပာယ်ရသည်။ မောရှေသည် ဖါရောဘုရင်၏ လက်မှ လွတ်ကင်းခွင့် ရရှိခဲ့သည့်အတွက် ဘုရားသခင်အား ကျေးဇူးတင်ခဲ့သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI မောရှေ အဲဂုတ္တုပြည်၏မင်းသား | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ မောရှေသည် အဲဂုတ္တုပြည်မှ ထွက်ပြေးလွတ်မြောက်သွားပြီး မိဒျန်လူမျိုးများအကြားတွင် သွားရောက်နေထိုင်ခဲ့သည်။<br>၂။ ဘုရားသခင်သည် မီးလောင်လျက်ရှိသော ချုံပုတ်အတွင်းမှ မောရှေထံ စကားပြောခဲ့သည်။ မောရှေသည် သူ၏ခြေနင်းအား ချွတ်ခဲ့သည်။ ဘုရားသခင်သည် သူ့အား အဲဂုတ္တုပြည်သို့ ပြန်သွားပြီး သူ၏လူမျိုးများအား သွားရောက်ကယ်ထုတ်ရန် ပြောသောအခါ ဘုရားသခင် စေခိုင်းသည့် အလုပ်အတွက် သူသည် ပြည့်စုံထိုက်တန်သည့်သူ မဟုတ်ကြောင်း ပြောခဲ့သည်။ ***(၃း ၁၀၁၁)***<br>၃။ အဲဂုတ္တုပြည်တွင် ဘုရားများစွာ ရှိသည်။ သို့သော် ***"ငါဖြစ်သည်ဟု အမည်ရှိသောသူသည် ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီးဟု "*** ဣသရေလအမျိုးသားတို့အားပြောရန် ဘုရားသခင်သည် မာရှေအား မိန့်တော်မူခဲ့သည်။ ***(၃း၁၄)***<br>၄။ ဘုရားသခင်သည် မောရှေ၏ လှံတံအား မြွေ အဖြစ်ပြောင်းလဲစေခြင်းဖြင့် မောရှေထံ သူ၏တန်ခိုးတော်ကို ဖော်ပြခဲ့သည်။ ထိုတူညီသည့်တန်ခိုးတော်အား မောရှေသည် ဣသရေလလူမျိုးများထံ ပြသခြင်းဖြင့် ဘုရားသခင်သည် မည်သို့သော ဘုရားဖြစ်ကြောင်း သိနိုင်ရန် အတွက် ဖြစ်သည်။<br>၅။ နောက်ဆုံး၌ အာရုန်သည် မောရှေကိုယ်စား စကားပြောပေးရန် ဘုရားသခင် သဘောတူညီခဲ့သည်။ မောရှေထံ မိန့်တော်မူသည့် ဘုရားသခင်၏ စကားတော်အား အာရုန်ထံ ပြောပြပြီး၊ အာရုန်မှတဆင့် ဣသရေလလူမျိုးများထံ ပြောပြရန် ဖြစ်သည်။ ***(ထွက်၊ ၄း၁၆)***<br>၆။ ဣသရေလလူမျိုးများအား အဲဂုတ္တုပြည်မှ ကယ်ထုတ်ရန်အတွက် မောရှေသည် အဲဂုတ္တုပြည်ရှိ ဖါရောဘုရင်ထံသို့ သွားခဲ့သည်။ ဤသို့ ဆုံးဖြတ်ချက်ချခြင်းသည် သူ့ဘဝအတွက် ကြီးမားသည့် စိန်ခေါ်မှုကြီး တစ်ခုပင် ဖြစ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI မောရှေ နှင့် မီးလောင်နေသည့် ချုံပုတ် |
| ပြန်လှန်လေ့ကျင့်ပါ | ***တမန်၊၇း၂၃-၂၉*** အား ဖတ်ခြင်းဖြင့် ဤသင်ခန်းစာအား ပြန်လှန်ပါ။ သင်ခန်းစာ ၂ ရှိ မေးခွန်းများအား ကျောင်းသားများ ကောင်းစွာ ဖြေဆိုနိုင်ရန် ထိုမေးခွန်းများနှင့် စပ်ဆက်သည့် မေးခွန်းများကို ကျောင်းသားများထံ မေးပါ။ | စကားပြောကွက်များ ပါဝင်သည့် မောရှေပုံ ပိုစတာတစ်ခုကို ရေးဆွဲပါ။ ဘုရားသခင်သည် သူအား အဲဂုတ္တုပြည်သို့ ပြန်သွားပြီး ဣသရေလလူမျိုးများအား ကယ်ထုတ်ရန် စေခိုင်းသည့်အလုပ်အား သူစဉ်းစားနေသည့်ပုံ ပေါ်လွင်စေရန် ရေးဆွဲပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင်၏ သားသနာတော်ထဲတွင် ကျွန်ုပ်တို့ ပါဝင်ကြသည့်အခါ မိမိတို့၏ အလိုအတိုင်း မလုပ်ဆောင်ဘဲ ဘုရားသခင်၏ အလိုတော်အတိုင်း အစေခံနိုင်ရန် ဘုရားသခင်၏ ကူညီလမ်းပြမှုကို တောင်ခံရန် အလွန်အရေးကြီးလှပါသည်။<br>၂။ ကျွန်ုပ်တို့၏ အပြစ်များအား ဖုန်းအုပ်မည့်အစား သခင်ယေရှုဘုရား ရှေ့မှောက်တွင် ဖော်ပြဝန်ချ တောင်းပန်ခြင်းသည် အလွန်အရေးကြီးလှသည်။ ဘုရားသခင် ရှေ့မှောက်တွင် လျှို့ဝှက်ချက်ဟူ၍ မရှိပေ။ ဘုရားသခင်သည် အရာအားလုံးကို သိမြင်သောဘုရား ဖြစ်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ မောရှေ၏ အသက်တာအား ပြုပြင်ပြောင်းလဲပြင်ဆင်ပေးသော ဘုရားသခင်သည် ယနေ့ ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် အုပ်စိုးတည်ရှိတော်မူသော ဘုရားသခင်ပင် ဖြစ်သည်။ ဘုရားသခင်သည် သူတို့၏ နှလုံးသာထဲတွင် အုပ်စိုးပြီး လမ်းပြပို့ဆောင်နေမှု ရှိမရှိ ကျောင်းသားများအား ခွန်အားပေး တိုက်တွန်းနှိုးဆော်ပါ။<br>၂။ အကယ်၍ ဘုရားသခင်သည် ကျွန်ုပ်တို့အား ခရစ်တော်၏ နောက်လိုက်များအဖြစ် တစ်ခုခုလုပ်ဆောင်စေလိုလျှင် ထိုအလုပ် ပြီးမြောက်စေရန် သူကူညီပေးသွားမည် ဖြစ်သည်။ မောရှေ၏ ကိုယ်စား အာရုန်အား စကားပြောစေခြင်းဖြင့် ကူညီပေးသကဲ့သို့ ဘုရားသခင်သည် သူ၏ အလုပ်အတွက် ကျွန်ုပ်တို့အား လမ်းပြပေးသွားလိမ့်မည် ဖြစ်သည်။ |

| | ၁၉ - အဆင့် ၃<br>သင်ခန်းစာ ၃ - မောရှေ<br>ခေါင်းစဉ် - မီးလောင်နေသော ချုံပုတ် | ၁၉ - အဆင့် ၄<br>သင်ခန်းစာ ၃ - မောရှေ<br>ခေါင်းစဉ် - ခေါင်းဆောင် |
|---|---|---|
| | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၂း ၂၃-၂၅ ၊ ၃း ၁-၁၀*<br>**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ ၁၅း ၁၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဣသရေလလူမျိုးတို့သည် အဲဂုတ္တုဘုရင်သစ်၏ ငြင်းဆဲခြင်း ခံနေကြရသည်ကို ဘုရားသခင် သိတော်မူသည်။ ဘုရားသခင်သည် သူတို့အား ခါနာန်ပြည်သို့ ပြန်လည် ပို့ဆောင်ပေးမည် ဖြစ်သည်။<br>၂။ ဣသရေလလူမျိုးများအား အဲဂုတ္တုပြည်မှ ခါနာန်ပြည်သို့ ပို့ဆောင်ရန် ဘုရားသခင်သည် မောရှေအား စေခိုင်းခဲ့သည်။ | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၇း ၁-၂၅*<br>**အဓိကသော့ချက်ကျမ်း** *သုတ္တံ၊ ၂၉း ၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဘုရားသခင်၏ တန်ခိုးတော်သည် လူသားတို့၏ တက်နိုင်စွမ်းထက် သာ၍ ကြီးမြတ်သည်။ ဘုရားသခင်သည် "ဘုန်းတန်ခိုးအလုံးစုံနှင့် ပြည့်စုံတော်မူသော" အရှင် ဖြစ်သည်။ သူသည် အနန္တတန်ခိုးရှင် ဖြစ်သည်။<br>၂။ အချို့သောသူများသည် အခက်အခဲ တွေ့သောအချိန်တွင်သာ ဘုရားသခင်အား ဆုတောင်းကြပြီး၊ သူတို့၏ အခက်အခဲများ ပြေလည်သွားသည့်အချိန်တွင် ဘုရားသခင်အား မေ့လျော့သွားကြသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ပုံပြင်၏ အခြေအနေကို ကျောင်းသားများနှင့် ဆွေးနွေးပါ။ မောရှေသည် အဲဂုတ္တုပြည်မှ ထွက်လာခဲ့ပြီး မိဒျန်ပြည်တွင် ဘဝသစ် စတင်ခဲ့သည်။ သူသည် အဲဂုတ္တုပြည်သို့ ပြန်ရန် အစီအစဉ် လုံးဝမရှိခဲ့ပေ။ အထူးသဖြင့် ဖါရောမင်းသည် သူအား သတ်ရန် ကြိုးစားနေသ၍ သူသည် ပြန်လိမ့်မည် မဟုတ်ပေ။ ဣသရေလလူတို့သည် အဲဂုတ္တုပြည်တွင် ငြင်းဆဲခြင်းကို ဆက်လက်ခံစားနေကြရပြီး၊ ဘုရားသခင်၏ ကူညီမစခြင်းကို အော်ဟစ်တောင်ခံနေကြသည်။ ဘုရားသခင်သည် မောရှေအားဖြင့် သူတို့၏ ဆုတောင်းခြင်းကို အဖြေပေးခဲ့သည်။ | အဲဂုတ္တုပြည်တွင် ရင်ဆိုင်ကြုံတွေ့ရမည့်အရာအား ကြိုတင်သိထားခြင်း မရှိဘဲနှင့် ပြန်သွားရမည် ဖြစ်သည့်အတွက် မောရှေ မည်သို့ ခံစားနေမည် အချက်ကို ကျောင်းသားများနှင့်အတူ ဆင်ခြင်သုံးသတ်ပါ။ ကျွန်ုပ်တို့သည် တခါတရံ တစ်စုံတစ်ခုသောအကြောင်းအရာအတွက် ကြောက်ရွံ့တုန်လှုပ်ခြင်းများနှင့် ရင်ဆိုင်ကြရပြီး အဘယ်ကြောင့် ထိုသို့ ဖြစ်ရသနည်း။ မည်သူ ကူညီပေးမည်နည်း။ စသည်ဖြင့် တွေးပူတက်သည့်အခါ နှစ်သိမ့်မှုများလိုအပ်သည်။ ဤနေရာတွင် ဘုရားသခင်သည် မောရှေအား ကူညီပေးခဲ့သည်။ *(ထွက်၊ ၇း၁-၅)* |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဣသရေလလူမျိုးများ၏ အခြေအနေနှင့် ပတ်သက်သည့် ဘုရားသခင်၏ ညဏ်ပညာတော် - ဘုရားသခင်သည် သူတို့၏ ဝမ်းနည်းခြင်းကို ကြားပြီး သိနှင့်တော်မူသည်။ *(၂း ၂၃-၂၅)*<br>၂။ ဘုရားသခင်သည် သူတို့၏ အော်ဟစ်သံကို ကြားတော်မူပြီး သိနတောင်၌ မီးလောင်နေသည့် ချုံပုတ်အားဖြင့် သူသည် မည်သူဖြစ်ကြောင်း နှင့် သန့်ရှင်းတော်မူသော ဘုရားသခင်ဖြစ်ကြောင်း မောရှေထံ ထင်ရှားပြခဲ့သည်။<br>၃။ ဘုရားသခင်သည် သူ၏ ဣသရေလလူမျိုးများအား ဖါရောမင်းထံမှ ထုတ်ဆောင်သည့်အခါ သူ မည်သို့ ကူညီ စောင့်ရှောက် ပေးသွားမည်အကြောင်း မောရှေအား မိန့်တော်မူခဲ့သည်။ *(အငယ်၊၇-၈)* ထို့သို့ ထုတ်ဆောင်ရာတွင် မောရှေအား ဦးဆောင်သူအဖြစ် အသုံးပြုသွားမည် ဖြစ်ကြောင်း မိန့်တော်မူခဲ့သည်။ *(အငယ်၊ ၁၀)*<br>၄။ ကျမ်းစာထဲ၌ပထမဆုံးတွေ့ရသည့် "သန်းရှင်း" ဆိုသော စကားလုံးသည် ***ထွက်၊၃း၅*** တွင် တွေ့ရကြောင်း ကျောင်းသားများအား ပြောပြပါ။ သူ၏ ခြေနင်းအား ချွတ်စေခြင်းဖြင့် သူနင်းသောမြေသည် သန့်ရှင်းသောကြောင်း ဖော်ပြနေသည်။ ကျွန်ုပ်တို့၏ ဘုရားသခင်ထံတော်သို့ ချဉ်းကပ်သည့်အခါ အမြဲ ရိုသေလေးမြတ်စွာနှင့် ချဉ်းကပ်ရမည် ဖြစ်သည်။<br>၅။ မောရှေသည် မီလောင်နေသည့် ချုံပုတ်၌ ဘုရားသခင်နှင့် တွေ့ဆုံရခြင်းဖြင့် ဘုရားသခင်၏ သန့်ရှင်းခြင်း နှင့် တန်ခိုးတော်ကို သင်ယူခဲ့ရသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI မောရှေ နှင့် မီးလောင်နေသော ချုံပုတ် | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်သည် မောရှေအား အစွမ်းအစနှင့်တန်ခိုးရှိသောသူ အဖြစ် ပြုလုပ်ပေးခဲ့သည်။ "သင့်ကို ဖါရောဘုရင်၏ ဘုရားအရာ၌ ငါခန့်ထား၏။" *(၇း၁)*<br>၂။ မောရှေ နှင့် အာရုန်သည် ဘုရားသခင် မိန့်တော်မူသည့်တိုင်း ဖါရောဘုရင်ရှေ့မှောက်တွင် ပြုခဲ့ကြသည်။ အာရုန်သည် သူ၏လှံတံအား ပစ်ချလိုက်သည့်အခါ မြွေဖြစ်သွားခဲ့သည်။ ဖါရော၏ ဝိဇ္ဇာအတတ်ပညာရှိတို့သည်လည်း ထိုနည်းတူပြုကြရာ သူတို့၏ လှံတံများလည်း မြွေဖြစ်သွားကြသည်။ သို့သော် အာရုန်၏ လှံတံသည် သူတို့၏ လှံတံများအား မျိုလိုက်သည်။ ဘုရားသခင်၏ တန်ခိုးတော် အလုပ်လုပ်ကြောင်း ဖော်ပြခဲ့သည်။ *(၇း ၈-၁၂)*<br>၃။ မောရှေ နှင့် အာရုန်သည် နိုင်းမြစ်ဆိပ်ကမ်းသို့သွားပြီး လှံတံကိုချီ၍ မြစ်ရေကို ရိုက်သောအခါ ရေများသည် သွေးအဖြစ်သို့ ပြောင်းလဲသွားခဲ့သည်။ ငါးများ သေကုန်ပြီး၊ သောက်သုံးရေများ မရရှိတော့ပေ။ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ မလုပ်နိုင်ကြတော့ပေ။ *(၇း၂၀-၂၁)*<br>၄။ ငါ၏ လူတို့အား လွတ်လော့ ဟု မောရှေ၏ တောင်းဆိုမှုကို ဖာရောဘုရင် ငြင်းဆိုခဲ့သည်။<br>၅။ ***အခန်းကြီး၊၈-၁၀***အထိ ဖတ်ပါ။ ဖါရောဘုရင်သည် ဘုရားသခင်၏ စကားတော်အား နာခံလာစေရန် ကပ်ဘေး အမျိုးမျိုးကို ဘုရားသခင် စေလွှတ်ခဲ့သည်။ ထို့နောက် ဖါရောမင်းသည် ဣသရေလလူမျိုးများအား သွားခွင့်ပြုခဲ့သည်။ သို့သော် သူ၏နှလုံးခိုင်မာပြီး ဆက်လက်ငြင်းဆိုခဲ့ပြန်သည်။ ဖါရော၏ ငြင်းဆန်ခြင်းမှ ဘုရားသခင်၏ ပြီးပြည့်စုံသည် အစီအစဉ်သို့ လိုက်နာခဲ့ရသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI မောရှေ နှင့် ကပ်ဘေး ပထမပိုင်း |
| ပြန်လှန်လေ့ကျင့်ပါ | ***တမန်၊ ၇း၁၀-၃၅*** အား အသုံးပြုခြင်းဖြင့် သင်ခန်းစာအား ပြန်လှန်ပါ။ သတေဖန်သည် မောရှေ၏ အကြောင်း မည်သို့ ပြောထားသည်ကို ရှင်းပြပါ။ ချုံပုတ်မီးလောင်သည့် အကြောင်းကိုလည်း ရှင်းပြပါ။ | အဓိကသော့ချက်ကျမ်းအား ကြည့်ပြီး ဤသင်ခန်းစာနှင့် မည်သို့ ကိုက်ညီသည်ဟု သင် ထင်ပါသနည်း။ ကျောင်းသားများနှင့် ဆွေးနွေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဘုရားသခင်သည် သန့်ရှင်းတော်မူသည့် ဘုရားဖြစ်ကြောင်း နှင့် ရိုသေလေးမြတ်ရန် ထိုက်တန်သည့် ဘုရား ဖြစ်ကြောင်း ကျွန်ုပ်တို့ မှတ်သားထားရမည် ဖြစ်သည်။ အခြားသောသူများ ပြုသည့်နည်းတူ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမည်နာမကို အလွဲမသုံးသင့်ပေ။<br>၂။ ဘုရားသခင်သည် သန့်ရှင်းတော်မူသော ဘုရားသခင် ဖြစ်သော်လည်း သူ၏သားတော် သခင်ယေရှုခရစ်တော်ကို အပြစ်သားများအတွက် အသေခံရန် နှင့် ကျွန်ုပ်တို့ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရရန် ဤလောကသို့ စေလွှတ်ပေးခဲ့သည်။ ကျွန်ုပ်တို့သည် နောင်တရ၍ သူ၏သားတော်အား ယုံကြည်ကိုးစားပြီး မိမိတို့အသက်တာအား ဆက်ကပ်အပ်နှံလျှင် ခွင့်လွှတ်ခြင်း ခံစားရနိုင်ရန် သားတော်အား စေလွှတ်ပေးခဲ့သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ရေအား သွေးအဖြစ်သို့ ပြောင်းလဲစေခြင်းသည် အံ့သြဖွယ်နိမိတ်လက္ခဏာတစ်ခုပင် ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပေးသည် ယေရှုအား ကိုးစားယုံကြည်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ အသက်တာတွင် ထို့ထက်မကသည့် အံ့ဖွယ်များ ပြုလုပ်ပေးနိုင်သည်။<br>၂။ ဆာလံ၊ ၁၀၅း ၂၃-၂၉အား ကြည့်ပြီး၊ ဘုရားသခင်သည် အရာအားလုံးကို မည်သို့ ထိန်းချုပ်ထားကြောင်း စဉ်းစားပါ။ ယနေ့ကမ္ဘာတွင် ဖြစ်နေသည့်အရာများ နှင့် မည်သို့ ဆက်စပ်ကြောင်း စဉ်းစားဆင်ခြင်ပါ။ |

| | ခ၉ - အဆင့် ၃<br>သင်ခန်းစာ ၄ - မောရှေ<br>ခေါင်းစဉ် - ဘုရားသခင်၏ သတင်းစကားကို သယ်ဆောင်လာသည်။ | ခ၉ - အဆင့် ၄<br>သင်ခန်းစာ ၄ - မောရှေ<br>ခေါင်းစဉ် - ကယ်တင်သူ |
|---|---|---|
| | **ကျမ်းညွှန်း၊** ***ထွက်မြောက်ရာ ၅း ၁-၉ ၊ ၂၂-၂၃၊ ၆း ၁-၉***<br>**အခ်ိကသော့ချက်ကျမ်း** ***ဟေဗြဲ ၁၀း၃၁***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ မောရှေ နှင့် အာရုန်သည် ဖါရောမင်းထံသို့သွား၍ ဣသရေလလူမျိုးများအား ထွက်သွားခွင့်ပြုရန် တောင်းဆိုခဲ့ကြသည်။ သို့သော် ဖါရောမင်းသည် သူတို့၏ တောင်းဆိုမှုကို ငြင်းပယ်ခဲ့သည်။<br>၂။ ဖါရောမင်းသည် ဣသရေလလူတို့အား ထွက်သွားခွင့် ပြုလိမ့်မည်ဖြစ်ကြောင်း ဘုရားသခင်သည် မောရှေထံ အခိုင်အမာ ပြောဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဖါရောမင်း ခွင့်ပြုလာစေရန် ဘုရားသခင် လုပ်ဆောင်သွားလိမ့်မည် ဖြစ်သည်။ | **ကျမ်းညွှန်း၊** ***ထွက်မြောက်ရာ ၁၁း ၁-၁၀ ၊ ၁၂း ၁-၁၃ နှင့် ၂၁-၄၂***<br>**အခ်ိကသော့ချက်ကျမ်း** ***ယောဟန် ၁း ၂၉ ၊ ၁ကော ၅း၇***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဘုရားသခင်သည် အဲဂုတ္တုလူတို့၏ မနာခံခြင်းအတွက် သူ၏ တရားစီရင်ခြင်းကို ဖော်ပြခဲ့သည်။ ဣသရေလလူတို့၏ နာခံခြင်းအတွက် သူ၏ ဂရုဏာကို ဖော်ပြခဲ့သည်။<br>၂။ ပသခါသိုးသူငယ်သည် လာမည့်အနာဂတ်တွင် ကျွန်ုပ်တို့ အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံရန် မွေးဖွားလာသည့် သခင်ယေရှု၏ အသေခံခြင်း နှင့် ရှင်ပြန်ထမြောက်ခြင်းကို ညွှန်ပြနေခြင်း ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ဘုရားသခင်သည် မောရှေအား အဲဂုတ္တုပြည်သို့ ပြန်သွားရန် မိန့်တော်မူခဲ့သော်လည်း မောရှေသည် ရှေ့တွင် ရင်ဆိုင်လာရမည့် အရာများအတွက် စိုးရိမ်နေမည် ဖြစ်ကြောင်း ကျောင်းသားများထံ ရှင်းပြပေးပါ။ ဘုရားသခင်သည် မောရှေနှင့်အတူ ရှိလိမ့်မည်ဖြစ်ကြောင်း ကတိပေးတော်မူခဲ့သည်။ သို့သော် ဖါရောမင်းသည် မည်သို့ တုန့်ပြန်လိမ့်မည်ကို မောရှေမသိပေ။ ထို့ကြောင့် သူ့အား ကူညီပေးရန် အစ်ကို အာရုန်အား သူနှင့်အတူ ခေါ်ဆောင်သွားရန် ဘုရားသခင် မိန့်တော်မူခဲ့သည်။ | အင်အားကြီးမားသည့် အဲဂုတ္တုပြည်သည် ဘုရားသခင်၏ တန်ခိုးတော်ကို မထိန်းချုပ်နိုင်ပေ။ ဘုရားသခင်သည် အာဗြံဟံ နှင့် ဣသရေလလူများထံ ပေးတော်မူသည့် ကတိတော်ကို ပြည့်စုံစေသည့်အခါ ဖါရောမင်းသည် မထိန်းချုပ်နိုင်ခဲ့ပေ။ နောက်ဆုံး ကပ်ဘေး၏ ရလဒ်အနေဖြင့် ဣသရေလလူတို့သည် အဲဂုတ္တုပြည် ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြသည်။ ဘုရားသခင်သည် သူတို့အား ပင်လယ်နီမှ တောကန္တာရသို့ ပို့ဆောင်လမ်းပြ တော်မူခဲ့သည်။ ဣသရေလလူတို့သည် မောရှေ၏ စကားကို နားထောင်ကြရမည်။ သို့မှသာ သူတို့သည် ဘုရားသခင်၏ အပြစ်ဒဏ်မှ လွတ်မြောက်ကြမည် ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ မောရှေ နှင့် အာရုန်တို့သည် ဘုရားသခင်၏ အမိန့်တော်အတိုင်း ဣသရေလလူတို့အား လွှတ်ပေးရန် ဖါရောမင်းထံ တောင်းဆိုကြသောအခါ ဖါရောမင်းသည် ဘုရားသခင်၏ စကားတော်ကို မနာခံဘဲ ငြင်းဆိုခဲ့သည်။ ***(၅း၄)***<br>၂။ ဖါရောမင်းသည် ဣသရေလလူတို့အား ပိုမိုပင်ပန်းစေရန် အလုပ်များ စေခိုင်းခဲ့သည်။ အုတ်လုပ်စရာဖို့ ကောက်ရိုးတို့ကို ကိုယ်တိုင် ရှာယူရန် ခိုင်းစေခဲ့သည်။ ***(၅း ၆-၇)***<br>၃။ မောရှေသည် ထိုအခြေအနေများကို ဘုရားသခင်ထံ ပြောပြခဲ့သော်လည်း ဘုရားသခင်သည် သူ၏သားသမီးများအား ဘေးကင်းစွာနှင့် အဲဂုတ္တုပြည်မှ ထုတ်ဆောင်သွားလိမ့်ဖြစ်ကြောင်း မောရှေထံ အခိုင်အမာ ပြောဆိုခဲ့သည်။ ***(၅း၂၂-၂၃ ၊ ၆း၁)***<br>၄။ ***ထွက်၊ ၆း၆-၈၌*** ဘုရားသခင်သည် "ငါ---ပြုလိမ့်မည်" ဆိုသောစကားလုံးကို ၇ကြိမ် အသုံးပြုထားပြီး၊ ***ထွက် ၆း၂၌*** "ငါသည် ထာဝရဘုရားဖြစ်၏" ဟု မိန့်တော်မူ ခဲ့သည်။ မောရှေ နှင့် အာရုန်တို့သည် ဘုရားသခင်၏ တန်ခိုးတော် နှင့် ကတိတော်များကို ယုံကြည်ရန် ဘုရားသခင် အလိုတော်ရှိသည်။ ဘုရားသခင် စေလွှတ်တော်မူသော ကပ်ဘေး ၁၀ ခုအားဖြင့် ဘုရားသခင်၏ တန်ခိုးတော်ကို မကြာမီအချိန်အတွင်းတွင် ဖါရောမင်းသည် မြင်တွေ့လာလိမ့်မည်ဖြစ်ကြောင်း ထာဝရဘုရား မိန့်တော်မူခဲ့သည်။<br>၅။ မောရှေသည် ဘုရားသခင်၏ စကားတော်ကို သူ၏လူမျိုးများထံ ပြန်လည် ပြောပြခဲ့သည်။ သို့သော် သူတို့သည် အလွန်ခက်ခဲပင်ပန်းစွာ အစေခံကြရသည့် အတွက် မောရှေ၏ စကားကို မယုံကြည်နိုင်ကြပေ။ ***(၆း ၉)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI မောရှေ နှင့် အာရုန်တို့သည် ဖာရောမင်းထံသို့ ဝင်ခဲ့ကြသည်။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်၏ အမိန့်တော်အတိုင်း မောရှေ နှင့် အာရုန်တို့သည် ဖါရောမင်းအား သတိပေးခဲ့ကြသည်။ ဘုရားသခင်၏ တန်ခိုးတော်ကို ဖော်ပြသည့် နောက်ထပ် ကပ်ဘေးကိုးခုအားလည်း မြင်တွေ့ရမည် ဖြစ်ကြောင်း ပြောခဲ့သည်။ ***(ဆာ၊ ၁၀၅း၂၆-၃၆)*** နောက်ဆုံး သတိပေးချက်ကိုလည်း ပြောပြခဲ့သည်။ ***(၁၁း ၄-၆)***<br>၂။ ဣသရေလလူတို့သည် ပသခါပွဲကို ကျင်းပရမည် ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ လမ်းညွှန်မှုအတိုင်း အပြစ်မရှိသည့် သိုးသူငယ်တစ်ကောင်းကို သတ်၍ အသွေးအား မိမိတို့အိမ်၏ တံခါထုပ် နှင့် တံခါးတိုင်းနှစ်ဘက်တွင် သုတ်လိမ်းထားရမည်။<br>၃။ သိုးသူငယ်အား အသုံးပြုရသည့် ရည်ရွယ်ချက်ကို ရှင်းပြပါ။ သိုးသူငယ်သည် မိသားစုတစ်စုတွင်ရှိသော သားဦးကိုယ်စား အစားထိုးရန် ဖြစ်သည်။ သားဦးများ အသက်ချမ်းသာရရန် သိုးကလေးသည် အသေခံပေးရမည် ဖြစ်သည်။ ***(၁၂း၁-၇)***<br>၄။ သန်းခေါင်ယံအချိန် ရောက်ရှိလာသောအခါ အဲဂုတ္တုပြည်သားတို့၏ သားဦးတိုင်း သေဆုံးကြရသည်။ သို့သော် ဣသရေလလူများတို့၏ အိမ်များတွင် သိုး၏ အသွေး သုတ်လိမ်းထားသည့်အတွက် သူတို့၏ သားဦးများ မသေဆုံးကြပေ။ ***(၁၂း ၂၉-၃၀)***<br>၅။ ဖါရောမင်းသည် နောက်ဆုံး၌ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ ထွက်သွားရန် ခွင့်ပြုပေးခဲ့သည်။ နှစ်ပေါင်း ၄၃၀ ကြာပြီးနောက်တွင် ဣသရေလလူတို့သည် အဲဂုတ္တုပြည်မှ ထွက်ခွါခဲ့ကြသည်။ အာဗြံဟံထံ ပေးခဲ့သည့် ကတိတော်များ ပြီးပြည့်စုံခဲ့သည်။ ***(ကမ္ဘာဦး ၁၅း ၁၃-၁၄)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI မောရှေ နှင့် ကပ်ဘေး ဒုတိယပိုင်း |
| ပြန်လှန်လေ့ကျင့်ပါ | ဘုရားသခင်သည် မောရှေထံ မိန့်တော်မူနှင့်သည့် အရာမှာ မည်သည့်အရာနည်း။ ဖါရောမင်း ငြင်းဆိုသည့်အခါ ဘုရားသခင်ထံ မောရှေ ပြန်လည် လျှောက်ဆိုသည့် အရာမှာ အဘယ်နည်း။ ဣသရေလလူတို့သည် မောရှေ နှင့် အာရုန်အား ဆန့်ကျင်ခဲ့ကြသည်။ မောရှေသည် ထိုအခြေအနေအား ဘုရားသခင်ထံ ပြန်လည် လျှောက်ဆိုခဲ့သည်။ သူတို့ထံပေးထားသည့် ကတိတော်နှင့် သူ၏ ရည်ရွယ်ချက်များ ပြည့်စုံစေရန် ဘုရားသခင်သည် အလွန်စိတ်ရှည်ပြီး ဂရုဏာပြခဲ့ကြောင်း ကျောင်းသားများထံ ရှင်းပြပေးပါ။ "ငါသည် ထာဝရဘုရားဖြစ်၏" ဟု သူတို့ထံ မိန့်တော်မူခဲ့သည်။ | ပသခါပွဲသည် မည်သည့်အရာကို ပုံဆောင်ကြောင်း ကျောင်းသားများထံ ပြောပြပေးပါ။ သန့်ရှင်းသောအသွေးတော်သည် ဣသရေလလူများ ကိုယ်စား ပူဇော်ခဲ့ခြင်း ဖြစ်ကြောင်း ရှင်းပြပါ။ ဖြစ်လာမည့် ကြီးမားသောယဇ်ပူဇော် ခြင်းအားပုံဆောင်ထားခြင်းဖြစ်သည်။ (သခင်ယေရှု၏ အပြစ်ကင်းသော အသွေးတော်သည် ကျွန်ုပ်တို့ကိုယ်စား ယဇ်ပူဇော်ခြင်းခံသည်။ - သူသည်ဘုရားသခင်၏သိုးသူငယ်ဖြစ်သည်။) |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ထာဝရဘုရားသည် ဘုန်းတန်ခိုးအလုံးစုံနှင့် ပြည့်စုံတော်မူသည့် ဘုရားသခင် ဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိထားရန် ဘုရားသခင် အလိုတော်ရှိသည်။<br>၂။ ထာဝရဘုရားအား မနာခံခြင်းသည် အလွန်ဆိုးဝါးသည့်အမှုဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ထားရန် ဘုရားသခင် အလိုတော်ရှိသည်။<br>၃။ ခက်ခဲသည့် အခြေအနေတိုင်းတွင် ဘုရားသခင်အား ကိုးစားယုံကြည်ရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ နားလည်ထားရန် ဘုရားသခင် အလိုတော်ရှိသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့အား အမြဲခက်ခဲစေမည်မဟုတ် သို့သော် ကျွန်ုပ်တို့အတွက် သူ၌ အစီအစဉ် ရှိနေမည် ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်ထားရမည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကြီးမားသောပေးဆက်ခြင်းက ကျွန်တော်တို့ကို အပြစ်မှလွတ်မြောက်စေခဲ့သော အရာကို တွေးဖူးပါ သလား။ ထိုယေရှု တစ်ပါးတည်းသာ အဖိုးအခပေးခဲ့ပြီး ကားတိုင်မှာ အသက်ပေး ရွေးနှုတ်ခဲ့ကြောင်း တွေးမိဖူးပါသလား။<br>၂။ သူသည် ကျွန်ုပ်တို့ အပြစ်ကြွေးများကိုယူဆောင်ပြီး ဘုရားသခင်နှင့် ပြန်လည်မိတ်သဟာရဖွဲ့စေခဲ့ခြင်းအတွက် ကျေးဇူးတင်ဖူးပါသလား။ ကျွန်ုပ်တို့လုပ်ဆောင်ရမည့် အရာမှာ သခင်ယေရှုအား ယုံကြည်ရန်နှင့် သူပေးသော ထာဝရအသက်ကို လက်ခံဖို့ရန်သာဖြစ်သည်။ |

| | ခ၁၀ - အဆင့် ၃<br>သင်ခန်းစာ ၁ - မောရှေ<br>ခေါင်းစဉ် - ပသခါသိုးသူငယ် | ခ၁၀ - အဆင့် ၄<br>သင်ခန်းစာ ၁ - မောရေ<br>ခေါင်းစဉ် - ပင်လယ်နီကို ဖြတ်ခြင်း |
|---|---|---|
| | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာကျမ်း ၁၂ း ၁-၁၄၊ ၂၉-၃၆ နှင့် ၅၀-၅၁*<br>**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ ၁၂ း ၁၃*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ဘုရားသခင်သည် အဲဂုတ္တုလူမျိုးများ၏ မနားခံခြင်း အပေါ်တွင်တရားစီရင်ပြီး ဣသရေလလူမျိုးများ၏ နာခံခြင်းအပေါ် ဂရုဏာကိုပြသခဲ့သည်။<br>၂. ယေရှုသည် အကောင်းဆုံးသော ယဇ်ကောင်းဖြစ်ပြီး ကျွန်ုပ်တို့အား ရွေးနှုတ်ကယ်တင်သူ ဖြစ်သည်။ | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာကျမ်း ၁၃ း၁၇-၂၂၊ ၁၄ း ၁-၃၁*<br>**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ ၁၄ း ၁၃*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ဘုရားသခင်သည် ဣသရေလလူမျိုးများ နှင့်အတူရှိသည်။<br>၂. ဣသရေလ လူမျိုးများသည် ဘုရားသခင်၏ ကူညီစောင့်ရှောက်ခြင်းအပေါ်သံသရ ရှိခဲ့သည်။<br>၃. ဘုရားသခင်သည် သူ၏ ချစ်ခြင်းမေတ္တာ နှင့် တန်ခိုးတော် အားဖြင့် အဲဂုတ္တု လူမျိုးများလက်မှ ဣသရေလ လူမျိုးများအား တဖန် ရွေးနှုတ်ကယ်တင်ပေးခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကျောင်းသားများအား အားလပ်ရက်များတွင် ကျင်းပသည့် ပျော်ပွဲရွှင်ပွဲများ အကြောင်း စဉ်းစားစေပါ။ ဥပမာ- ခရစ္စမတ်ပွဲတော်၊ ရှင်ပြန်ထမြောက်ရာနေ့ စသည်ဖြင့် အားလပ်ရက်များသည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းများ အကြောင်း ပြန်လည်အမှတ်ရစေသည်။ သူတို့အား ဣသရေလ လူမျိုးတို့၏ ပွဲတော်များအား ကြားဖူးသလားဟု မေးပါ။ ဥပမာ-ပသခါပွဲ အကြောင်းအားမေးပါ။ ဒီနေ့ ကျွန်ုပ်တို့သင်ယူသွားမည့် အရာမှာ ပသခါပွဲ အကြောင်းပဲဖြစ်သည်။ | ကျောင်းသားများအား သူတို့ဘယ်သောအခါမှ မရောက်ဖူးသော ခရီးရှည် တစ်နေရာအား စဉ်းစား ပုံဖော်စေပါ။ သူတို့သည် တစ်စုံ တစ်ခု (မြေပုံ) သို့မဟုတ် တစ်စုံတစ်ယောက်က သူတို့အား လမ်းပြပေးရန်လိုအပ်ပါသည်။ ထိုအရာမှာ ဣသရေလ လူမျိုးများ ကတိတော်ပြည်သို့ ဝင်စားရန် သူတို့၏ ခရီးရှည်ကြီးပင် ဖြစ်သည်။ ဘုရားသခင်သည် သူတို့၏ ခရီးရှည်ကြီးအား အထူးလမ်းပြခဲ့သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ပြီးခဲ့သည့် အပတ်က သင်ကြားခဲ့သည် ကပ်ရောဂါအကြောင်း ပြန်လည် အသိပေးခြင်းဖြင့် နောက်ဆုံးသော ကပ်ဘေးမှာ အဆိုးဝါးဆုံးနှင့် အကြီးအကျယ် စိတ်ထိခိုက်ဖွယ်ရာ ဖြစ်ကြောင်းရှင်းပြပါ။ ဘုရားသခင်သည် ဖါရောမင်းကြီးထက်သာ ၍ တန်ခိုးကြီးမား သောသူဖြစ်ကြောင်းပြသသော အရာပင်ဖြစ် သည်။<br>၂. ဘုရားသခင်သည် မောရှေ နှင့် အာရုန် ထံ အလွန်တိကျ သေချာသော လမ်းညွှန်မှု ပေးခဲ့ပါသည်။ ***(အငယ်၊ ၁-၁၄)***<br>၃. ဣသရေလ လူမျိုးတို့သည် သေခြင်းမှလွတ်မြောက်ရန် သိုးသူငယ်ကိုသတ်၍ အသွေးအား အိမ်တံခါးထုပ် နှင့် ဘောင်းနှစ်ဘက်တွင် ဖြန်းပတ် ရမည်။<br>၄. သိုးသူငယ်၏ အရေးကြီးပုံအား ရှင်းပြပါ။ သိုးသူငယ်သည် အရေးပါရသည့် အကြောင်းမှာ အိမ်တိုင်းရှိ သားဦးများ အသက်ဆုံးရှုံးခြင်းမှ လွတ်မြောက်ရန် သိုး၏ အသွေးအားဖြင့် ယဇ်ပူဇော်ရခြင်းကြောင့် ဖြစ်သည်။<br>၅. ပသခါပွဲ ဆိုသည်မှာ ဣသရေလ လူမျိုးများ၏ ပွဲတော်တစ်ခုဖြစ်ကြောင်း ရှင်းပြပါ။ သူတို့သည် အဲဂုတ္တုပြည်မှ ထွက်သောညတွင် သိုးသူငယ်အားသတ်၍ အသွေးအားဖြင့် ဘုရားသခင်အား ယဇ်ပူဇော်ခဲ့ကြရာ ညသန်းခေါင်ယံ အချိန်တွင် ဘုရားသခင်၏ ကောင်းကင်တမန်သည် သူတို့၏အိမ်များ အပေါ်မှ ကျော်သွားပြီး သားဦးများအား အသက်ချမ်းသာ ပေးခဲ့သည်။ အိမ်တံခါးဘောင်များတွင် အသွေးမသုတ်လိမ်းထားသော အိမ်များမှ သားဦးတို့သည် ကောင်းကင်တမန် ၏ သတ်ခြင်း ခံခဲ့ရသည်။<br>၆. ရွေးနှုတ်ခြင်း၏ အဓိပ္ပာယ်အား ရှင်းပြပါ။ ရွေးနှုတ်ခြင်း ဆိုသည်မှာ ကျွန်ဘဝမှ ပြန်လည် ဝယ်ယူခြင်း နှင့် ရွေးနှုတ်ခြင်း ဖြစ်သည်။ ဓမ္မဟောင်းတွင် ဘုရားသခင်သည် အပြစ်သားများ၏ အပြစ်များအား တိရိစ္ဆာန်တို့ဖြင့် အပြစ်ဖြေခြင်းကို လက်ခံခဲ့သည်။ သခင်ယေရှုသည် အပြစ်သားများ အတွက် လာရောက် အစားထိုး အသေခံပေးခဲ့ပါသည်။ ယေရှုခရစ်သည် ကယ်တင်ရှင် ဖြစ်သည်။ အပြစ်၏ တန်ခိုးမှ ကယ်တင်ပေးခဲ့ပြီး ဘုရားသခင်ထံ ပြန်လည် ခေါ်ဆောင်ပေးခဲ့သည်။ သခင်ယေရှု၏ အသေခံပေးဆပ်ခြင်းအားဖြင့် တိရိစ္ဆာတို့၏ အသွေးသည် လုံးဝ မလိုအပ်တော့ပေ။<br>၇. ဖာရောဘုရင်သည် နောက်ဆုံးတွင် ဣသရေလ လူမျိုးများအား သွားခွင့် ပြုခဲ့သည်။ ဘုရားသခင်သည် သူ၏ဂတိအား စောင့်ထိန်းခဲ့သည်။ ***(၁၂း ၃၁-၃၂)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI - မောရှေ နှင့် ကပ်ဘေး ဒုတိယ အပိုင်း | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ဘုရားသခင်သည် ဣသရေလလူမျိုးများအား အဲဂုတ္တုပြည်မှ ထွက်သွားနိုင်ရန် ဦးဆောင်လမ်းပြခဲ့သည်။ ဘုရားသခင်သည် ထိုသူတို့အား နေ့အချိန်တွင် မိုးတိမ်ဖြင့်၎င်း ညအခါတွင် မီးတိုင်အားဖြင့်၎င်း လမ်းပြခဲ့သည်။ ဣသရေလ လူမျိုးများသည် ဘုရားသခင်၏ လမ်းပြခြင်း နှင့် ကူညီမစခြင်းအား သိရှိလာခဲ့သည်။ ***(၁၃း ၂၁-၂၂)*** *ဘုရားသခင် အတူပါရှိခြင်းအား သိရှိမြင်တွေ့လာရန် ကြီးမားသော နိမိတ်လက္ခာများအား တောင်းခံသူများရှိကြောင်း ကျောင်းသားများနှင့်အတူတကွ ဆွေးနွေးပါ။ ကျွန်တော်တို့သည် ဘုရားသခင်အား ယုံကြည်ကိုးစားလျှင် ဘုရားသခင်သည် ယခုအခါတွင် ယုံကြည်သူများအား သမ္မာကျမ်းစာအားဖြင့်သော်လည်းကောင်း သန့်ရှင်းသော ဝိညာဉ်တော် အားဖြင့်သော်လည်းကောင်း လမ်းပြပို့ဆောင်ပေးနေသည်။*<br>၂. ဘုရားသခင်သည် သူ၏လူမျိုးများအား အဲဂုတ္တုမှ ထုတ်ဆောင်ပေးခြင်းအားဖြင့် ဣသရေလလူမျိုးများ မည်သို့ စိတ်သက်သာခြင်း ရရှိကြောင်း စဉ်းစားစေပါ။ ဖါရောမင်းကြီး၏ စစ်တပ်ကြီးသည် ဣသရေလလူမျိုးများ၏ နောက်တွင် လိုက်လာနေသော သတင်းအား ကြားသိသောအခါ မည်သို့ ကြောက်လန့်နေမည်ဖြစ်ကြောင်း စဉ်းစားစေပါ။ ***(၁၄း၁၀)***<br>၃. ဖါရောမင်း၏ စစ်တပ်နောက်မှ လိုက်လာသော သတင်းအားကြားသိသောအခါ ဣသရေလ လူမျိုးများသည် ဘုရားသခင်အား ကြောက်လန့်၍ စတင်အပြစ်တင်ကြသည်။ သို့သော် မောရှေသည် သူတို့အား ကြောက်လန့်ခြင်းမရှိရန် နှင့် ဘုရားသခင်သည် ဣသရေလ လူမျိုးများဘက်တွင် စစ်တိုက်ပေးမည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ မောရှေသည် ဘုရားသခင်အား ကိုးစားခြင်းကို သင်ယူခဲ့သည်။ ***(၁၄း၁၃)***<br>၄. ဘုရားသခင်သည် သူ၏လူမျိုးများအား နောက်မဆုတ်ပဲ ရှေ့ဆက်သွားရန် နှင့် သူ၏ လူမျိုးများ ပင်လယ်နီအား ဖြတ်လျှောက်နိုင်ရန် ကူညီခဲ့သည်။ ဘုရားသခင်သည် အဲဂုတ္တု စစ်တပ်ကြီးအား ပင်လယ်နီထဲတွင် နှစ်မြှုပ်စေခဲ့သည်။ ဘုရားသခင်သာလျှင် သူ၏လူမျိုးများ ထွက်မြောက်ရာလမ်းကို ပြင်ဆင်ပေးခဲ့သည်။ ဘုရားသခင်သည် ထိုကဲ့သို့ ကြီးမားသော နိမိတ်အား ဣသရေလလူမျိုးအား ပြသခြင်းအရာမှာ သူ၏တန်ခိုးကြီးခြင်း နှင့် ကြီးမားသော ချစ်ခြင်းမေတ္တာအား သူ၏လူမျိုးထံ ဖော်ပြလိုသောကြောင့် ဖြစ်သည်။ ***(၁၄း၂၁-၂၂)***<br>၅. ဣသရေလ လူမျိုးများသည် မောရှေ ဦးဆောင်သော အချိန်ကာလတွင် ထာဝရဘုရားကိုသာ ခိုလုံကိုးစားခဲ့သည်။ ***(၁၄း၃၁)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI မောရှေ - ပင်လယ်နီအား ဖြတ်ခြင်း |
| ပြန်လှန်လေ့ကျင့်ပါ | ဣသရေလလူမျိုးတို့သည် နှစ်ပေါင်းများစွာ ကျွန်ခံပြီးနောက် ဘုရားသခင်အား အော်ဟစ်ခဲ့သည်။ ကပ်ဘေးဆိုးများနှင့် ကြုံတွေ့ရသော်လည်း ဖာရောမင်းသည် ဘုရားသခင်၏ စကားတော်အား ငြင်းဆိုခဲ့သည်။ နောက်ဆုံးတွင် ဣသရေလ လူမျိုးများ လွတ်မြောက်ခဲ့သည်။ အဲဂုတ္တု မှ လွတ်မြောက်ခဲ့ခြင်းအား မည်သို့ ခံစားရကြောင်း အဖွဲ့များခွဲ၍ ဆွေးနွေးစေပါ။ | ယနေ့ သင်ယူခဲ့သော သင်ခန်းစာ၏ အဓိပ္ပာယ်အား ကလေးများနှင့်အတူ ပြန်လည် ဆွေးနွေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကြီးမားသောပေးဆက်ခြင်းသည် ကျွန်တော်တို့အား အပြစ်မှ လွတ်မြောက်စေခဲ့သော အရာကြောင်း တွေးဖူးပါသလား။ ယေရှု တစ်ပါးတည်းသာ ကားတိုင်တွင်အသက်စွန့်၍ အဖိုးအခပေးခဲ့ပြီး ရွေးနှုတ်ခဲ့သည့်အရာကို သင်တွေးမိဖူးပါသလား။<br>၂. ယေရှုသည် ကျွန်ုပ်တို့ အပြစ်ကြွေးများကို ယူဆောင်ပြီး ဘုရားသခင်နှင့် ပြန်လည်မိတ်သဟာရဖွဲ့စေခဲ့ခြင်းအတွက် သင် ကျေးဇူးတင်ဖူးပါသလား။ ကျွန်ုပ်တို့လုပ်ဆောင်ရမည့် အရာမှာ သခင်ယေရှုအား ယုံကြည်ရန်နှင့် သူပေးသော ထာဝရအသက်ကို လက်ခံရန်သာဖြစ်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့ မဖြစ်ချင်သော အရာများ မသွားချင်သော နေရာများ စသည့်တစ်စုံတစ်ခုနှင့် တွေ့ကြုံရသောအခါ မည်သို့ ဘုရားသခင်ကို ဆက်ဆံမည်နည်း။ ဘုရားသခင်ကို အပြစ်တင်မည်လော သို့မဟုတ် စိတ်ဆိုးဒေါသ ဖြစ်မည်လော။ ဣသရေလလူမျိုးများ ကဲ့သို့ပင် ကျွန်ုပ်တို့ မမျှော်လင့်ထားသော ခက်ခဲပြဿနာများ နှင့် ကြုံတွေ့သော အချိန်မျိုးတွင် ဘုရားသခင်ကို အကြွင်းမဲ့ ကိုးစားယုံကြည် မည်လား။<br>၂. ဤသင်ခန်းစာအား လေ့လာသင်ယူခြင်းအားဖြင့် ဘုရားသခင်သည် အရာအားလုံးကို တတ်နိုင်တော်မူသော ဘုရားသခင် ဖြစ်ကြောင်း စဉ်းစားသုံးသပ်ပါ။ |

| | ၁၁၀ - အဆင့် ၃<br>သင်ခန်းစာ ၂ - မောရှေ<br>ခေါင်းစဉ် - ပင်လယ်နီ | ၁၁၀ - အဆင့် ၄<br>သင်ခန်းစာ ၂ - မောရှေ<br>ခေါင်းစဉ် - သိနတောင်ပေါ်၌ |
|---|---|---|
| | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၁၃း ၂၀-၂၂ ၊ ၁၄း ၅-၁၅ ၊ ၁၉-၃၁*<br>**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ ၁၄း ၁၄*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဘုရားသခင်သည် သူ၏ လူမျိုးများအား အဲဂုတ္တုပြည်မှ ရွေးနုတ်ခဲ့သည်။<br>၂။ ဣသရေလလူမျိုးများသည် ဘုရားသခင်၏ ဂရုစိုက်မှုအပေါ် စတင်သံသရဝင်ခဲ့သည်။<br>၃။ ဘုရားသခင်သည် သူတို့နှင့်အတူပါရှိပြီ သူတို့အားလမ်းပြပြီး ကွယ်ကာပို့ဆောင်ခဲ့သည်။ | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၁၉း ၁-၁၃ ၊ ၁၆-၂၅ ၊ ၂၀း ၁-၂၁*<br>**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ ၁၉း ၅ နှင့် ၂၀း ၂၀*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဘုရားသခင်သည် သန့်ရှင်း၍ တန်ခိုးကြီးသော ဘုရားဖြစ်သည်။<br>၂။ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ လွယ်ကူစွာ တိုးဝင်ချဉ်းကပ်ရန် အခွင့်အရေးရှိကြသည်။ သို့သော် ဣသရေလလူမျိုးများသည် ထိုသို့ လွယ်ကူစွာ တိုးဝင်ချဉ်းကပ်ခွင့် မရှိကြပေ။<br>၃။ ဘုရားသခင်သည် ဣသရေလ လူမျိုးများအား မည်ကဲ့သို့ အသက်ရှင်ရမည်ကို လမ်းညွှန်ပေးခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ဣသရေလ လူမျိုးများ အဲဂုတ္တုပြည်တွင် နှစ်ပေါင်း ၄၃၀ ကျွန်ခံ၍ ယခုကျွန်အဖြစ်မှ လွတ်မြောက်သွားသည့် အခြေအနေအား စဉ်းစားပါ။ ကလေးများအားလည်း ဣသရေလ လူမျိုးများ မည်သို့ ခံစားနေရမည်ဖြစ်ကြောင်း မေးမြန်းပါ။ | နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့တွင် လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ နှင့် စည်းမျဉ်းစည်းကမ်းများ ရှိပါသည်။ ဥပမာ- အိမ်အသုံးအဆောင် တန်ဆာပလာများအား မည်သို့ အသုံးပြုရမည်၊ မည်သို့ချက်ပြုတ်ရမည် စသည်ဖြင့် ဖြစ်ပါသည်။ ယခု လမ်းညွှန်မှုများသည် များစွာအထောက်အကူ ပြုနိုင်ပါသည်။ ထိုလမ်းညွှန်ချက်များမှာ ဘုရားသခင်သည် ဣသရေလလူမျိုးများ လိုက်လျှောက်ကျင့်သုံးရန် မောရှေအားပေးခဲ့သော ပညတ်တော်ဆယ်ပါးကဲ့သို့ပင် ဖြစ်သည်။ ပညတ်တော် ဆယ်ပါးသည် ဣသရေလလူမျိုးများ၏ ဘဝအသက်တာတွင် လိုက်လျှောက်ကျင့်သုံးရန် အလွန်အရေးကြီးသော အရာတစ်ခုဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ နောက်ဆုံးတွင် ဣသရေလလူမျိုးတို့သည် လွတ်မြောက်သွားကြပြီး၊ အဲဂုတ္တုပြည် မှ ကတိတော်မြေသို့ ထွက်သွားခဲ့ကြသည်။ သူတို့သည် ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြသည့် အတွက် မည်မျှစိတ်လှုပ်ရှား နေကြမည်ကို စဉ်းစားကြည့်ပါ။<br>၂။ ဘုရားသခင်သည် ဣသရေလလူတို့အား နေ့အချိန်တွင် မိုးတိမ်၊ ညအချိန်တွင် မီးတိုင်အားဖြင့် လမ်းပြပို့ဆောင် တော်မူခဲ့သည်။ ***(၁၃း၂၁-၂၂)*** ထိုအရာအားဖြင့် ဘုရားသခင်သည် သူတို့နှင့်အတူ အမြဲပါရှိပြီး၊ သူတို့အား လမ်းပြပို့ဆောင်နေကြောင်း ဖော်ပြနေခြင်း ဖြစ်သည်။ *ယနေ့တွင် ကျွန်ုပ်တို့သည် ဘုရားသခင်အား ကျွန်ုပ်တို့နှင့်အတူပါရှိရန် အလိုဆန္ဒရှိကြသည်။ သို့သော် ဘုရားသခင်သည် သမ္မာကျမ်းစာ အားဖြင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော် အားဖြင့်လည်းကောင်း ကျွန်ုပ်တို့အား လမ်းပြပို့ဆောင်ပေးနေသည်။*<br>၃။ ဖါရောမင်း၏ စစ်တပ်သည် နောက်မှချဉ်းလာကြသည်ကို ဣသရေလလူတို့ မြင်ကြသောအခါ ဘုရားသခင်အား အော်ဟစ်ကြသည်။ ဘုရားသခင်ကို သူတို့ မကိုးစားခဲ့ကြပေ။ ***(၁၄း၁၀)*** ဘုရားသခင်သည် သူတို့အား ပို့ဆောင်လမ်းပြခဲ့သည့်အရာများကို သူတို့ လုံးဝမေ့လျော့သွားကြသည်။ *ထို့နည်းတူပင် ကျွန်ုပ်တို့ အသက်တာတွင်လည်း အခက်အခဲများနှင့် ရင်ဆိုင်ကြသည့်အခါတွင် ထို့သို့သော စိတ်နေသဘောထားမျိုး ကျွန်ုပ်တို့တွင် ရှိနေနိုင်ကြောင်း ကျောင်းသားများထံ ရှင်းပြပေးပါ။*<br>၄။ မောရှေသည် လူများတို့အား မစိုးရိမ်ကြနှင့် ဘုရားသခင်သည် မိမိတို့ဘက်မှ နေ၍ စစ်တိုက် တော်မူလိမ့်မည်ဟု သတိပေး ပြောဆိုခဲ့သည်။ ***(၁၄း၁၄)***<br>၅။ ပင်လယ်နီကို နှစ်ခြမ်းကွဲစေခဲ့ခြင်းအားဖြင့် ဘုရားသခင်သည် သူ၏ ကြီးမားသည့်တန်ခိုးတော်ကို ဖော်ပြခဲ့သည်။ ထို့ကြောင့် ဣသရေလလူတို့သည် ပင်လယ်အလယ်မှ လမ်းလျှောက်သွားနိုင်ခဲ့ပြီး၊ ပင်လယ်၏ အခြားတဘက်သို့ ဘေးကင်းစွာ ရောက်ရှိသွားကြသည်။ သို့သော် အဲဂုတ္တုစစ်သားတို့သည် ပင်လယ်နီအတွင်းတွင် နှစ်မြှုပ်သေဆုံးသွားကြသည်။ ***(၁၄း ၂၁-၂၂၊ ၂၆-၂၈)***<br>၆။ ဣသရေလလူတို့သည် ဘုရားသခင်အား ကြောက်ရွံ့ကြပြီး၊ ကိုးစားယုံကြည်ခဲ့ကြသည်။ မောရှေအားလည်း သူတို့၏ ခေါင်းဆောင်အဖြစ် ကိုးစားခဲ့ကြသည်။ ***(၁၄း ၃၁)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများသင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI မောရှေ - ပင်လယ်နီကို ဖြတ်ခြင်း | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ယခုတွင် ဣသရေလလူတို့အား အဲဂုတ္တုပြည်မှ ဘုရားသခင်ထုတ်ဆောင်ခဲ့သည်မှာ နှစ်လကြာခဲ့ပြီး ဖြစ်သည်။ ရှေ့တွင် ဖြစ်လာမည့်အရာများအတွက် ဘုရားသခင်သည် သူတို့အား ပြင်ဆင်ပေးနေသည်။<br>၂။ ဣသရေလလူတို့သည် ဘုရားသခင်အတွက် ရွေးချယ်တော်မူသည့်အမျိုး၊ ပိုင်ထိုက်တော်မူသည့် သူများဖြစ်ကြောင်း သူတို့ထံ ပြောပြရန် ဘုရားသခင်သည် မောရှေအား မိန့်တော်မူခဲ့သည်။ ***(၁၉း ၅-၆)*** သူတို့သည် သန့်ရှင်းတော်မူသည့်အမျိုး ဖြစ်သောကြောင့် သန့်ရှင်းစွာ အသက်ရှင်ရန် မိန့်တော်မူခဲ့သည်။ သန့်ရှင်းသည် *ဆိုသည်မှာ ဘုရားသခင်အတွက် သီးသန့်ဖြစ်ခြင်း၊ ဘုရားသခင်နှင့် တွေ့ဆုံရန် ခန္ဓာစိတ်ဝိညာဉ် အဆင်သင့်ဖြစ်နေခြင်ကို ဆိုလိုခြင်း ဖြစ်သည်။*<br>၃။ ဣသရေလလူတို့သည် တောင်အား ထိတွေ့ခွင့်မရှိပေ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် သန့်ရှင်းတော်မူသောကြောင့် ဖြစ်သည်။ ဘုရားသခင်၏ သန့်ရှင်းခြင်း နှင့် တန်ခိုးတော်သည် အလွန်ကြီးမြတ်တော်မူသောကြောင့် လူတို့သည် တောင်အနီးသို့ ချဉ်းကပ်နိုင်ခွင့် မရှိကြပေ။ ***(၁၉း၁၀-၁၃)*** *ကျွန်ုပ်တို့သည် သခင်ယေရှု ပြုတော်မူသော ကယ်တင်တော်မူခြင်း ကျေးဇူးတော်ကြောင့် ယခုတွင် ကျွန်ုပ်တို့သည် အတားအဆီးမရှိ သန့်ရှင်းသောတော်မူသောဘုရား၊ ကြီးမြတ်တော်မူသောဘုရား၏ ထံတော်သို့ တိုးဝင်ချဉ်းကပ်ခွင့် ရရှိကြသည်မှာ အံ့ဩဖွယ်ဖြစ်ကြောင်း စဉ်းစားဆင်ခြင်ပါ။*<br>၄။ မောရှေတစ်ဦးတည်သာ ဘုရားသခင်ထံတော်သို့ ချဉ်းကပ်ခွင့်ရှိပြီး၊ ပညတ်တော်ဆယ်ပါးအား မောရှေထံသို့ ပေးခဲ့သည်။ ***(၂၀း ၁-၁၇)*** ဤပညတ်တော်ဆယ်ပါးတွင် ဘုရားသခင်ထံ နာခံရမည့် အချက်များ နှင့် လူသားအချင်းချင်း နာခံရမည့်အချက်များ ပါဝင်သည်။ ဣသရေလလူတို့သည် လက်တွေ့ဘဝတွင် သန့်ရှင်းစွာ အသက်ရှင်နေထိုင်နိုင်ရန် နှင့် သူတို့၏ အသက်တာအတွက် ဘုရားသခင်၏ အကြံအစည်နှင့် သဘောသဘာဝကို မြင်တွေ့နိုင်ရန် ဤပညတ်တော်များ ပေးခဲ့ခြင်း ဖြစ်သည်။<br>၅။ လူတို့သည် အလွန်ကြောက်ရွံ့ကြသောကြောင့် တောင်ထိပ်ပေါ်သို့ မတက်ကြပေ။ ထို့ကြောင့် မောရှေသည် ဘုရားသခင် နှင့် သူတို့စပ်ကြား (အာမခံ) ဖျန်ဖြေသူ ပြုလုပ်ပေးခဲ့သည်။ မောရှေထက် သာ၍ကြီးမြတ်သောသူမှာ ယေရှုပင် ဖြစ်သည်။ လူသား နှင့် ဘုရားသခင်အကြား ဖျန်ဖြေသူအဖြစ် (အာမခံ) ပြုလုပ်ပေးရန် လောကသို့ ကြွဆင်လာခဲ့သည်။ ***(၁တိ ၂း ၅)***<br>၆။ မောရှေသည် ဣသရေလလူတို့အား မကြောက်ရွံ့ကြရန် ပြောခဲ့သည်။ သို့သော် သူတို့သည် ဘုရားသခင်ကို ကြောက်ရွံ့နေကြသည်။ သူတို့၏ ကြောက်ရွံ့ခြင်းသည် အထိတ်တလန့် ဖြစ်ခြင်းသာ ဖြစ်သည်။ သူတို့သည် ထို့သို့ ကြောက်ရွံ့ထိတ်လန့်နေမည့်အစား သူတို့အားရွေးနုတ်ကယ်တင်ခဲ့သည့် ဘုရားသခင်အား ကိုးစားခြင်း၊ နာခံခြင်းအားဖြင့် ဘုရားသခင်အား ကြောက်ရွံ့နေစေရန် မောရှေသည် သူတို့၏ အသက်တာအား တည်ဆောက်ပေးလိုသည်။ ***(၂၀း၂၀)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သိနတောင်၌ မောရှေ |
| ပြန်လှန်လေ့ကျင့်ပါ | ဤပုံပြင်ပါ အကြောင်းအရာများကို ဇာတ်လမ်းတို တစ်ခုအဖြစ် ဖန်တီးပါ။ ဘုရားသခင်သည် ဣသရေလလူတို့အား ပို့ဆောင်လမ်းပြသည်။ အဲဂုတ္တုလူတို့သည် သူတို့အား နောက်မှ လိုက်လာနေပြီး၊ ဘုရားသခင်သည် သူတို့အား မည်သို့ကယ်တင်ခဲ့သည်ကို ဣသရေလလူတို့သည် ကောင်းစွာ နားလည်သဘောပေါက် ကြသည်။ | ပညတ်တော်ဆယ်ပါး တစ်ခုချင်းစီအား အစဉ်အတိုင်း မေးပြီး ကျောင်းသားများနှင့် ဆွေးနွေးပါ။ ထိုပညတ်တော်များကို ကျွန်ုပ်တို့၏ အသက်တာတွင် မည်သို့ လက်တွေ့ကျင့်သုံး နိုင်မည်နည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ကျွန်ုပ်တို့ အသက်တာတွင် ဆိုးသွမ်းသောအရာများနှင့် ရင်ဆိုင်ကြုံတွေ့ရသည့်အခါတွင် ဘုရားသခင်မရှိဘူး။ ဘုရားသခင် မကူညီဘူး။ စသည်ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အား ဆန့်ကျင်ကြပါသလား။ ကျွန်ုပ်တို့သည် မောရှေကဲ့သို့ ဘုရားသခင်အား ယုံကြည်ကြပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင်အား ယုံကြည်ကိုးစားလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ကူညီပြီး၊ ကျွန်ုပ်တို့ဘက်မှ စစ်တိုက်ပေးသွားမည် ဖြစ်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ဣသရေလလူတို့သည် မည်သို့ ကြောက်ရွံ့ကြကြောင်း နှင့် ဘုရားသခင်၏ ရှေ့တော်မှောက်သို့ ချဉ်းကပ်ခွင့်မရှိသည့်အကြောင်း ကျွန်ုပ်တို့ စဉ်းစားလျှင် ယေရှုခရစ်တော်အားဖြင့် ဘုရားသခင်ထံတော်သို့ အဆီးအတားမရှိ ချဉ်းကပ်နိုင်ခြင်းအခွင့်သည် မည်မျှ ထူးမြတ်သည့် အခွင့်အရေး ဖြစ်ကြောင်း ကျွန်ုပ်တို့ နားလည်သဘောပေါက်ပါသလား။ ကျွန်ုပ်တို့၏ အပြစ်များကို ယူဆောင်သွားပြီး၊ ဘုရားသခင်၏ ရှေ့တော်မှောက်တွင် သန့်ရှင်းသောသူအဖြစ် ပြုလုပ်ပေးသည့် သခင်ယေရှုဘုရား၏ ကျေးဇူးတော်ကို ကျွန်ုပ်တို့ ချီးမွမ်းသင့်ပါသည်။ |

| | ၁၁၀ - အဆင့် ၃<br>သင်ခန်းစာ ၃ - မောရှေ<br>ခေါင်းစဉ် - ခက်ခဲသော လမ်းခရီး | ၁၁၀ - အဆင့် ၄<br>သင်ခန်းစာ ၃ - မောရှေ<br>ခေါင်းစဉ် - မီးထဲမှ |
|---|---|---|
| | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၁၇း ၁-၁၆*<br>**အဓိကသော့ချက်ကျမ်း** *၁ ပေတရု ၅း၇*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ကြ္ကသရေလလူတို့သည် ဘုရားသခင်အပေါ် သံသရရှိနေဆဲ ဖြစ်သည်။<br>၂။ ဘုရားသခင်သည် သူတို့အပေါ် ဘယ်တော့မှ အမှားမပြုလုပ်ပါ။ သူတို့အား ဆက်လက် သက်သေပြပြီး၊ သူတို့ဘက်မှနေ၍ စစ်တိုက်တော်မူသည်။ | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၃၂း ၁-၃၅*<br>**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ ၃၂း ၂၆ ၊ ၃၃*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဣသရေလလူတို့သည် မကြာမီမှာပင် ဘုရားသခင်၏ ပညတ်တော်များကို မေ့လျော့ခဲ့ကြသည်။<br>၂။ ဘုရားသခင်သည် သူ့နောက်လိုက်သော သူများအပေါ် ဂရုဏာထားတော်မူပြီး၊ သူ့နောက် မလိုက်သောသူများ အပေါ် အပြစ်ဒဏ် စီရင်တော်မူသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | အဲဂုတ္တုပြည်၌ကပ်ဘေးကျရောက်သည့်အမှုအရာ၊ ပင်လယ်နီအား ဖြတ်လျှောက်ခဲ့သည့် အမှုအရာများကို ပြန်လည် ကြည့်ရှုကြသည့်အခါ ဘုရားသခင်သည် ဣသရေလလူတို့အား မည်သို့ မစကူညီခဲ့ကြောင်း နှင့် မည်သို့ လမ်းပြပို့ဆောင်ခဲ့ခြင်းများကို ကျွန်ုပ်တို့ တွေ့ရှိနိုင်သည်။ ဤအချက်၌ ဣသရေလ လူတို့သည် ဘုရားသခင်အပေါ် ရှေ့ဆက် မည်သို့ သဘောထားသင့်ကြောင်း ကျောင်းသားများကို မေးပါ။ | ကျောင်းသားများသည် တစ်စုံတစ်ခု ပြုလုပ်ပြီး၊ ထိုပြုလုပ်သောအရာသည် မှားယွင်းကြောင်း သိလာသည့် အချိန်အကြောင်း ကျောင်းသားများအား စဉ်းစားစေပါ။ ဤအခြေအနေ၌ ကျွန်ုပ်တို့သည် အမှားပြုလုပ်ဘူးပါသည်ဟု ဝန်ခံကြပါသနည်း။ ကျွန်ုပ်တို့သည် အာရုန်ကဲ့သို့ မဖြစ်သင့်ပေ။ မောရှေကဲ့သို့ ဘုရားသခင်၏ လမ်းညွှန်မှုအတိုင်း လိုက်လျှောက်သင့်ကြောင်း ဤသင်ခန်းစာ၌ ကျွန်ုပ်တို့ သင်ယူရရှိပါသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဣသရေလလူတို့သည် ဘုရားသခင်၏ အမိန့်တော်အတိုင်း ရှေ့သို့ ခရီးဆက်ခဲ့ကြပြန်သည်။ သို့သော် လမ်းခရီးတွင် သောက်ရေမရှိသဖြင့် အခက်ကြုံကြရပြန်သည်။ ထို့ကြောင့် သူတို့သည် ဘုရားသခင်အား ဆန့်ကျင်ကြပြန်သည်။ ***(၁၇း ၂-၃)*** ဘုရားသခင်အား ကိုးစားပြီး၊ ဆုတောင်းရမည့်အစား မောရှေအား ပြစ်တင်ခဲ့ကြပြန်သည်။<br>၂။ သူတို့သည် ဘုရားသခင်အား ပြစ်တင်ပြောဆိုကြသော်လည်း ဘုရားသခင်သည် ဂရုဏာကြီးစွာဖြင့် ကျောက်အတွင်းမှ ရေထွက်လာစေခြင်းအားဖြင့် သူတို့လိုအပ်သည့် ရေအား ထောက်မပြင်ဆင်ပေးခဲ့သည်။ ဘုရားသခင်သည် သူတို့အပေါ် ဘယ်သောအခါမျှ အမှားမလုပ်ခဲ့ပေ။ သူတို့အတွက် အံ့ဖွယ်အမှုကို ပြသခဲ့သည်။ ***(၁၇း ၅-၆)***<br>၃။ သူတို့သည် အာမလက်လူတို့၏ တိုက်ခိုက်ခြင်းကို ခံကြရပြန်သည်။ ***(၁၇း၈)*** အာမလက်လူတို့သည် ဆိုးသောသူ၊ သာယာမှုကို ဖျက်စီးသည့် အန္တရာယ်ရှိသောသူများ ဖြစ်ကြသည်။ *ဣသရေလလူတို့သည် အဲဂုတ္တုပြည်မှ ထွက်ခွါလာပြီးနောက် အခက်အခဲအမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေနေရပြီး၊ ယခုတွင် အာမလက်လူတို့၏ တိုက်ခိုက်ခြင်းကို ခံကြရပြန်သည့်အခါ သူတို့ မည်သို့ ခံစားနေကြမည်ကို စဉ်းစားပုံဖော်ကြည့်ပါ။*<br>၄။ သို့သော် ဘုရားသခင်သည် သူတို့အား ကူညီပေးခဲ့သည်။ မောရှေသည် တောင်ထိပ်ပေါ်သို့ တက်ပြီး ဘုရားသခင်၏ လှံတံတော်ကို မိမိခေါင်းပေါ်သို့ မြှောက်ထားလိုက်သည်။ မောရှေသည် မိမိလက်ကို မြှောက်ထားသော အချိန်တွင် သူတို့ နိုင်ကြသည်။ မောရှေသည် မိမိလက်ကို အောက်သို့ ချပြန်သောအခါ အာမလက်လူတို့သည် နိုင်ကြသည်။ မကြာမီ မောရှေ၏ လက်များ ညောင်းလာသည်။ ထို့ကြောင့် မောရှေအား ကျောက်တုံး တစ်ခုပေါ်တွင် ထိုင်စေပြီး အာရုန် နှင့် ဟုရတို့သည် မောရှေ၏ လက်အား တစ်ယောက်တစ်ဘက်ကိုင်၍ မြှောက်ထားပေးကြသည်။ ***(၁၇း ၁၁-၁၃)***<br>၅။ ထိုနေ့တွင် ဣသရေလလူတို့သည် တိုက်ပွဲ၌ အနိုင်ရကြသည်။ ဘုရားသခင်သည် သူတို့နှင့်အတူပါရှိပြီး သူတို့ဘက်မှနေ၍ စစ်တိုက်တော်မူကြောင်းကို ရှင်လင်းစွာ သိနိုင်သည်။ ဘုရားသခင်သည် မောရှေအား အသုံးပြုခြင်းဖြင့် ဣသရေလလူတို့အား လမ်းပြပို့ဆောင် တော်မူကြောင်းကို ဤအမှုအရာအားဖြင့် ဖော်ပြနေသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI တောထဲ၌ အစားအစာ နှင့် ရေပြင်ဆင်ပေးခြင်း၊ အာမလက်လူတို့ နှင့် တိုက်ခိုက်ခြင်း။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဣသရေလလူတို့သည် သိနတောင်ပေါ်သို့ ထက်သွားသည့် မောရှေပြန်ဆင်းအလာကို စောင့်ဆိုင်နေရခြင်းအား သည်းမခံနိုင်ကြတော့ပေ။ သူတို့၏ ရွှေများကို ယူလာခဲ့ကြပြီး သူတို့အတွက် ဘုရားကို ပြုလုပ်စေခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၏ ဦးဆောင် လမ်းပြမှုအစား ရုပ်တုအား အစားထိုးခဲ့ကြသည်။ ဤအရာသည် ပထမ ပညတ်တော် နှစ်ခုအား မည်သို့ ချိုးဖောက်နေကြောင်း စဉ်းစားကြည့်ပါ။ ***(၃၂း ၁-၄)***<br>၂။ ထိုသူတို့ ဖြစ်ပျက်နေသည့်အရာအား ဘုရားသခင် မြင်သည့်အချိန်တွင် သူတို့၏ မနာခံခြင်းအတွက် ဘုရားသခင်သည် လူမျိုးတစ်မျိုးလုံးအား ဖျက်စီးရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် မောရှေသည် ထိုသို့မပြုရန် ဘုရားသခင်ထံ တောင်းပန်ခဲ့သည်။ ဤနေရာတွင်လည်း ဘုရားသခင်သည် သူ၏ ဂရုဏာကို ပြခဲ့ပြန်သည်။ ***(၃၂း ၁၁-၁၄)*** *ဂရုဏာ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။ (အပြစ်ပေးရန် ထိုက်တန်သော်လည်း သနားညှာတာခြင်းကို ဆိုလိုခြင်း ဖြစ်သည်။)*<br>၃။ မောရှေသည် တောင်ပေါ်မှ ပြန်ဆင်းလာသည့်အချိန်တွင် သူတို့အား အလွန်ဒေါသ ထွက်ခဲ့သည်။ သူတို့သည် ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်ကြကြောင်း ဖော်ပြရန် မောရှေသည် သူတို့ရှေ့မှောက်တွင် ပညတ်တော်ဆယ်ပါးရေးထားသည့် ကျောက်ပြားအား ချိုးဖဲ့ဖျက်စီးခဲ့သည်။ ***(၃၂း၁၉)*** မှန်ပါသည် ဘုရားသခင် ကိုယ်တော်တိုင်လည်း ထိုလူမျိုးအား စိတ်ဆိုးခဲ့သည်။<br>၄။ ဣသရေလလူတို့အား မှားယွင်းစွာ ဦးဆောင်သည့် အာရုန်အား မောရှေ အလွန်စိတ်ပျက် ခဲ့သည်။ ဣသရေလလူတို့ တောင်းဆိုနေသောအရာသည် မှားယွင်းကြောင်း သူသိသင့်သည်။ သို့သော် အာရုန်သည် ဘုရားသခင်၏ စကားထက် သူတို့၏ စကားကို နားထောင်ခဲ့ပြီး သူတို့ ကိုးကွယ်ရန်အတွက် ရွှေနွားရုပ် ပြုလုပ်ရာတွင် ကူညီပေးခဲ့သည်။ ***(၃၂း ၂၀-၂၂)***<br>၅။ "မည်သူသည် ထာဝရဘုရား ဘက်တွင် နေမည်နည်း" ဟု မောရှေသည် ဣသရေလလူတို့အား မေးခဲ့သည်။ ထိုနေ့၌ ဘုရားသခင်ဘက်၌မနေ ဘုရားသခင် နောက်သို့ မလိုက်သောသူတို့သည့် အသေသတ်ခြင်း ခံခဲ့ကြရသည်။ **(၃၂း ၂၆-၂၉)** *ဘုရားသခင်ထံ သစ္စာစောင့်သိခြင်းသည် အခြားသောအရာများထက် ပို၍အရေးကြီးသည်။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI မောရှေ နှင့် ရွှေနွားရုပ် |
| ပြန်လှန်လေ့ကျင့်ပါ | အဓိကကျမ်းချက်အား သင်ယူပါ။ ကျောင်းသားများ၏ အသက်တာတွင် မည်သို့ လက်တွေ့ကျင့်သုံးနိုင်ကြောင်း အဖွဲ့များနှင့် ဆွေးနွေးပါ။ | ***၁ ယော ၅း ၂၁*** အားကြည့်ပါ။ မည်သို့သော ရုပ်တုသည် ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် နေရာယူနေသည်ကို စဉ်းစားပါ။ "ထိုရုပ်တု" သည် ကျွန်ုပ်တို့၏ အသက်တာတွင် ဘုရားသခင်၏ အလိုတော်သို့ မလိုက်လျှောက်နိုင်ရန် နှင့် ဘုရားသခင်၏ စကားတော်ကို မနာခံရန် အတားအဆီး ဖြစ်စေသည်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ တစ်ခါတစ်ရံ ကျွန်ုပ်တို့ ခက်ခဲသည့် အခြေအနေတွင် ဘုရားသခင်၏ ကူညီမစနိုင်ခြင်းကို ကျွန်ုပ်တို့ မေ့လျော့နေပါသလား။ ဘုရားသခင်သည် ကျွန်ုပ်တို့ဘက်မှနေ၍ ကျွန်ုပ်တို့၏ ခက်ခဲသည့်အခြေအနေအားလုံးကို ဖြေရှင်းပေးရန် နှင့် ကျွန်ုပ်တို့ဘက်မှနေ၍ စစ်တိုက်ပေးရန် ဘုရားသခင်၏ ကူညီမစမှုခံစားရရန် ဘုရားသခင်ထံသို့ သတိတရနှင့် လှည့်လာရမည်။<br>၂။ အာရုန် နှင့် ဟုရသည် မောရှေ၏လက်အား မြှောက်ပင့်ထားပေးခြင်းဖြင့် မည်သို့ ကူညီပေးခဲ့ကြောင်း စဉ်းစားပါ။ သူတို့သည် မောရှေအား အားပေးပြီး ကူညီပေးခဲ့ကြသည်။ ထိုကဲ့သို့ပင် ကျွန်ုပ်တို့သည်လည်း သူတစ်ပါးအား မည်သို့ အားပေးကူညီ နိုင်မည်နည်း။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ တစ်ခါတစ်ရံတွင် ကျွန်ုပ်တို့သည် အမှားများ ပြုလုပ်နိုင်ပြီး စကားတော်အား မနာခံဘဲ ဘုရားသခင်ထံတော်မှ လှည့်သွားတက်ကြသည်။ သို့သော် ကျွန်ုပ်တို့သည် အပြစ်ဝန်ချတောင်းပန်ခြင်းဖြင့် ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ပြန်လည် ရယူနိုင်ပါသည်။<br>၂။ အာရုန်သည် သူသိထားသော အမှန်တရားပေါ်တွင် မရပ်တည်ခဲ့ပေ။ ထိုကဲ့သို့ပင် ကျွန်ုပ်တို့ အသက်တာတွင်လည်း အမှန်တရားထက် လူအများ၏ အလိုအတိုင်း လုပ်ဆောင်ခဲ့သည့်အချိန်ရှိခဲ့ပါသလား။ ထိုသို့သောသူတို့သည် ကျွန်ုပ်တို့၏ အသက်တာတွင် လာရောက်နှောက်ယှက်လျှင် စုံစမ်းခြင်းကိုအောင်နိုင်ပြီး ဘုရားသခင်၏ စကားတော်အတိုင်း နာခံလိုက်လျှောက်နိုင်ရန် ဘုရားသခင်ထံ ဆုတောင်းပါ။ |

| | ၁၁၀ - အဆင့် ၃<br>သင်ခန်းစာ ၄ - မောရှေ<br>ခေါင်းစဉ် - ကြေးဝါမြွေရုပ် | ၁၁၀ - အဆင့် ၄<br>သင်ခန်းစာ ၄ - မောရှေ<br>ခေါင်းစဉ် - သဲကန္တာရ၌ |
|---|---|---|
| | **ကျမ်းညွှန်း၊** ***တောလည်ရာ ၂၁း၄-၉၊ ရှင်ယောဟန် ၃း၁-၂ ၁၄-၁၆***<br>**အဓိကသော့ချက်ကျမ်း** ***ရှင်ယောဟန် ၃း၁၄***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဣသရေလလူတို့သည် ဘုရားသခင်အား ဆန့်ကျင်ခဲ့ကြသည်။<br>၂။ ဘုရားသခင်သည် သူတို့အား အပြစ်ပေးသည်။ သို့သော် ထိုအပြစ်ဒဏ်မှ လွတ်ကင်းနိုင်သည့် နည်းလမ်းကိုလည်း ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။<br>၃။ ဤအရာသည် အနာဂတ်တွင်ဖြစ်လာမည့် ပုံရိပ်ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ်တို့အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် မြောက်ထားခြင်း ခံခဲ့ရသည်။ | **ကျမ်းညွှန်း၊** ***တောလည်ရာ ၂၁း ၁-၉***<br>**အဓိကသော့ချက်ကျမ်း** ***ရှင်ယောဟန် ၃း ၁၄၊ ၁၅***<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဣသရေလလူတို့သည် ဘုရားသခင်၏ ကူညီမစခြင်းများကို လျှင်လျှင်မြန်မြန်နှင့် မေ့လျော့သွားခဲ့ကြသည်။<br>၂။ ဣသရေလလူတို့သည် ဘုရားသခင်အား မည်မျှ မကိုးစားကြကြောင်း နှင့် မည်မျှအပြစ်ပြုကြကြောင်းကို ဘုရားသခင်သည် သူတို့အား ဖော်ပြခဲ့သည်။<br>၃။ သူတို့၏ အပြစ်ဒဏ်မှ လွတ်မြောက်နိုင်သည့် နည်းလမ်းကိုလည်း ဘုရားသခင် ပြင်ဆင်ပေးခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | တစ်စုံတစ်ဦးထံမှ ကတိစကားအား စောင့်ဆိုင်းရသည့်အချိန် သို့မဟုတ် တစ်စုံတစ်ခုအား စောင့်ဆိုင်းရသည့်အချိန်တွင် သည်းမခံနိုင်သည့်အခါမျိုး ရှိဖူးပါသလားဟု ကျောင်းသားများအား စဉ်းစားစေပါ။ ဘုရားသခင်သည် ဣသရေလလူတို့အား ကတိတော်နယ်မြေသို့ ပို့ဆောင်ပေးမည် ဖြစ်ကြောင်း ကတိပေးခဲ့သည်။ သို့သော် သူတို့သည် ထိုကတိတော် နယ်မြေသို့ ရောက်ရှိရန် သည်းခံစောင့်ဆိုင်းရမည် ဖြစ်ကြောင်း ကျောင်းသားများကို ရှင်းပြပါ။ | ခရီးရှည်ကြီးတစ်ခု သွားသည့်အကြောင်းအရာအား စဉ်းစားပါ။ လူတို့သည် ထိုသို့သော ခရီးမျိုးသွားရာတွင် မရောက်နိုင်သည့်အတွက် စိတ်မရှည်၊ သည်းမခံနိုင်ကြပေ။ အထူးသဖြင့် ကလေးများပင် ဖြစ်ကြသည်။ တစ်ခါတစ်ရံတွင် သူသည် ချက်ခြင်း ရောက်ချင်ကြသည်။ ဣသရေလလူတို့သည်လည်း ထိုကဲ့သို့ပင် ဖြစ်သည်။ သူတို့သည် ဘုရားသခင်ပို့ဆောင်ပေးမည့် ကတိတော်နယ်မြေသို့ ချက်ခြင်း ရောက်ချင်ကြသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဣသရေလလူတို့သည် သဲကန္တာရတွင် လှည့်လည်သွားလာခဲ့ကြသည်မှာ နှစ်ပေါင်း ၄၀ ရှိခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သူတို့သည် ဘုရားသခင်အား တဖန် ဆန့်ကျင်ကြပြန်သည်။ "ငါတို့ကို ဤတောထဲ၌သေစေခြင်းငှါ အဲဂုတ္တုပြည်မှ အဘယ်ကြောင့် ဆောင်ခဲ့သနည်း။" ဟု ပြောခဲ့ကြသည်။ ***(တောလည်ရာ ၂၁း၅)***<br>၂။ ဘုရားသခင်သည် ထိုသူတို့၏ မယုံကြည်ခြင်းအပေါ် စိတ်ဆိုးခဲ့သည်။ ဘုရားသခင်သည် အဆိပ်ရှိသောမြွေအား သူတို့ထံစေလွှတ်ခဲ့သဖြင့် သူတို့သည် မြွေအကိုက်ခံခဲ့ကြရသည်။ သို့သော် မောရှေသည် သူတို့ထံ ဆုတောင်းခဲ့သဖြင့် ထိုသူတို့သည် အပြစ်လွတ်ခြင်းအခွင့် ခံစားခဲ့ရသည်။ ***(၂၁း၇)***<br>၃။ ဘုရားသခင်သည် မောရှေအား ကြေးဝါ မြွေရုပ်ပြုလုပ်စေခဲ့ပြီး တိုင်ပေါ်တွင် မြောက်ထားစေသည်။ မြွေအကိုက်ခံရသောသူတို့သည် ထိုကြေးဝါမြွေရုပ်အား ကြည့်လျှင် မြွေဆိပ်ပြေ၍ အသက်ချမ်းသာရမည်။ ထိုကြေးဝါမြွေရုပ်သည် ဣသရေလလူတို့၏ အနာများအား သက်သာစေခဲ့သည်။ ကြေးဝါမြွေရုပ်အား ကြည့်ခြင်းအားဖြင့် ဤအပြစ်ဒဏ်သည် ဘုရားသခင်ထံမှ လာသောအရာ ဖြစ်ပြီး ဘုရားသခင် တစ်ပါးတည်းသာ သူတို့အား ကယ်တင်နိုင်ကြောင်း သိထားကြရမည် ဖြစ်သည်။ ***(၂၁း၉)***<br>၄။ တိုင်ပေါ်တွင် မြောက်ထားသည့် ဤကြေးဝါ မြွေရုပ်သည် မည်မျှကြီးမားသည့် အဓိပ္ပာယ်ရှိကြောင်း ဣသရေလလူတို့ မသိခဲ့ကြပေ။ ဣသရေလလူတို့သည် ကြေးဝါမြွေရုပ်အား ကြည့်ခြင်းအားဖြင့် အသက်ချမ်းသားခဲ့ကြသကဲ့သို့ ယနေ့တွင် ကျွန်ုပ်တို့ အပြစ်အတွက် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံခဲ့သည့် သခင်ယေရှုအား ယုံကြည်ခြင်းဖြင့် ကြည့်လျှင် ကျွန်ုပ်တို့သည် ထာဝရချမ်းသာကို ခံစားရမည် ဖြစ်ကြောင်း သခင်ယေရှုသည် ***ရှင်ယောဟန် ၃*** ၌ ရှင်းပြထားသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများသင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI မောရှေ နှင့် ကြေးဝါမြွေရုပ် | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဣသရေလလူတို့သည် တောထဲတွင် နှစ်ပေါင်း ၄၀ လှည့်လည်သွားလာခဲ့ကြရသည့်အတွက် သည့်မခံနိုင်ကြတော့ပေ။ ဘုရားသခင်သည် သူတို့အား ကတိတော်မြေသို့ ပို့ဆောင်ပေးမည် ဖြစ်ကြောင်း ကတိပေးခဲ့သည်။ သို့သော် ယခုအချိန်တိုင်အောင် သူတို့သည် ကတိတော်မြေသို့ မရောက်ရှိသေးပေ။ ထို့ကြောင့် သူတို့သည် ဘုရားသခင်၏ ပို့ဆောင်လမ်းပြခဲ့သည့်အရာများအား သတိရရမည့်အစား သူတို့၏ အခြေအနေအပေါ် မကျေနပ်၍ ဘုရားသခင်အား ဆန့်ကျင်ခဲ့ကြသည်။ ***(တောလည်ရာ ၂၁း ၄-၆)***<br>၂။ ဤအခြေအနေသို့ မရောက်မီ သူတို့သည် အန္တရာယ်အမျိုးမျိုး ရင်ဆိုင်ခဲ့ကြရသည်။ ထိုသို့သော အခြေအနေများတွင် ဘုရားသခင်သည် သူတို့အား မစကယ်တင်ခဲ့သည်။ သို့သော် သူတို့သည် ဘုရားသခင်အပေါ် ယုံကြည်ခြင်းမရှိဘဲ ဘုရားသခင်အား ဆန့်ကျင်ခဲ့ကြသည်။<br>၃။ သို့သော် ဘုရားသခင်သည် သူတို့၏ ဆန့်ကျင်ခြင်းများ ရပ်တန့်စေရန် သူတို့ထံသို့ အဆိပ်ရှိသည့်မြွေကို စေလွှတ်ခဲ့ရာ မြွေကိုက်ခံရပြီး လူများစွာ အသက်ဆုံးခဲ့သည်။ ***(၂၁း၆)***<br>၄။ လူတို့သည် မိမိတို့၏ အပြစ်များအား ချက်ခြင်း သတိရ၍ မောရှေထံသို့လာပြီး ဘုရားသခင်ထံ ဆုတောင်းပေးရန် တောင်းဆိုခဲ့ကြသည်။ ***(၂၁း ၇)***<br>၅။ ထို့ကြောင့် ဘုရားသခင်သည် မောရှေအား ကြေးဝါ မြွေရုပ်ပြုလုပ်စေခဲ့ပြီး တိုင်ပေါ်တွင် မြောက်ထားစေသည်။ မြွေအကိုက်ခံရသောသူတို့သည် ထိုကြေးဝါမြွေရုပ်အား ကြည့်လျှင် မြွေဆိပ်ပြေ၍ အသက်ချမ်းသာရမည်။။ ကြေးဝါမြွေရုပ်အား ကြည့်ခြင်းအားဖြင့် ဤအပြစ်ဒဏ်သည် ဘုရားသခင်ထံမှ လာသောအရာ ဖြစ်ပြီး ဘုရားသခင် တစ်ပါးတည်းသာ သူတို့အား ကယ်တင်နိုင်ကြောင်း သိထားကြရမည် ဖြစ်သည်။ ***(၂၁း၉)***<br>၆။ ဤကြေးဝါမြွေရုပ်သည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံပေးမည့် သခင်ယေရှုအား ပုံဆောင်နေခြင်း ဖြစ်သည်ကို ဣသရေလလူတို့ မသိခဲ့ကြပေ။ ထိုကြေးဝါမြွေရုပ်အား ကြည့်သောသူတို့သည် အနာမှကင်းပြောက်၍ အသက်ချမ်းသာရကြသည်။ ထို့နည်းတူပင် ကျွန်ုပ်တို့သည် လက်ဝါးကပ်တိုင်ပေါ်တွင် အသေခံသည့် သခင်ယေရှုအား ယုံကြည်ကိုးစားလျှင် ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားရပြီး အပြစ်ငရဲမှ လွတ်မြောက်၍ ထာဝရအသက်ကို ပိုင်ဆိုင်ရမည် ဖြစ်သည်။ (အဓိကသော့ချက်ကျမ်းတွင် ကြည့်ပါ။)<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI မောရှေ နှင့် ကြေးဝါမြွေရုပ် |
| ပြန်လှန်လေ့ကျင့်ပါ | အများသိကြသည့် ***ရှင်ယောဟန် ၃း၁၆*** အား ကျောင်းသားများကို ကြည့်စေပါ။ ထိုနောက် ထာဝရအသက်၏ အဓိပ္ပာယ်ကို ကလေးများအား စဉ်းစားစေပါ။ လူအများစုသည် ထာဝရအသက်အကြောင်းကို မစဉ်းစားလိုကြပေ။ အဘယ်ကြောင့် ဆိုသော် သူတို့၏ လက်ရှိလောကအသက်ရှင်နေထိုင်ခြင်းအပေါ် ကျေနပ်နှစ်သက်မှု မရှိသောကြောင့် ဖြစ်သည်။ သို့သော် သခင်ယေရှုခရစ်တော်အားဖြင့် ဘုရားသခင် ပြင်ဆင်ပေးသော ထာဝရအသက်သည် အိုခြင်း၊ နာခြင်း၊ သေခြင်း မရှိသည့်အသက် ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်အား မိမိတို့၏ အရှင်သခင်အဖြစ် ယုံကြည်ပြီး ယေရှု နောက်သို့ လိုက်ခဲ့လျှင် ထိုထာဝရအသက်ကို ပိုင်ဆိုင်ရရှိမည် ဖြစ်သည်။ | အဖွဲ့ငယ်များခွဲ၍ ***ဆာလံ ၇၈း ၁၀-၃၈***အား လေ့လာပါ။ ဘုရားသခင်သည် သူ၏ လူမျိုးများအတွက် ပြုလုပ်ပေးခဲ့သည့် အံ့သြဖွယ်များ နှင့် ထိုအံ့သြဖွယ်ရာများအပေါ် ထိုသူတို့၏ စိတ်နေသဘောထားများကို စာရင်းပြုစုပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ဣသရေလလူတို့သည် ဘုရားသခင်အား မကိုးစားကြသည့်အတွက် ဘုရားသခင်အား ဆန့်ကျင်ခဲ့ကြသည်။ သူတို့သည် ဘုရားသခင်၏ ပညတ်တော်များကို မလိုက်နာဘဲ၊ သူတို့အတွက် ဘုရားသခင် လုပ်ဆောင်ပေးခဲ့သည့် အရာများကို မေ့လျော့ ခဲ့ကြသည်။ ကျွန်ုပ်တို့၏ အပြုအမူ နှင့် စိတ်နေသဘောထားများ မကောင်းကြသည့် အတွက် ဘုရားသခင်အား ကျွန်ုပ်တို့ ဆန့်ကျင့်လေ့ရှိကြသည့် အဖြစ်များကို စဉ်းစားဆင်ခြင်ကြည့်ပါ။ ကျွန်ုပ်တို့၏ ဆန့်ကျင့်တက်သည့် သဘောထားများကို ဆင်ခြင်သင့်သည်။ ထိုသဘောထားများသည် ကျွန်ုပ်တို့၏ အသက်တာတစ်လုံးကို ဖျက်စီးစေသည်အထိ ခွင့်မပြုသင့်ပေ။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>ဘုရားသခင်သည် ဣသရေလလူတို့အား အကောင်းဆုံး လမ်းပြပို့ဆောင်ခဲ့သော်လည်း သူတို့သည် မိမိတို့ ကြုံတွေ့ရသည့် အခြေအနေများကြောင့် ဘုရားသခင်အား ဆန့်ကျင်ခဲ့ကြသည်။ ထို့နည်းတူစွာပင် ကျွန်ုပ်တို့သည်လည်း ကျွန်ုပ်တို့အား ပေးထားသည့် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများကို မေ့လျော့တက်ကြသည်။ ကျွန်ုပ်တို့သည် သူ့အား ယုံကြည်ကိုးစားလျှင် သူသည် ကျွန်ုပ်တို့အား ကြည့်ရှုစောင့်ရှောက်သွားမည် ဖြစ်သည်။ ကျွန်ုပ်တို့ မထင်မှတ်သော အခြေအနေများတွင် ကျွန်ုပ်တို့အသက်တာတွင် "အဆိပ်ပြင်းသည့်မြွေ" နှင့် ရင်ဆိုင်ရတက်သည်။ သို့မှသာ ကျွန်ုပ်တို့သည် ဘုရားသခင်ထံ ပြန်လှည့်လာပြီး ဘုရားသခင်အား ကိုးစားမည် ဖြစ်သည်။ |

| | ၁၁၁ - အဆင့် ၃<br>သင်ခန်းစာ ၁ - မောရှေ<br>ခေါင်းစဉ် - ဘုရားသခင်နှင့် တွေ့ဆုံခြင်း | ၁၁၁ - အဆင့် ၄<br>သင်ခန်းစာ ၁ - ပညတ်တော်<br>ခေါင်းစဉ် - တစ်ဆူထည်းသောဘုရား |
|---|---|---|
| | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၁၉း ၁-၁၄*<br>**အဓိကသော့ချက်ကျမ်း** *၁ပေတရု ၁း ၁၆*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ထာဝရဘုရားသည် သန့်ရှင်းပြီး စုံလင်သော ဘုရား ဖြစ်သည်။<br>၂။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မိတ်သဟာရဖွဲ့ရာတွင် နာခံခြင်းသည် အလွန်အရေးကြီးသည်။<br>၃။ ဘုရားသခင်၏ ပညတ်တော်သည် သူ့လူမျိုးများ၏ အပြစ်များကို သိသာထင်ရှား စေသည်။ | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၁၉း ၁၆-၂၅၊ ၂၀း ၁-၇၊ ရှင်မဿဲ ၂၂း ၃၄-၄၀*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မဿဲ ၂၂း ၃၇*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ထာဝရဘုရားသည် သန့်ရှင်းတော်မူသော ဘုရားဖြစ်သည်။<br>၂။ ထာဝရဘုရားသည် တန်ခိုးကြီးသောဘုရား ဖြစ်သည်။<br>၃။ ထာဝရဘုရားသည် အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား ဖြစ်သည်။<br>၄။ ထာဝရဘုရားသည် ချစ်ခြင်းမေတ္တာရှင်ဘုရား ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | အကယ်၍ ကျောင်းသားများသည် မင်္ဂလာဆောင်ပွဲသို့ သွားမည်ဆိုပါက မည်သို့ ပြင်ဆင်ကြမည်ကို မေးပါ။ ဥပမာ - သူတို့၏အဝတ်အစားများ လျှော်ကြမည်။ ရေချိုးကြမည်။ အထူးသဖြင့် နေ့ထူးနေ့မြတ်အတွက် အဝတ်အစားကောင်းများဝတ်ရန် ပြင်ဆင်မည်မှာ အမှန်ပင် ဖြစ်သည်။ ထိုနည်းတူစွာပင် ဣသရေလလူတို့သည်လည်း ပြင်ဆင်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ထာဝရဘုရားနှင့် သွားရောက်တွေ့ဆုံမည် ဖြစ်သောကြောင့် ဖြစ်သည်။ ဣသရေလ လူတို့သည် အပြစ်သားများ ဖြစ်ကြပြီး ဘုရားသခင်သည် အလွန်သန့်ရှင်းတော်မူသောကြောင့် သူတို့သည် ဘုရားသခင်နှင့် သွားရောက်တွေ့ဆုံခြင်း မပြုမီ မိမိတို့ကိုယ် မိမိတို့ သန့်ရှင်းကြရသည်။ | ထာဝရဘုရားမှအပ အခြားသောဘုရားအား မကိုးကွယ်ရန်၊ ရုပ်တုဆင်းတုအား ကိုယ့်အဖို့ မပြုလုပ်ရန် ဘုရားသခင်သည် ဣသရေလလူတို့အား ပညတ်ထားတော်မူသည့် အကြောင်းကို ဤသင်ခန်းစားတွင် ကျွန်ုပ်တို့ သင်ယူလေ့လာသွားမည် ဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်တာ၌ ဘုရားသခင်၏ နေရာတွင် အရာတစ်ခုခုက နေရာယူလာလျှင် ထိုအရာသည် ရုပ်တုကိုးကွယ်ခြင်းပင် ဖြစ်သည်။ ဥပမာအနေဖြင့် ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ ရုပ်တုများ၊ အခြားဘုရားများအကြောင်း စဉ်းစားပါ။ ထိုအရာများသည် ကျွန်ုပ်တို့အသက်တာ၌ဘုရားသခင်အစား မည်သို့ နေရာယူတက်ကြောင်း ကျောင်းသားများနှင့်အတူ ဆွေးနွေးပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ မောရှေတစ်ဦးတည်းသာ တောင်ပေါ်သို့တက်ပြီး ဘုရားသခင်နှင့် သွားရောက်တွေ့ဆုံခွင့် ရှိသည်။ ထာဝရဘုရားသည် အလွန်သန့်ရှင်းပြီး ဘုန်းတန်ခိုးနှင့် ပြည့်စုံတော်မူသောကြောင့် ဣသရေလလူတို့သည် တောင်ထိပ်ပေါ်သို့ တက်ရောက်နိုင်ခွင့် မရှိကြပေ။<br>၂။ ဘုရားသခင်သည် ဣသရေလလူတို့အား အဲဂုတ္တုမှ ထုတ်ဆောင်ခဲ့ခြင်းသည် ဘုရားသခင်၌ ရည်ရွယ်ချက်ရှိသည်။ ယခုတွင် ထိုရည်ရွယ်ချက်အား သူတို့ထံ ပြောပြသည်။ ထိုလူတို့သည် ထာဝရဘုရားအား နာခံရန် နှင့် နောက်တော်သို့ လိုက်ရန် ဘုရားသခင် အလိုတော်ရှိသည်။ ဣသရေလလူတို့သည် ထာဝရဘုရား အတွက် သန့်ရှင်းသောအမျိုး၊ ရွေးချယ်တော်မူသောအမျိုး ဖြစ်ရန် ဘုရားသခင် အလိုတော်ရှိသည်။ ***(အငယ်၅-၆)***<br>၃။ ထိုသူတို့သည် ထာဝရဘုရား၏ ပညတ်တော်အား လက်ခံရရှိကြသည့်အခါ ထာဝရဘုရား မိန့်တော်မူသမျှကို လိုက်နာပါမည်ဟု ဝန်ခံခဲ့ကြသည်။ ***(အငယ်၈)***<br>၄။ ထာဝရဘုရားအား ဝတ်ပြုရန်အတွက် ဣသရေလလူတို့အား သန့်ရှင်းစေရန် မောရှေအား မိန့်တော်မူခဲ့သည်။ ***(အငယ်၁၀)*** ဤအချက်သည် ဘုရားသခင်နှင့် တွေ့ဆုံရန်အတွက် သူတို့ ပြင်ဆင်ရမည် ဖြစ်သည်။ သူတို့၏ စိတ်နှလုံးများကို သန့်ရှင်းစေရန် ပြင်ဆင်ရမည်။ ရုပ်ပိုင်းဆိုင်ရာ သန်ရှင်းစေရန် မိမိတို့ကိုယ်မိမိတို့ ပြင်ဆင်ခြင်းသည် ဘုရားသခင်အား ကိုးကွယ်ရန်အတွက် စိတ်နှလုံး ပြင်ဆင်ရာတွင် အကူအညီဖြစ်ကြောင်း ကျောင်းသားများအား ရှင်းပြပေးပါ။<br>၅။ သူတို့သည် ထာဝရဘုရားနှင့် တွေ့ဆုံရန်အတွက် ပြင်ဆင်ရန် လိုအပ်ရသည့် အကြောင်းအရင်မှာ အဘယ်ကြောင့်နည်း။ အဓိကသော့ချက်ကျမ်းအား ကြည့်ပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သိနတောင်၌ မောရှေ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဣသရေလလူတို့သည် ထာဝရဘုရားနှင့် တွေ့ဆုံရန် ပြင်ဆင်ကြပြီး သိနတောင်ခြေသို့ ရောက်ရှိလာခဲ့ကြသည်။ ထာဝရဘုရားသည် သန့်ရှင်းတော်မူသည့် ဘုရားသခင် ဖြစ်တော်မူသောကြောင့် သူတို့သည် မိမိတို့ကိုယ်မိမိတို့ သန့်ရှင်းစေကြရသည်။ ***(၁၉း ၁၄)***<br>၂။ ထာဝရဘုရားသည် မီးဖြင့်လွှမ်းလျက် သိနတောင်ပေါ်သို့ ဆင်းသက်တော်မူသည်။ ဘုရားသခင်၏ တန်ခိုးတော်ကြောင့် ဣသရေလလူတို့သည် တုန်လှုပ်ခဲ့ကြသည်။ ***(၁၉း ၁၆-၁၈)***<br>၃။ ထာဝရဘုရားမှအပ အခြားသောဘုရားအား မကိုးကွယ်ရန် ဘုရားသခင်သည် ဣသရေလလူတို့အား ပညတ်တော်မူခဲ့သည်။ ***(၂၀း၃)*** ဘုရားသခင်၏ နေရာကို ယူသည့် ရုပ်တုဆင်းတုအားလည်း ဦးမချဝတ်မပြုရန် ပညတ်ခဲ့သည်။ သူသည် ကျွန်ုပ်တို့အား အလွန်ချစ်သည့်အတွက် အပြစ်ရှိသည်ဟု ယုံလွယ်သော ဘုရားလည်း ဖြစ်သည်။ သူ၏ ပညတ်တော်ကို စောင့်သောသူ နှင့် သူအား ချစ်သောသူတို့အပေါ် သူ၏ ကတိတော်သည် အမြဲတည်သည်။ ***(၂၀း ၅-၆)***<br>၄။ ဘုရားသခင်သည် အပြစ်ရှိသည်ဟု ယုံလွယ်သောဘုရား ဖြစ်သည်ဟု ဆိုရာတွင် သူ၏စစ်မှန်သော ချစ်ခြင်း နှင့် သူ၏ ဂရုစိုက်ခြင်းကို ဖော်ပြနေခြင်း ဖြစ်သည်။<br>၅။ ဘုရားသခင်၏ နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွတ်မဆိုရန် သူတို့အား ပညတ်ထားသည်။ သူ၏နာမအား ကျွန်ုပ်တို့ အသုံးပြုလိုက်သည့် နည်းလမ်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အား မည်သို့ သဘောထားကြောင်းကို ပေါ်လွင်စေသည်။ ကျွန်ုပ်တို့သည် ထာဝရဘုရားအား ကိုးကွယ်ဝတ်ပြုသည့် အခါတွင်သာ သန့်ရှင်းသော နာမတော်ကို အသုံးပြုသင့်သည်။ ဆိုးသောစကား၊ လိမ်လည်သော စကားများ ပြောသည့်အခါတွင် ဘုရားသခင်၏ အမည်နာမကို အလွဲမသုံးသင့်ပေ။ ***(၂၀း ၇)***<br>၆။ သခင်ယေရှုသည် ဤလောက၌ ရှိစဉ်အခါက ကျမ်းတတ်တို့သည် သခင်ယေရှုအား စုံစမ်းနှောက်ယှက် ခဲ့ကြသည်။ ကျောင်းသားများအား ***ရှင်မဿဲ ၂၂း ၃၄-၄၀*** ကို ကြည့်စေပါ။ သခင်ယေရှု၏ စကားတော်အရ မည်သည့် ပညတ်သည် အကြီးဆုံး ပညတ်ဖြစ်ပါသနည်း။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သိနတောင်၌ မောရှေ |
| ပြန်လှန်လေ့ကျင့်ပါ | သိနတောင်သည် သန့်ရှင်းသောနေရာ ဖြစ်ရခြင်းမှာ အဘယ်ကြောင့်နည်း။ ကျောင်းသားများနှင့်အတူ စဉ်းစားဆင်ခြင်ပါ။ မီးလောင်နေသည့် ချုံပုတ်အတွင်းမှ ဘုရားသခင်သည် မောရှေထံ စကားပြောခဲ့သည်။ ***(ထွက်မြောက်ရာ ၃း ၁-၁၂)*** ဧလိယသည် အသက်သေမည်ကို စိုးရိမ်ကြောက်ရွံ့သောကြောင့် ထွက်ပြေးသော အချိန်တွင် ဘုရားသခင်သည် သူ့ထံ ဖြေးညှင်းသည့်အသံဖြင့် စကားပြောခဲ့သည်။ ***(၁ရာ ၁၉း၁-၁၃)*** | အဓိကသော့ချက်ကျမ်းချက်အား သင်ယူစေပါ။ ထို့နောက် ထိုကျမ်းချက်သည် ဤသင်ခန်းစာနှင့် ပတ်သက်၍ မည်သို့ အကျဉ်းချုံး ဖော်ပြနေကြောင်း အဖွဲ့လိုက် ဆွေးနွေးစေပါ။ သင်ခန်းစာ ၁ မှ မေးခွန်းများအား ဖြေဆိုရာတွင် အထောက်အကူ ဖြစ်စေရန် မေးခွန်းများ မေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ထာဝရဘုရားသည် သန့်ရှင်းပြီး စုံလင်တော်မူသော ဘုရားဖြစ်သောကြောင့် ကျွန်ုပ်တို့သည် သူထံသို့လာသည့်အခါ ကျွန်ုပ်တို့၏ မစုံလင်သည့်အပြစ်များအား စွန့်ပစ်ထားခဲ့ရန် လိုအပ်သည်။<br>၂။ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် အသစ်သော မိတ်သဟာရဖွဲ့နိုင်ရန်အတွက် ဘုရားသခင်သည် သူ၏သားတော်ကို ဤလောကသို့ စေလွှတ်ခဲ့သည်။ သခင်ယေရှု၌ ကျွန်ုပ်တို့ ယုံကြည်သည့် ယုံကြည်ခြင်းကို မြင်သည့်အခါ ဘုရားသခင်သည် ကျွန်ုပ်တို့အား သန့်ရှင်းသူအဖြစ် လက်ခံပေးသည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ သူတို့၏ အသက်တာတွင် ဘုရားသခင်ထက် ဦးစားပေးသည့် အခြားအရာများ ရှိမရှိ ကျောင်းသားများကို စဉ်းစားစေပါ။ ဘုရားသခင်ထက် ပို၍ အရေးကြီးသည်ဟု ကျောင်းသားများ ထင်သည့်အရာ ရှိမရှိ မေးပါ။<br>၂။ တစ်ခါတစ်ရံတွင် သူတို့သည် ဘုရားသခင်၏ အမည်နာမကို မုသာသုံး၍ မြွတ်ဆိုသည့်အချိန် ရှိမရှိ စဉ်းစားစေပါ။ ထိုသို့ လွဲမှားစွာ အသုံးပြုလျှင် ဘုရားသခင်သည် အလွန်ဝမ်းနည်းမည် ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ နာမတော်ကို မည်သို့ အသုံးပြုနေကြကြောင်း ကျောင်းသားများကို စဉ်းစားစေပါ။ |

| | ခ၁၁ - အဆင့် ၃<br>သင်ခန်းစာ ၂ - မောရှေ<br>ခေါင်းစဉ် - ဘုရားသခင်အား သိခြင်း | ခ၁၁ - အဆင့် ၄<br>သင်ခန်းစာ ၂ - ပညတ်တော်<br>ခေါင်းစဉ် - “ဘုရားသခင်၏ လမ်းခရီး” |
|---|---|---|
| | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၂၀း ၁-၁၂*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မဿဲ ၂၂း ၃၇*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ထာဝရဘုရားသည် စစ်မှန်သည့် တစ်ဆူတည်းသော ဘုရား ဖြစ်သည်။<br>၂။ ထာဝရဘုရား၏ နာမတော်သည် ထူးမြတ်၍ ရိုးသေလေးစားဖွယ် ဖြစ်တော်မူ၏။<br>၃။ တနင်္ဂနွေနေ့အား သခင်ဘုရား ထမြောက်ရာနေ့ ထူးမြတ်သောနေ့အဖြစ် တန်ဖိုးထားရမည်။<br>၄။ ကျွန်ုပ်တို့၏ မိဘများကို ရိုသေရန် အလွန်အရေးကြီးပါသည်။ | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၂၀း ၈-၁၁ ၊ရှင်လုကာ ၁၃း ၁၀-၁၇*<br>**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ ၂၀း ၈*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဘုရားသခင်သည် သူ၏ ဥပုဒ်တော်နေ့အား စောင့်ရှောက်ရန် အလိုတော်ရှိသည်။<br>၂။ ပညတ်တော် စောင့်ရှောက်ခြင်းသည် လူများထံမှခွါ၍ ထိန်းချုပ်ခြင်းမျိုးကို ဆိုလိုခြင်း မဟုတ်ပေ။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ပညတ်တော်များသည် ကောင်းမကောင်း သိနိုင်ရန် နေ့စဉ် အခြေအနေများကို စဉ်းစားကြည့်ပါ။ ဥပမာ - ဂိမ်းကစားရာ၌စည်းကမ်းသက်မှတ်ချက်များ၊ ပူသောအရာ တစ်ခုခုနှင့် မထိမိစေရန် မိဘများမှ သားသမီးများအား တားမြစ်ခြင်း၊ မီးပွိုင့်များ၊ အိပ်ချိန်များ၊ ကျောင်းသွားခြင်းများ စသည့် အခြေအနေမျိုးများ အကြောင်း စဉ်းစားပါ။ ဣသရေလလူမျိုးတို့သည် ထာဝရဘုရားအတွက် သန့်ရှင်းသော လူမျိုး ဖြစ်စေရန် ဘုရားသခင်သည် သူတို့အား မည်သို့သော စည်းမျဉ်းစည်းကမ်းများကို ပေးကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ - ပညတ်တော် ဆယ်ပါး။ သူတို့သည် ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်နိုင်ရန် ဘုရားသခင်၏ လမ်းညွှန်မှုအတိုင်း အသက်ရှင်ကြရမည် ဖြစ်သည်။ | ပညတ်တော်များသည် ကောင်းမကောင်း သိနိုင်ရန် နေ့စဉ် အခြေအနေများကို စဉ်းစားကြည့်ပါ။ ဥပမာ - ဂိမ်းကစားရာ၌စည်းကမ်းသက်မှတ်ချက်များ၊ ပူသောအရာ တစ်ခုခုနှင့် မထိမိစေရန် မိဘများမှ သားသမီးများအား တားမြစ်ခြင်း၊ မီးပွိုင့်များ၊ အိပ်ချိန်များ၊ ကျောင်းသွားခြင်းများ စသည့် အခြေအနေမျိုးများ အကြောင်း စဉ်းစားပါ။ ဣသရေလလူမျိုးတို့သည် ထာဝရဘုရားအတွက် သန့်ရှင်းသော လူမျိုး ဖြစ်စေရန် ဘုရားသခင်သည် သူတို့အား မည်သို့သော စည်းမျဉ်းစည်းကမ်းများကို ပေးကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ - ပညတ်တော် ဆယ်ပါး။ သူတို့သည် ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်နိုင်ရန် ဘုရားသခင်၏ လမ်းညွှန်မှုအတိုင်း အသက်ရှင်ကြရမည် ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပထမဦးဆုံးပညတ်တော် ***(အငယ်၊ ၁-၃)*** ဘုရားသခင်မှတပါး အခြားသော ဘုရားအား မကိုးကွယ်ရ။ ရုပ်တုကိုးကွယ်ခြင်းဆိုသည်မှ ဘုရားသခင်၏နေရာတွင် အခြားသောအရာများကို နေရာပေးခြင်း ဖြစ်သည်။ ဤပညတ်တော်သည် အလွန်အရေးကြီးသော ပညတ်တော် ဖြစ်သည်။ ဤပထမပညတ်တော်အား ***ရှင်မဿဲ ၄း၁၀*** တွင် သခင်ယေရှုကိုယ်တော်တိုင် ဖော်ပြထားသည်။<br>၂။ ဒုတိယပညတ်တော်မှာ ရုပ်တုဆင်းတုကို မိမိအဖို့ မပြုလုပ်ရန် ဖြစ်သည်။ ***(အငယ်၊၄)*** ဤအချက်ကို လွယ်ကူစွာ နားလည်နိုင်ပါသည်။ ဣသရေလလူတို့သည် ရုပ်တုဆင်းတုများစွာ ကိုးကွယ်သည့် အဲဂုတ္တုပြည်မှ ထွက်လာကြသောလူများ ဖြစ်ကြသည်။ ဤပညတ်ချက်ကို ယေရှုသည် ***ရှင်လုကာ ၁၆း ၁၃*** တွင် ပြန်လည်ဖော်ပြထားသည်။<br>၃။ တတိယပညတ်တော်မှာ ထာဝရဘုရား၏ နာမတော်အား မုသာနှင့်ဆိုင်၍ မမြွက်ဆိုရန် ဖြစ်သည်။ ***(အငယ်၊၇)*** ထာဝရဘုရား၏ နာမတော်သည် ထူးမြတ်သောနာမတော် ဖြစ်သောကြောင့် လွဲမှားစွာ အသုံးမပြုသင့်ပေ။ သူ၏ နာမတော်အား ကျွန်ုပ်တို့ အသုံးပြုလိုက်သည့် နည်းလမ်းအားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အား မည်သို့ သဘောထားကြောင်းကို ပေါ်လွင်စေသည်။ ကျွန်ုပ်တို့သည် ထာဝရဘုရားအား ကိုးကွယ်ဝတ်ပြုသည့် အခါတွင် သန့်ရှင်းသော နာမတော်ကို အသုံးပြုသင့်သည်။ ဆိုးသောစကား၊ လိမ်လည်သော စကားများ ပြောသည့်အခါတွင် ဘုရားသခင်၏ အမည်နာမကို အလွဲမသုံးသင့်ပေ။<br>၄။ စတုတ္ထပညတ်တော်မှာ ***(အငယ်၊၈-၁၁)*** ဥပုဒ်နေ့ကို သန့်ရှင်းစေခြင်းငှါ စောင့်ရှောက်ရမည်။ ထိုနေ့သည် အခြားသော ခြောက်ရက်နှင့် ခြားနားသည်။ ဘုရားသခင်သည် ကောင်းကင် နှင့် မြေကြီးကို ခြောက်ရက်အတွင်း ဖန်ဆင်းပြီး ခုနစ်ရက်မြောက်သောနေ့တွင် ငြိမ်ဝပ်စွာ နေတော်မူသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ခြေတော်ရာအတိုင်း လိုက်လျှောက်သင့်သည်။ ကျွန်ုပ်တို့သည် တစ်ရက်တာ သူ့အားကိုးကွယ်ရန် နှင့် အချိန်ပေးရန် ဘုရားသခင် အလိုတော် ရှိသည်။<br>၅။ ပဉ္စမ ပညတ်တော်မှာ ***(အငယ်၊၁၂)*** မိဘအား ရိုသေရမည်။ ရိုသေသည် ဆိုသောအဓိပ္ပာယ်မှာ မည်သို့ဖြစ်ကြောင်း ဆွေးနွေးပါ။ *ကျွန်ုပ်တို့၏ မိဘများကို ကျွန်ုပ်တို့ မည်သို့ ရိုသေကြသနည်း။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI သိနတောင်၌ မောရှေ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ပညတ်တော်ဆယ်ပါးမှ ပညတ်တော်တစ်ခုမှာ ဣသရေလလူတို့သည် ဥပုဒ်နေ့ကို သန့်ရှင်းစေခြင်းငှါ စောင့်ရှောက်ရမည် ဖြစ်သည်။ ***(ထွက်မြောက်ရာ ၂၀း ၈-၁၁)***<br>၂။ ဘုရားသခင်သည် ကောင်းကင် နှင့် မြေကြီးအား ခြောက်ရက်အတွင်း ဖန်ဆင်းတော်မူပြီး ခုနစ်ရက်မြောက်သောနေ့တွင် ငြိမ်ဝပ်စွာ နေတော်မူသည်။ တစ်ပါးသူများ၏ အမြင်တွင် ထူးခြားစေရန် ကျွန်ုပ်တို့သည်လည်း တစ်ပတ်တွင် တစ်ရက် ဘုရားသခင်အတွက် အချိန်ပေးပြီး သူ့အားကိုးကွယ်ရန် ဘုရားသခင် အလိုတော်ရှိသည်။<br>၃။ ဘုရားသခင်သည် မန္နမုန့် စုသိမ်းရန်အတွက် သူတို့အား နည်းလမ်းပေးသည့် အခါတွင် ဤပုံစံကို လမ်းညွှန်ထားပြီး ဖြစ်သည်။ ***(ထွက်မြောက်ရာ ၁၆း ၂၂-၂၆)***<br>၄။ သခင်ယေရှုသည် ဤလောကတွင် အသက်ရှင်နေထိုင်ခဲ့စဉ် ဤပညတ်တော်အား “နာခံလိုက်နာခြင်း” နှင့်ပတ်သက်၍ သူ၏ ဖော်ပြချက်အပေါ် လူတို့သည် မပျော်ရွှင်ခဲ့ကြပေ။ ယေရှုသည် ဥပုဒ်နေ့တွင် လူနာအား ကျန်းမာခြင်း ပေးခဲ့သည့် အတွက် ကျမ်းတတ်တို့သည် ယေရှုအား ပညတ်တော် ချိုးဖောက်သောသူဟု စွပ်စွဲပြောဆို ခဲ့ကြသည်။ ထိုသို့သော အခြေအနေမျိုးအကြိမ်များစွာ ဖြစ်ခဲ့ဘူးသည်။ ထိုသို့သော အဖြစ်အပျက်မျိုးမှ တစ်ခုအား လုကာ ၁၃း ၁၀-၁၇ တွင် တွေ့ရသည်။<br>၅။ ယေရှုသည် သူတို့၏ ဝေဖန်မှုကို ပြန်လည်တုန့်ပြန်သောအားဖြင့် သင်တို့သည် ဥပုဒ်နေ့တွင် သင်တို့၏ တိရိစ္ဆာန်များကို ဂရုစိုက်ကြသည်မဟုတ်လော့။ ယေရှုသည် လူသားများအား ဂရုမစိုက်သင့်သလော့ ဟု သူတို့အား ပြန်၍ မေးခဲ့သည်။ ထိုသူတို့သည် ပညတ်တော်များကို ကြိုးစားလိုက်နာသောသူများ ဖြစ်ကြသည်။ သို့သော် ထိုသူတို့သည် သူတို့၏ အသက်တာတွင် ဘုရားသခင် အမှန်တကယ် အလိုရှိသောအရာအား မေ့လျော့နေခဲ့ကြသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI သိနတောင်၌ မောရေ |
| ပြန်လှန်လေ့ကျင့်ပါ | ***ရှင်မဿဲ ၂၂း ၃၇-၄၀*** အားကြည့်ပြီး၊ ဤကျမ်းချက်သည် ပညတ်တော် ဆယ်ပါးအား မည်သို့ အတိုချုပ်ဖော်ပြနေကြောင်း ဆွေးနွေးပါ။ ကျောင်းသားများသည် သင်ခန်းစာ ၂ မှ မေးခွန်းများအား ဖြေဆိုရာတွင် အထောက်အကူ ဖြစ်စေရန် မေးခွန်းများ မေးပါ။ | ဥပုဒ်နေ့ကို စောင့်ထိန်းခြင်းနှင့် ပတ်သင်သည့် စကာရေလုပွဲ ပြုလုပ်ပါ။ အခြားတစ်ဖွဲ့မှ “အဆိုပြုပြီး” အခြားတဘက်မှ “ချေပရမည်” ဖြစ်သည်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့အသက်တာတွင် ထာဝရဘုရားထက် အခြားသောဘုရားများကို ဦးစားပေးနေပါသလား။ အခြားသောအရာများ ဖြစ်သည့် အားကစား၊ တီဗွီ၊ အလုပ်၊ ကျောင်း စသည့်အရာများအား ဘုရားသခင်၏ နေရာတွင် နေရာမပေးသင့်ပေ။<br>၂။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နာမတော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုပါသလား။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နာမတော်ကို ရိုသေလေးမြတ်စွာ အသုံးပြုရန် အထူးအလေးထား သင့်ပေသည်။<br>၃။ အခြားသောသူများ၏ အမြင်တွင် ထူးခြားစေရန် ကျွန်ုပ်တို့သည် သခင်ဘုရား ထမြောက်ရာနေ့ တနင်္ဂနွေနေ့ကို အလေးထားစောင့်ရှောက်ပါသလား။<br>၄။ ကျွန်ုပ်တို့သည် မိဘများကို ရိုသေကြပါသလား။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ မည်သူမျှ တစ်ဦးတစ်ယောက်မျှ ပညတ်တော်များကို မစောင့်ထိန်းနိုင်ကြပေ။ ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်ကြသည့်အတွက် ဘုရားသခင်၏ စံသက်မှတ်ချက်ကို မမီနိုင်ကြပေ။ ***(ရောမ ၃း ၂၃)***<br>၂။ ကျွန်ုပ်တို့ ဤပညတ်တော်များကို ကြိုးစား စောင့်ထိန်းခြင်းဖြင့် ဘုရားသခင်၏ စိတ်တော်နှင့် တွေ့သောသူများ မဖြစ်နိုင်ကြပေ။<br>၃။ သခင်ယေရှုသည် ကျွန်ုပ်တို့၏ အပြစ်များအတွက် အပြစ်ကြွေးပေးဆက်ခြင်းဖြင် ကျွန်ုပ်တို့ နှင့် ဘုရားသခင် ပြန်လည်သင့်မြတ်စေရန် ဤလောကသို့ ဆင်းကြွလာခဲ့သည်။ သခင်ယေရှုအား ကျွန်ုပ်တို့၏ အသက်တာတွင် ခေါ်ဖိတ် လက်ခံလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်နိုင်ရန် ကူညီပေးမည့် သန့်ရှင်းသော ဝိညာဉ်တော်ကို ကျွန်ုပ်တို့အား ပေးမည် ဖြစ်သည်။ |

| | ၁၁၁ - အဆင့် ၃<br>သင်ခန်းစာ ၃ - မောရှေ<br>ခေါင်းစဉ် - ဘုရားသခင်အား နာခံခြင်း | ၁၁၁ - အဆင့် ၄<br>သင်ခန်းစာ ၃ - ပညတ်တော်<br>ခေါင်းစဉ် - "ဘုရားသခင်သည်သာ ပထမ" |
|---|---|---|
| | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၂၀း ၁၃-၂၀ ၊ ရှင်မဿဲ ၁၉း ၁၆-၃၀*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မဿဲ ၁၉း ၂၀*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဘုရားသခင်သည် ဤပညတ်တော်များကို ပေးထားရသည့်အကြောင်းမှာ နာခံရန်အတွက် ဖြစ်သည်။<br>၂။ ဤပညတ်တော်များကို နာခံခြင်းဖြင့် ထာဝရအသက် ရလိမ့်မည်ဟု ဆိုလိုခြင်း မဟုတ်ပေ။<br>၃။ တစ်ခါတစ်ရံ၌ကျွန်ုပ်တို့၏ အသက်တာတွင် ဘုရားသခင်ထက် အခြားသောအရာများကို ဦးစားပေးသည့် အချိန်ရှိနိုင်သည်။ | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၂၀း ၁၂-၂၂ ၊ ရှင်မာကု ၁၀း ၁၇- ၃၁*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မဿဲ ၆း ၂၄*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ပညတ်တော် နှင့် နည်းဥပဒေသများသည် လိုက်နာရန်အတွက် အရေးကြီးသော အရာများ ဖြစ်သည်။<br>၂။ ပညတ်တော် နှင့် နည်းဥပဒေသများ လိုက်နာခြင်းသည် ဘုရားသခင်နှင့် ပြန်လည် မိတ်သဟာရဖွဲ့စေနိုင်သည့် နည်းလမ်းမဟုတ်ပေ။ ထာဝရအသက် ရရှိနိုင်သည့် နည်းလမ်းလည်း မဟုတ်ပေ။<br>၃။ ကျွန်ုပ်တို့အသက်တာတွင် ဘုရားသခင်၏ နေရာတွင် အခြားသောအရာများကို အလွယ်တကူ နေရာပေးတတ်ကြသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကျွန်ုပ်တို့သည် ကျောင်းစည်းကမ်းများကို မည်သို့ ကြိုးစားလိုက်နာကြကြောင်း စဉ်းစားစေပါ။ သို့သော် တစ်ခါတစ်ရံတွင် ထိုစည်းကမ်းများကို ကျွန်ုပ်တို့ ချိုးဖောက်တတ်ကြသည်။ ဥပမာပေး၍ ပြောပြပါ။ ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်ကြပြီး မစုံလင်သောလူသားများ ဖြစ်ကြသောကြောင့် ထိုသို့ စည်းကမ်းများ ချိုးဖောက်ကြခြင်း ဖြစ်သည်။ | ကျွန်ုပ်တို့သည် ကျောင်းစည်းကမ်းများကို မည်သို့ ကြိုးစားလိုက်နာကြကြောင်း စဉ်းစားစေပါ။ သို့သော် တစ်ခါတစ်ရံတွင် ထိုစည်းကမ်းများကို ကျွန်ုပ်တို့ ချိုးဖောက်တတ်ကြသည်။ ဥပမာပေး၍ ပြောပြပါ။ ကျွန်ုပ်တို့သည် အပြစ်သားများ ဖြစ်ကြပြီး မစုံလင်သောလူသားများ ဖြစ်ကြသောကြောင့် ထိုသို့ စည်းကမ်းများ ချိုးဖောက်ကြခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ကောင်းမှုကုသိုလ်များ ပြုလုပ်ခြင်းအားဖြင့် ဘုရားသခင်၏ ကောင်းကင်နိုင်ငံသို့ မဝင်စားနိုင်ကြပေ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ခြောက်ခုမြောက်သော ပညတ်တော်မှာ လူ့အသက်မသတ်ရန် ဖြစ်သည်။ ***ရှင်မဿဲ ၅း ၂၁-၂၂*** ကြည့်ပါ။ လူ့အသက်သတ်ခြင်းနှင့် ပတ်သက်၍ သခင်ယေရှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို တွေ့ရသည်။ ယနေ့တွင် *ကျွန်ုပ်တို့သည် လူများတို့အား ဆက်ဆံသည့်အခါ ဤအချက်သည် မည်သို့ သက်ရောက်မှု ရှိကြောင်း စဉ်းစားပါ။*<br>၂။ ခုနှစ်ခုမြောက်သော ပညတ်တော်မှာ သူ့မယားကို မဖြစ်မှားရန် ဖြစ်သည်။<br>၃။ ရှစ်ခုမြောက်သော ပညတ်တော်မှာ သူ့ဥစ္စာကို မခိုးရ ဟူ၍ဖြစ်သည်။ ဤပညတ်နှင့် ပတ်သက်၍ ဓမ္မသစ်ကျမ်းတွင် သခင်ယေရှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်မှာ တစ်စုံတစ်ယောက်သည် သင်၏ အင်္ကျီကို ခိုးလျှင် ဝတ်လုံကိုလည်း ပေးလော့ဟု ယေရှု မိန့်တော်မူထားသည်။ ***(မဿဲ ၅း ၄၀)***<br>၄။ ကိုးခုမြောက်သော ပညတ်တော်မှာ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ တစ်ဘက်၌ မမှန်သောသက်သေ မခံနှင့်။ ဤပညတ်တော်၏ ဆိုလိုရင်းမှာ လိမ်လည် ပြောဆိုခြင်း သို့မဟုတ် မဟုတ်မမှန် ဘက်လိုက်၍ သက်သေလိုက်ခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ***ရှင်မဿဲ ၁၂း ၃၆****တွင် ဤအချက်နှင့်ပတ်သက်၍ သခင်ယေရှု၏ ဖော်ပြချက်ကို တွေ့ရှိရသည်။*<br>၅။ ဆယ်ခုမြောက်သော ပညတ်တော်မှာ တပ်မက်လိုချင်သောစိတ်မရှိရ။ အခြားသောသူများ၏ ပိုင်ဆိုင်မှုကို မတပ်မက်ရန် ဖြစ်သည်။ သူတပါးပစ္စည်း တပ်မက်ရသည့်အကြောင်းမှာ ကျွန်ုပ်အတွက် အရာအားလုံး ပြင်ဆင်ပေးသည့် ဘုရားသခင်ကို မကိုးစားသောကြောင့် ဖြစ်သည်။<br>၆။ ကျောင်းသားများနှင့်အတူ ***ရှင်မဿဲ ၁၉း ၁၆***-၃၀ကို ဖတ်ပါ။ ဤပညတ်တော် အားလုံးကို စောင့်ရှောက်ခြင်းသည် ထာဝရအသက်ကို အမွေခံရမည်ဟု ဆိုလိုနေခြင်း မဟုတ်ကြောင်း သခင်ယေရှု မိန့်တော်မူခဲ့သည်။ ကယ်တင်ခြင်းသည် ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းအားဖြင့် မခံစားနိုင်ပေ။ သို့သော် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လက်ခံရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ အပြစ်အားလုံးကို စွန့်ပစ်ပြီး သခင်ယေရှု ခရစ်တော်အား လက်ခံယုံကြည်ရန် လိုအပ်သည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ယေရှုအား မေးခွန်းမေးသည့် ချမ်းသာသည့်လူငယ် | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သခင်ယေရှု ဤလောကသို့ ဆင်းကြွလာသည့်အချိန်တွင် သူသည် ပညတ်တရားကို ပြည့်စုံစေမည့်သူဖြစ်သည်။ ပညတ်တော်အချို့ကိုလည်း ဆန့်ကျင်ခဲ့သည်။<br>၂။ ငါးခုမြောက်သော ပညတ်တော်မှာ - မိဘကို ရိုသေစွာ ပြုလော ဟူ၍ဖြစ်သည်။ ***မဿဲ ၁၀း၃၇*** တွင် ယေရှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အသစ်ကို ဖော်ပြထားသည်။<br>၃။ ခြောက်ခုမြောက်သော ပညတ်တော်မှာ -လူအသက်ကို မသတ်ရ။ ***ရှင်မဿဲ ၅း ၂၁-၂၂*** ကြည့်ပါ။ လူ့အသက်သတ်ခြင်းနှင့် ပတ်သက်၍ သခင်ယေရှု၏ အဓိပ္ပာယ် ဖွင့်ဆိုချက်ကို တွေ့ရသည်။ *ယနေ့တွင် ကျွန်ုပ်တို့သည် လူများတို့အား ဆက်ဆံသည့် အခါတွင် ဤအချက်သည် မည်သို့ သက်ရောက်မှု ရှိကြောင်း စဉ်းစားပါ။*<br>၄။ ခုနှစ်ခုမြောက်သော ပညတ်တော်မှာ သူ့မယာကို မပြစ်မှားရန် ဖြစ်သည်။ ***ရှင်မဿဲ ၅း ၂၈*** တွင် သခင်ယေရှု၏ ရှင်းပြချက်ကို တွေ့ရသည်။<br>၅။ ရှစ်ခုမြောက်သော ပညတ်တော်မှာ သူ့ဥစ္စာကို မခိုးရ။ သခင်ယေရှုသည် ဤအချက်အား ***(ရှင်မဿဲ ၅း၄၀)*** တွင် ရှင်းပြထားသည်။<br>၆။ ကိုးခုမြောက်သော ပညတ်တော်မှာ ကိုယ်နှင့်စပ်ဆိုင်သောသူ၏ တစ်ဘက်၌ မမှန်သောသက်သေ မခံနှင့်။ ဤပညတ်တော်၏ ဆိုလိုရင်းမှာ လိမ်လည် ပြောဆိုခြင်း သို့မဟုတ် မဟုတ်မမှန် ဘက်လိုက်၍ သက်သေလိုက်ခြင်းကို ဆိုလိုခြင်း ဖြစ်သည်။ ***ရှင်မဿဲ ၁၂း ၃၆****တွင် ဤအချက်နှင့်ပတ်သက်၍ သခင်ယေရှု၏ ဖော်ပြချက်ကို တွေ့ရှိရသည်။*<br>၇။ ***ရှင်မာကု ၁၀း ၁၇-၃၁***ကို ဖတ်ပါ။ ကယ်တင်ခြင်းသည် ကောင်းမှုကုသိုလ် ပြုလုပ်ခြင်းအားဖြင့် မခံစားနိုင်ပေ။ သို့သော် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို လက်ခံရန် လိုအပ်သည်။ ကျွန်ုပ်တို့၏ အပြစ်အားလုံးကို စွန့်ပစ်ပြီး သခင်ယေရှု ခရစ်တော်အား လက်ခံယုံကြည်မှသာလျှင် ထာဝရအသက်ကို ပိုင်ဆိုင်ရမည် ဖြစ်ကြောင်း သခင်ယေရှု ဖော်ပြခဲ့သည့်အရာကို ဆွေးနွေးပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ယေရှုအား မေးခွန်းမေးသည့် ချမ်းသာသည့်လူငယ် |
| ပြန်လှန်လေ့ကျင့်ပါ | ကျွန်ုပ်တို့အသက်တာတွင် ဘုရားသခင်အား ပထမနေရာတွင် ထားရမည့်အစား အခြားသောအရာများကို ဘုရားသခင်ထက် ဦးစားပေးပြီး ရှေ့တန်းတင်တက်သည့် အရာများအကြောင်း အဖွဲ့ငယ်များခွဲ၍ စဉ်းစားစေပါ။ ဘုရားသခင် နှင့် ကျွန်ုပ်တို့ အကြား အတားအဆီးဖြစ်စေသည့် ထိုအရာများကို ဖယ်ရှားနိုင်သည့် လက်တွေ့ကျသည့် နည်းလမ်းများကို ဆွေးနွေးပါ။ (ထိုအရာများကို ပယ်ထုတ်ရုံသာမဟုတ်ဘဲ) ဘုရားသခင်အား ကျွန်ုပ်တို့၏ အသက်တာတွင် ပထမနေရာတွင် ထားရန် ဖြစ်သည်။ | ယေရှုသည် ဤလောကတွင် အသက်ရှင်စဉ်အခါက ပညတ်တရားကို ပြည့်စုံစေခဲ့သည်။ သခင်ယေရှု၏ မွေးဖွားခြင်း၊ အသက်ရှင်ခြင်း နှင့် အသေခံခြင်းသည် ပညတ်တရား၏ လိုအပ်ချက်ကို ပြောင်းလဲပေးခဲ့သည်။ ကောင်းမှုပြုခြင်း၊ ပညတ်တော်ကို နာခံခြင်းသည် ကယ်တင်ခြင်းသို့ မရောက်နိုင်ပေ။ သခင်ယေရှု အသေခံပေးခြင်းအားဖြင့် ပညတ်တရားကို ပြည့်စုံစေခဲ့ပြီး ကျွန်ုပ်တို့၏ အပြစ်များ ခွင့်လွှတ်ခြင်း ခံစားကြရသည်။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် ကောင်းမွန်စွာပြုမူပြီး၊ မိဘများ၊ ဆရာများထံ စသည်ဖြင့် နာခံလျှင် ဘုရားသခင်၏ စိတ်တော်နှင့်တွေ့ပြီး ထာဝရအသက်ကို ရလိမ့်မည်ဟု သင်ထင်ပါသလား။ ***ဖေက် ၂း၈-၉***အား ကြည့်ပါ။<br>၂။ ကျွန်ုပ်တို့သည် ချမ်းသာသော လူငယ်လေးကဲ့သို့ပင် တူညီသည့်အမှားများ ပြုလုပ်တက်ကြပြီး အဝေးသို့ ထွက်သွားနိုင်ကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် အရာအားလုံးကို မစွန့်လွှတ်နိုင်သောကြောင့် ဖြစ်သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် ပညတ်တရား အလုံးစုံကို စောင့်ရှောက်နိုင်သည်ဟု တွေးထင်သည့် ချမ်းသာသည့် လူငယ်လေးကဲ့သို့ ဖြစ်ကြပါသလား။ ပညတ်တော်ကို စောင့်ရှောက်ခြင်း ကောင်းမှုပြုခြင်းသည် ထာဝရအသက်ကို မရရှိနိုင်ပေ။ ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခြင်းကို မရရှိနိုင်ပေ။<br>၂။ သခင်ယေရှုအား ယုံကြည်ကိုးစားခြင်းအားဖြင့်သာ ထာဝရအသက်ကို ကျွန်ုပ်တို့ ရရှိခံစားနိုင်သည်။ ကျွန်ုပ်တို့၏ ကောင်းမှုပြုခြင်းကြောင့် မဟုတ်ပေ။ ဘုရားသခင်ထံ ရောက်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ သခင်ယေရှု တစ်ပါးသာ ဖြစ်သည်။ ***(ယောဟန် ၁၄း၆)*** |

| | ၁၁၁ - အဆင့် ၃<br>သင်ခန်းစာ ၄ - မောရှေ<br>ခေါင်းစဉ် - ဘုရားသခင် ရှေ့တော်၌ ကျရှုံးခြင်း | ၁၁၁ - အဆင့် ၄<br>သင်ခန်းစာ ၄ - ပညတ်တော်<br>ခေါင်းစဉ် - ဘုရားသခင်၏ စကားတော် |
|---|---|---|
| | **ကျမ်းညွှန်း၊** *ထွက်မြောက်ရာ ၃၂း ၁-၂၆*<br>**အဓိကသော့ချက်ကျမ်း** *ထွက်မြောက်ရာ ၃၂း ၂၆*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဣသရေလလူတို့သည် တဖန် ဘုရားသခင်အား မနာခံဘဲ ဆန့်ကျင်ကြပြန်သည်။<br>၂။ ဘုရားသခင်သည် စကားတော်ကို နာခံပြီး နောက်တော်သို့ လိုက်သောသူများထံ သူ၏ဂရုဏာတော်ကို ဖော်ပြခဲ့ပြီး၊ မနာခံသောသူများအား အပြစ်ဒဏ် စီရင်ခဲ့သည်။ | **ကျမ်းညွှန်း၊** *ရှင်မာကု ၇း ၁-၂၃*<br>**အဓိကသော့ချက်ကျမ်း** *၁တိမောသေ ၁း ၁၅ ၊ ရောမ ၅း၈*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ဖာရိရှဲ တို့သည် သူတော်ကောင်း ယောင်ဆောင်သောသူများ ဖြစ်ကြသည်။<br>၂။ ဘုရားသခင်၏ စကားတော်ထက် ဓလေ့ထုံးစံများကို ပို၍ အလေးမထားသင့်ပေ။<br>၃။ ယေရှုသည် သူ၏ တပည့်တော်တို့အား နှလုံးသား သန့်ရှင်းစင်ကြယ်စေရန် တိုက်တွန်း နှိုးဆော်ထားသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | မပြုလုပ်ရန် တားမြစ်ခြင်း ခံခဲ့ရသည့်အချိန်များအကြောင်း ကျောင်းသားများအား မေးပါ။ သို့သော် တနည်းနည်းဖြင့် ပြုလုပ်မိတက်ကြသည်။ ဤနေရာတွင်လည်း ဣသရေလလူတို့သည် ထိုကဲ့သို့ပင် ဖြစ်ကြသည်။ သူတို့သည် ထာဝရဘုရားအား မေ့လျော့သွားကြပြီး အခြားသောဘုရားများ နောက်သို့လိုက်၍ ထိုဘုရားများအား ကိုးကွယ်ခဲ့ကြသည်။ | ကျွန်ုပ်တို့၏ မိသားစု၊ အသင်းတော်၊ ပတ်ဝန်းကျင်ရှိ ဓလေ့ထုံးစံ စည်းမျဉ်းစည်းကမ်းများ အကြောင်း စဉ်းစားပါ။ အချို့သောထုံးစံများမှာ ကောင်းပြီး အချို့မှာ ဆိုးနိုင်ပါသည်။ အချို့သော ဓလေ့ထုံးစံ နှင့် စည်းမျဉ်းများသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပိုမိုထင်ရှားစေပြီး ဘုရားသခင်အားနာခံရန် နှင့် ဘုရားသခင်အားအစေခံရန် တွန်းအား ဖြစ်စေသည်။ သို့သော် ထိုအရာများအား ဘုရားသခင်၏ နှုတ်ကပတ်တော်ထက် ပို၍ အရေးမကြီးပေ။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပို၍ တန်ဖိုးထားရမည် ဖြစ်သည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ မောရှေသည် သိနတောင်ပေါ်တွင် ဘုရားသခင်နှင့် သွားရောက်တွေ့ဆုံနေစဉ် ဣသရေလလူတို့သည် မောရှေ၏ အပြန်လာကို သည်းခံစောင့်ဆိုင်နိုင်ခြင်း မရှိကြပေ။ ထို့ကြောင့် သူတို့သည် မိမိတို့အတွက်ဘုရားကို ပြုလုပ်ခဲ့ကြသည်။ ***(၃၂း ၁-၄)*** ထိုသူတို့သည် မိမိတို့ကိုယ်တိုင် ထိန်းချုပ်နိုင်သည့် ကိုယ်ပိုင်ရုပ်တုကို ပြုလုပ်ခဲ့ကြသည်။ ပညတ်တော်ဆယ်ပါးမှ ပထမနှစ်ခုကို သူတို့ လုံးလုံး မေ့လျော့သွားကြသည်။ ***(ထွက်မြောက်ရာ ၂၀း ၁-၅)***<br>၂။ သူတို့၏ မနာခံခြင်း အပြစ်ကြောင့် ဘုရားသခင်သည် သူတို့အား လုံးလုံးဖျက်စီးရန် အလိုရှိခဲ့သည်။ ***(၃၂း ၁၀)*** သို့သော် မောရှေသည် ထာဝရဘုရားထံ တောင်းပန်သောကြောင့် မဖျက်စီးခဲ့ပေ။ ဘုရားသခင်သည် သူတို့အား ချစ်ပြီး သနားသောကြောင့် မဖျက်စီခဲ့ပေ။ *သနားခြင်းဂရုဏာ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။ (အပြစ်ပေးရန် ထိုက်တန်သော်လည်း လွတ်ကင်းခွင့်ပေးခဲ့သည်။)*<br>၃။ သူ၏နောက်တော်သို့လိုက်ရန် အလိုဆန ´ရှိသောသူများအပေါ် ဘုရားသခင်၏ ဂရုဏာ သက်ရောက်စေခဲ့သည်။ ***(၃၂း ၂၆)*** သို့သော် မနာခံသောသူတို့မှာ အသေခံခဲ့ကြရသည်။<br>၄။ အာရုန်သည် ဣသရေလလူတို့အား လွဲမှားစွာ ဦးဆောင်ခဲ့သောကြောင့် မောရှေသည် အာရုန်အား စိတ်ပျက်ခဲ့ရသည်။ ဣသရေလလူတို့ လုပ်ဆောင်နေသောအရာသည် လွဲမှားနေကြောင်းကို အာရုန် သိ၍ တားမြစ်သင့်သည်။ သို့သော် အာရုန်သည် ထိုသူတို့၏ စကားကို နာခံပြီး ကိုးကွယ်ရန် ရွှေနွားရုပ် ပြုလုပ်ရာတွင် ကူညီပေးခဲ့သည်။ ***(၃၂း ၂၂-၂၄)*** *မှားသောအရာကို သိလျှက်နှင့် အခြားသောသူများ လုပ်ဆောင်သောကြောင့် ကျွန်ုပ်တို့ လိုက်လုပ်သည့်အခါမျိုး ရှိဘူးပါသလား။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI မောရှေ နှင့် ရွှေနွားရုပ် | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဤလောတွင် သခင်ယေရှု ရှိခဲ့စဉ်အချိန်တွင် ဣသရေလလူတို့သည် မောရှေ၏ ပညတ်တိကျမ်းများကို ကျင့်သုံးနေကြဆဲ ဖြစ်သည်။ အဘယ်သို့ပင်ဆိုစေကာမူ ထိုလူမျိုးများ လက်တွေ့ကျင့်သုံးရန်အတွက် ဓလေ့ထုံးစံနှင့်ဆိုင်သည့် အပိုပညတ်များ (ဥပဒေသ)ကိုလည်း ပေါင်းထည့်ထား ကြသည်။ ထိုဥပဒေသများမှာ ဘုရားသခင်ထံမှ လာသောအရာများ မဟုတ်ပေ။ လူတို့ ဖြည့်စွပ်ထားသည့် အရာများသာ ဖြစ်သည်။<br>၂။ ဖာရိရှဲတို့သည် အပြစ်စီရင်ဆုံးဖြတ်သောပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ထို့ကြောင့် သူတို့သည် ယေရှုအား လာရောက်စစ်ဆေးကြသည်။ ယေရှုတပည့်တော်များ၏ အပြုအမူများကို အပြစ်ရှာပြီး ဝေဖန်လေ့ရှိကြသည်။ တပည့်တော်တို့သည် ပညတ်တော်ကို လွန်ကျူးကြသည်ဟု အခိုင်အမာ ပြောဆိုကြသည်။ ***(ရှင်မာကု ၇း၅)***<br>၃။ ဖာရိရှဲတို့သည် သူတော်ကောင်း ယောင်ဆောင်သောသူများ ဖြစ်ကြသည်။ သူတို့၏ အပြုအမူများသည် လူများမြင်သာရန် အပြင်ပန်းသာကောင်းပြီး နှလုံးသားမှ လာသောအရာများ မဟုတ်ပေ။ သူတို့၏ နှလုံးသားသည် ဘုရားသခင်နှင့် အလွန်ဝေးလှသည်။ သူတို့သည် ဘုရားသခင်အား မှားယွင်းစွာ ကိုးကွယ်ကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ ဂုဏ်သတင်းကျော်ဇော်ရန် နှင့် ရာထူးမြင့်မှားရန် ဘုရားသခင်အား ကိုးကွယ်ကြသောကြောင့် ဖြစ်သည်။<br>၄။ သူတို့ဖြည့်စွပ်ထားသည် ဥပဒေများကြောင့် ယေရှုသည် ဖာရိရှဲတို့အား ဘုရားသခင်၏ ပညတ်တော်ကို မနာခံသောသူများ ဖြစ်ကြသည်ဟု စွပ်စွဲပြောဆို ထားသည်။ ဥပမာ မိဘများကို လုံဝ ဂရုမစိုက်ခြင်း။ ထိုသူတို့သည် ဘုရားသခင်အား ချီးမြောက်ရမည့်အစား မိမိတို့ချီးမြောက်ရန် ဓလေ့ထုံးစံ နှင့် ပညတ်တော်များကို စောင့်ရှောက်ကြသောကြောင့် ယေရှုသည် သူတို့အား ပြစ်တင်ပြောဆိုခဲ့သည်။<br>၅။ သခင်ယေရှုသည် နှလုံးသား သန့်ရှင်းခြင်းအကြောင်းကို တပည့်တော်များထံ သွန်သင်ခဲ့သည်။ ကျွန်ုပ်တို့၏ နှလုံးသားမသန့်ရှင်းလျှင် အပြစ်နှင့်ပြည့်နေသော အမူအကျင့်များ နှလုံးသားအတွင်းမှ မည်သို့ထွက်လာကြောင်းကို ယေရှုသည် သူ၏ တပည့်တော်များထံ ပြောပြခဲ့သည်။ ***(ရှင်မာကု ၁၃း ၁၇-၁၉)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သင့်လျှော်သည့် ပုံမရှိပါ။ |
| ပြန်လှန်လေ့ကျင့်ပါ | ကျောင်းသားများအား ကူညီပေးသည့်အနေဖြင့် သင်ခန်းစာကို ပြန်လှန်ပြီး မေးခွန်းတိုများ မေးပေးပါ။ | ***ရှင်မာကု ၇း ၂၁-၂၂ နှင့် ဖိလိပ္ပိ ၄း ၈*** တို့အား နှိုင်းယှဉ် ကြည့်စေပါ။ ကျွန်ုပ်တို့၏ အသက်တာတွင် မည်သို့သော အမူအကျင့်များ ရှိသင့်သနည်း။ ဤအချက်အား ကျွန်ုပ်တို့ မည်သို့ လိုက်နာနေပါသနည်း။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ဣသရေလလူတို့သည် အပြစ်များပြု၍ ဘုရားသခင်အား ငြင်းပယ်ကြသော်လည်း ဘုရားသခင်သည် သူတို့အား ဂရုဏာထားပြီး မေတ္တာပြခဲ့သည်။ ထို့နည်းတူပင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အပြစ်များအား ဖော်ပြဝန်ချတောင်းပန်လျှင် ဘုရားသခင်သည် ကျွန်ုပ်တို့၏ အပြစ်များကို ခွင့်လွတ်ပေးပြီး သူ၏ ဂရုဏာကို ဖော်ပြမည် ဖြစ်သည်။<br>၂။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာရှင် ဘုရားသခင်ဖြစ်ပြီး ကျွန်ုပ်တို့အပြစ်အတွက် ကျွန်ုပ်တို့အား အပြစ်မပေးလိုပေ။ ထို့ကြောင့် ကျွန်ုပ်တို့ အပြစ်ဒဏ်မခံရစေရန် သူ၏ သားတော်ကို ဤလောကသို့ စေလွှတ်ခဲ့ပြီး ကျွန်ုပ်တို့ အပြစ်အတွက် အသေခံစေခဲ့သည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ မိမိတို့၏ နှလုံးသား နှင့် စိတ်နေသဘောထားများကို ပြန်မကြည့်ဘဲနှင့် သူတပါးအား ကျွန်ုပ်တို့ မစီရင်သင့်ပေး။ မစွပ်စွဲသင့်ပေ။<br>၂။ ကျွန်ုပ်တို့သည် ဖာရိရှဲများကဲ့သို့ မိမိတို့၏ ဂုဏ်သတင်းကျော်ဇော်စေရန်အတွက် မိမိတို့ ချမှတ်ထားသည့် စည်းကမ်းများ ဓလေ့ထုံစံများကိုသာ ဆုပ်ကိုင်ထားသည့် သူများမဖြစ်သင့်ပေ။ ထိုအရာများသည် ဘုရားသခင်အား မချီးမြောက်သော အရာများ ဖြစ်ကြသည်။ ဘုရားသခင်အား မချစ်နိုင်ရန် တားဆီးသောအရာများ ဖြစ်ကြသည်။ ကျွန်ုပ်တို့၏ အပြုအမူများအား လမ်းပြပေးရန် သခင်ယေရှု၏ ဦးဆောင်မှုကို ကျွန်ုပ်တို့ နာခံရမည် ဖြစ်သည်။ |

| | ၁၂ - အဆင့် ၃<br>သင်ခန်းစာ ၁ - ဝမ်းမြောက်စရာ ခရစ်စမတ်<br>ခေါင်းစဉ် - ဘုရားသခင်၏ ကတိတော် | ၁၂ - အဆင့် ၄<br>သင်ခန်းစာ ၁ - ဝမ်းမြောက်စရာ ခရစ်စမတ်<br>ခေါင်းစဉ် - သားယောက်ျား ဖွားမြင်သည် |
|---|---|---|
| | **ကျမ်းညွှန်း၊** *ဟေရှာယ ၉း ၁-၇ ၊ မိက္ခာ ၅း၂*<br>**အဓိကသော့ချက်ကျမ်း** *ဟေရှာယ ၉း၆*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ သခင်ယေရှုမွေးဖွားလာမည့်အကြောင်းကို လွန်ခဲ့သည့် နှစ်ရာပေါင်းများစွာကပင် ကြိုတင် ပရောဖက်ပြုထားသည်။ ယေရှုသည် အမှန်တကယ် မွေးဖွားလာခဲ့ပါသည်။<br>၂။ လူများစွာတို့သည် သခင်ယေရှု မွေးဖွားလာမည့်အချိန်ကို မျှော်လင့်လျက် စောင့်ဆိုင်းခဲ့ကြသည်။<br>၃။ ယေရှုသည် ယုဒလူမျိုးများ စောင့်စားခဲ့ရသည် ကယ်တင်ရှင်မေရှိယ ဖြစ်သည်။ သူသည် လောက၏ အလင်းဖြစ်သည်။ | **ကျမ်းညွှန်း၊** *ရှင်လုကာ ၁း ၂၆-၃၈ ၊ ရှင်လုကာ ၂း ၁-၇*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ ၁း ၃၅*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ လွန်ခဲ့သည့် နှစ်ရာပေါင်းများစွာက ကြိုတင် ပရောဖက်ပြုထားသည့်အတိုင်း သခင်ယေရှုသည် မွေးဖွားလာခဲ့သည်။<br>၂။ ဤလောကအတွက် ဘုရားသခင်၏ အကြံအစည် ပြည့်စုံစေရန် ဘုရားသခင်သည် ယောသပ် နှင့် မာရိအား အသုံးပြုခဲ့သည်။<br>၃။ သခင်ယေရှု၏ မွေးဖွားခြင်းကို ဗက်လင်မြို့၌တစ်ဦးတစ်ယောက်မျှ သတိမပြုခဲ့ကြပေ။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | တစ်စုံတစ်ဦး ကိုယ်ဝန်ဆောင်သည်ကို မြင်ဖူးသလား ဟု ကျောင်းသားများကို မေးပါ။ ကလေးငယ်တစ်ဦး မွေးဖွားလာရန်အတွက် မိဘတို့သည် ၉လ စောင့်ရန် လိုအပ်ကြောင်း ကျောင်းသားများကို ရှင်းပြပါ။ ပရောဖက်များသည် သခင်ယေရှု မွေးဖွားလာမည့်အကြောင်းကို ပရောဖက်ပြုထားကြသည်။ သို့သော် သခင်ယေရှု မွေးဖွားလာရန် နှစ်ရာပေါင်းများစွာ စောင့်ဆိုင်းခဲ့ကြရသည်။ | ကျွန်ုပ်တို့သည် မည်သို့ အစီအစဉ်များ ဆွဲလေ့ရှိကြောင်း ကျောင်းသားများနှင့်အတူ ဆွေးနွေးပါ။ ဥပမာ-ကျောင်းအားလပ်ရက်၊ မွေးနေ့ပါတီပွဲ၊ မင်္ဂလာဆောင်ပွဲ၊ သူငယ်ချင်းအိမ်သို့ အလည်သွားခြင်း စသည်ဖြင့် ဆွေးနွေးပါ။ ထိုအစီအစဉ်များ မဖြစ်မြောက်သည့်အခါ သို့မဟုတ် မသွားသင့်ဟု ပြောသည့်အခါ ကျွန်ုပ်တို့ မည်သို့ ပြုမူတတ်ကြောင်း ဆွေးနွေးပါ။ မာရိသည် ယောသပ်နှင့်လက်ထပ်ရန်အတွက် မည်သို့ အစီအစဉ်ဆွဲထားကြောင်း နှင့် သို့သော် ဘုရားသခင်၌ သူမနှင့်ယောသပ်အတွက် အလွန်ကြီးမားသည့် အထူးအစီအစဉ် ရှိကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘောလုံးကန်သော အားကစားသည် မည်သည့်အချိန်တွင် မည်သို့ စတင်ခဲ့ကြောင်း မသိသည့်အကြောင်း နှင့် လာမည့်နှစ်ပေါင်း ၄၀၌ ကျွန်ုပ်တို့ မည်သို့ ဖြစ်လာကြမည့်အကြောင်းများကို ကျောင်းသားများနှင့် ဆွေးနွေးပါ။ ကျွန်ုပ်တို့ ခန့်မှန်းနိုင်ကြမည် မဟုတ်ပေ။ သခင်ယေရှု မမွေးဖွားမီ လွန်ခဲ့သည့် နှစ်ရာပေါင်းများစွာက ပရောဖက်ဟေရှာယ၊ ပရောဖက်မိက္ခာ တို့သည် သခင်ယေရှု မွေးဖွားလာမည့် အကြောင်းကို ကြိုတင်ပရောဖက် ပြုခဲ့ကြသည်။<br>၂။ မှောင်မိုက်ထဲ၌နေသောသူတို့သည် အံ့ဖွယ်သောအလင်းတော်ကို မြင်ရမည့်အကြောင်း ပရောဖက်ဟေရှာယသည် ကြိုတင်ဟောပြောခဲ့သည်။ ထိုအံ့ဖွယ်သောအလင်းမှာ မည်သူဖြစ်ကြောင်း သိနိုင်ရန် ကျောင်းသားများကို ***ရှင်ယောဟန် ၈း၁၂***တွင် ကြည့်စေပါ။<br>၃။ နှစ်ပေါင်းရာချီလာသည့်အခါ ပရောဖက်ဟေရှာယ ဟောပြောသော ပရောဖက်ပြုချက်များသည် ပြည့်စုံလာကြောင်း သိနိုင်ရန် ***(ရှင်မဿဲ ၄း ၁၄-၁၆)*** တွင် ကျောင်းသားများကို ကြည့်ပါ။<br>၄။ ဤလောကအတွက် ကယ်တင်ခြင်းနှင့် စပ်ဆိုင်သည့် ဘုရားသခင်၏ အစီအစဉ်တော်ကြီးသည် မည်မျှကြီးမားကြောင်း နှင့် ယုဒလူမျိုးတို့သည် နှစ်ပေါင်းရာချီ စောင့်ဆိုင်းကြပြီးနောက်တွင် ဤအစီအစဉ်သည် ပြီးပြည့်စုံခဲ့သည့် အကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ သခင်ယေရှု၏ သက်တော်စဉ် အကြောင်းကို သမ္မာကျမ်းစာထဲတွင် ရေးသားထားခြင်းသည် မည်မျှ အံ့သြဖွယ် ဖြစ်ပါသနည်း။ ထို့ကြောင့် ကျွန်ုပ်တို့သည် သခင်ယေရှုအား မိမိတို့၏ ကယ်တင်ရှင်သခင်အဖြစ် လက်ခံယုံကြည်နိုင်ကြပါသည်။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သခင်ယေရှုမွေးဖွားခြင်းအကြောင်း ပရောဖက်ပြုချက် | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ဘုရားသခင်သည် ကောင်းကင်တမန် ဂါဗြေလအား မာရိထံသို့ စေလွှတ်ခဲ့သည်။ ကောင်းကင်တမန်သည် မာရိအား သားယောက်ျားကို ဖွားမြင်လိမ့်မည် ဟု ပြောခဲ့သည်။ သူမသည် အပျိုကညာ ဖြစ်သောကြောင့် ဤအမှုအရာသည် မည်သို့ ဖြစ်လိမ့်မည်ကို မာရိ နားမလည်ခဲ့ပေ။ သို့သော် ကောင်းကင်တမန်က မာရိအား သင်သည် ဘုရားသခင်ရှေ့၌ မျက်နှာရသောသူ ဖြစ်သည်ဟု နှစ်သိမ့်အားပေးခဲ့သည်။ ***(လုကာ၊ ၁း ၂၆-၃၄)***<br>၂။ မည်သည့်အရာများ ဖြစ်ပျက်လာမည်ကို မာရိသည် ကောင်းစွာ နားမလည်ခဲ့ပေ။ သို့သော် သူမသည် ဘုရားသခင်အား ယုံကြည်ကိုးစားရမည်ကို သိထားသည်။ ***(၁း၃၈)*** ထာဝရကာလ အတွက် ကျွန်ုပ်တို့ အသက်တာအား လုံးလုံး ပြောင်းလဲစေမည့် သတင်းစကား ကြားသည့်အခါ ကျွန်ုပ်တို့သည် မည်သို့ တုန့်ပြန်သင့်သနည်း။<br>၃။ မာရိ မွေးဖွားခါနီးအချိန်တွင် ယောသပ် နှင့် မာရိတို့သည် သန်းခေါင်စာရင်း သွင်းရန် နာဇရက်မြို့မှ ဗက်လင်မြို့သို့ ခရီးထွက်ခဲ့ရသည်။ ထိုအမိန့်ကို ထုတ်ပြန်သောမင်းမှာ ကဲသာဘုရင်ဩဂုတ္တု ဖြစ်သည်။ ***(လုကာ ၂း ၁-၅)*** ထိုမင်းက မိမိသည် အရာအားလုံးကို ထိန်းချုပ်ထားသည်ဟု တွေးထင်နိုင်သည့်အကြောင်း ဆွေးနွေးပါ။ သို့သော် အမှန်ထိန်းချုပ်ထားသူမှာ ဘုရားသခင် ဖြစ်သည်။ သခင်ယေရှုသည် ဗက်လင်မြို့တွင် မွေးဖွားလာရန်အတွက် ဘုရားသခင်သည် သူ၏အချိန် နှင့် အစီအစဉ်အား ချိန်ကိုက်ထားခြင်း ဖြစ်သည်။<br>၄။ ပရောဖက်မိက္ခာ၏ ပရောဖက်ပြုချက် ပြည့်စုံစေရန်အတွက် ယေရှုသည် ဗက်လင်မြို့တွင် မွေးဖွားခဲ့သည်။ ***(မိက္ခာ ၅း၂)*** *သခင်ယေရှုသည် အဘယ်ကြောင့် ပရောဖက်ပြုချက်များကို ပြည့်စုံစေရခြင်း ဖြစ်သနည်း။*<br>၅။ သခင်ယေရှု မွေးဖွားလာသည့်အချိန်တွင် မာရိသည် သခင်ယေရှုအား အဝတ်နှင့်ပတ်ရစ်၍ နွားစာခွက်အတွင်း အိပ်စက်စေခဲ့သည်။ ***(၂း၇)***<br>၆။ ယုဒလူတို့သည် သူတို့၏ ရှင်ဘုရင်အား တော်ဝင်မိသားစုမှ ဆင်းသက်လာလိမ့်မည်ဟု မျှော်လင့်နေခဲ့ကြသည်။ သို့သော် ယေရှုသည် တိရိစ္ဆာန်များအကြားတွင် မွေးဖွားလာခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အား မကန့်သတ်နိုင်ကြောင်း နှင့် ဘုရားသခင်သည် အမြဲတူညီသည့် နည်းလမ်းတစ်ခုတည်းဖြင့်သာ အလုပ်လုပ်လေ့ မရှိကြောင်း ဆွေးနွေးပါ။ ဤအချက်သည် သခင်ယေရှု အသက်တာအတွက် ဘုရားသခင်၏ အစီအစဉ် အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ ဘုရားသခင်သည် ယောသပ် နှင့် မာရိတို့အား လမ်းပြပို့ဆောင်ခဲ့ပြီး သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ ***(၂ကော၊ ၈း၉)***<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၁ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သခင်ယေရှု၏ မွေးဖွားခြင်း |
| ပြန်လှန်လေ့ကျင့်ပါ | ဟေရှာယ ၉း ၆-၇ အား ကျောင်းသားများနှင့်အတူ ဖတ်ပါ။ သခင်ယေရှုအကြောင်း ပရောဖက်ဟေရှာယ ဖော်ပြသည့် အမည်နာမ တစ်ခုချင်းစီကို စာရင်းပြုစု၍ ဆွေးနွေးပါ။ သခင်ယေရှုသည် ထိုအမည်နာမ တစ်ခုချင်းစီနှင့် မည်သို့ ခေါ်ဆိုနိုင်ကြောင်း ကျောင်းသားများနှင့်အတူ စူးစမ်းရှာဖွေပါ။ | ကျောင်းသားများအား ယောသပ် နှင့် မာရိ အဖြစ် စိတ်ကူးပုံဖော်စေပါ။ ဤသင်ခန်းစာမှ အဖြစ်အပျက်များကို အခြေခံပြီး မာရိ သို့မဟုတ် ယောသပ်၏ အမြင်ကို မှတ်တမ်းပြုစုစေပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ အလင်း၏ သဘောသဘာဝကို ကျောင်းသားများအားမေးပါ။ သခင်ယေရှုအား လောက၏အလင်းအဖြင့် အဘယ်ကြောင့် ထိုသို့ ခေါ်ဆိုးထားကြောင့် ပြောပါ။ ***(ဟေရှာယ ၉း၂)***<br>၂။ သခင်ယေရှုအား လောက၏ အလင်းအဖြစ်မြင်စေရန် ကျောင်းသားများကို တိုက်တွန်းပါ။ ကျွန်ုပ်တို့သည် ခရစ္စမတ်အလင်းကို မြင်ချိန်တွင် သခင်ယေရှုသည် စစ်မှန်သည့်အလင်းဖြစ်ကြောင်း ကျွန်ုပ်တို့အား သတိပေးနှိုးဆော်နေသည်။ ကျွန်ုပ်တို့အား အပြစ်ငရဲမှ ကယ်တင်ရန်အတွက် လောက၏အလင်းဖြစ်သည့် သခင်ယေရှုသည် ဤလောကသို့ စေလွှတ်ခြင်းခံခဲ့ရသည်။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အစီအစဉ်အား နားမလည်သော်လည်း ကျွန်ုပ်တို့ထံသို့ ရောက်လာသည့် ဘုရားသခင်၏ စကားတော်ဖြစ်သည့် သူ၏အစီအစဉ်ကို မာရိကဲ့သို့ ချက်ခြင်း လက်ခံရန် အဆင်သင့်ဖြစ်မဖြစ် ကျောင်းသားများကို မေးပါ။<br>၂။ လူတို့မျှော်လင့် စောင့်စားနေကြသည့် ယေရှုအား ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်မည်နည်း။ ခရစ္စမက်အချိန် နွားစာခွက်အတွင်း အိပ်နေသည့် သူငယ်တော်အဖြစ်သာ ကျွန်ုပ်တို့ မြင်တွေ့နေကြ ပါသလား။ သို့မဟုတ် သူသည် သင်၏အသက်တာထဲတွင် အသက်ရှင်စေလိုသည့် သင်၏ ကယ်တင်ရှင် ဖြစ်ပါသလား။ |

| | ခ၁၂ - အဆင့် ၃<br>သင်ခန်းစာ ၂ -ဝမ်းမြောက်ဖွယ် ခရစ္စမတ်<br>ခေါင်းစဉ် - မာရိ၏ အံ့သြထိန့်လန့်မှု | ခ၁၂ - အဆင့် ၄<br>သင်ခန်းစာ ၂ - ဝမ်းမြောက်ဖွယ် ခရစ္စမတ်<br>ခေါင်းစဉ် - ကယ်တင်ရှင်အား ကြေညာသည်။ |
|---|---|---|
| | **ကျမ်းညွှန်း၊** *ရှင်လုကာ ၁း ၂၆-၃၈*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ ၁း ၃၂*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သခင်ယေရှုသည် ပရောဖက်များ၏ ပရောဖက်ပြုချက်အတိုင်း အမှန်တကယ် မွေးဖွားလာခဲ့သည်။ ထိုသို့ မွေးဖွားလာခြင်းသည် ဘုရားသခင်၏ အကြီးမြတ်ဆုံးသော အစီအစဉ်၏ အရေးကြီးသောအပိုင်း ဖြစ်ကြောင်း ဖော်ပြနေသည်။<br>၂. ကျွန်ုပ်တို့သည် ယောသပ် နှင့် မာရိတို့ကဲ့သို့ ကိုယ်ပိုင်အစီအစဉ်များ ရှိနေနိုင်သည်။ သို့သော် ကျွန်ုပ်တို့အတွက် ဘုရားသခင်စီစဉ်ထားသည့် အစီအစဉ်အတိုင်းသာ အမြဲဖြစ်လာမည် ဖြစ်သည်။ | **ကျမ်းညွှန်း၊** *ရှင်လုကာ ၂း ၈-၂၀*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ ၂း ၁၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. ခရစ်တော်တည်းဟူသော ကယ်တင်ရှင် မေရှိယ ကြွလာမည်ဖြစ်သောကြောင့် ကောင်းကင်တမန်တို့သည် ဝမ်းမြောက်ရွှင်လန်းကြသည်။<br>၂. သိုးထိန်းတို့သည် ကောင်းကင်တမန်များအားဖြင့် ကြားရသည့် သတင်းစကားအရ ယေရှုအား တွေ့ရမည်ဖြစ်သောကြောင့် အလွန်ဝမ်းမြောက်ရွှင်လန်းကြသည်။<br>၃. ကျွန်ုပ်တို့သည်လည်း သခင်ယေရှု၏ မွေးဖွားခြင်းအတွက် ဝမ်းမြောက်ရွှင်လန်းစွာ ဂုဏ်ပြုသင့်ပါသည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကျွန်ုပ်တို့သည် မည်သို့ အစီအစဉ်များ ဆွဲလေ့ရှိကြောင်း ကျောင်းသားများနှင့်အတူ ဆွေးနွေးပါ။ ဥပမာ-ကျောင်းအားလပ်ရက်၊ မွေးနေ့ပါတီပွဲ၊ မင်္ဂလာဆောင်ပွဲ၊ သူငယ်ချင်းအိမ်သို့ အလည်သွားခြင်း စသည်ဖြင့် ဆွေးနွေးပါ။ ထိုအစီအစဉ်များ မဖြစ်မြောက်သည့်အခါ သို့မဟုတ် မသွားသင့်ဟု ပြောသည့်အခါ ကျွန်ုပ်တို့ မည်သို့ ပြုမူတတ်ကြောင်း ဆွေးနွေးပါ။ မာရိသည် ယောသပ်နှင့်လက်ထပ်ရန်အတွက် မည်သို့ အစီအစဉ်ဆွဲထားကြောင်း နှင့် သို့သော် ဘုရားသခင်၌ သူမနှင့်ယောသပ်အတွက် အလွန်ကြီးမားသည့် အထူးအစီအစဉ် ရှိကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ | ကလေးသူငယ်များ မွေးဖွားလာသည့်အခါ လူများသိစေရန် ပြောပြတတ်ကြသည့် အကြောင်း စဉ်းစားပါ။ သူတို့သည် အလွန်ဝမ်းမြောက်ပျော်ရွှင် ကြကြောင်း ကလေး၏ မိဘများအားဖြင့်၄င်း၊ ကလေး၏ ရုပ်ပုံအားဖြင့်၄င်း ပြောပြလေ့ရှိကြသည်။ သခင်ယေရှုသည် သာမန် ကလေးငယ် မဟုတ်သည့်အတွက် သူ၏မွေးဖွားခြင်းကို သာမန်ပြုလေ့ရှိသည့် နည်းလမ်းအတိုင်း မဖော်ပြခဲ့ပေ။ သို့သော် သူသည် သာမန်လူသားများအတွက် ကြွဆင်းလာခဲ့ခြင်းဖြစ်သည်ကို သတိရပါ။ ထို့ကြောင့် သိုးထိန်းများသည် သူ၏မွေးဖွားခြင်း သတင်းစကားကို ပထမဦးဆုံး ကြားရသူများ ဖြစ်ကြသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ဘုရားသခင်သည် ကောင်းကင်တမန် ဂါဗေလအား မာရိထံသို့ စေလွှတ်ခဲ့သည်။ သူမသည် လက်မထပ်ရသေးသည့် အပျိုကညာ ဖြစ်သော်လည်း ကောင်းကင်တမန်သည် သူမအား သားယောကျ်ားကို ဖွားမြင်လိမ့်မည် ဟု ပြောခဲ့သည်။ ***(အငယ်၊၃၁)***<br>၂. မာရိသည် ကောင်းကင်တမန်ပြောသည့် စကားကို မည်သို့ ဖြစ်နိုင်မည်နည်းဟု နားမလည်နိုင်ဘဲ စိတ်ဒုက္ခရောက်နေသည်။ သူမသည် ဘုရားသခင်ရှေ့၌ မျက်နှာရသောသူဖြစ်သည် ဟူ၍၄င်း ဘုရားသခင် တတ်နိုင်တော်မမူသော အမှုမရှိဟု ကောင်းကင်တမန် ပြောခဲ့သည်။ ***(အငယ်၊ ၃၄-၃၇)*** *ဤအခိုပ္ပာယ်မှာ မည်သို့ဖြစ်ကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။*<br>၃. မာရိသည် ဂါလိလဲမှ လာသောသူဖြစ်ပြီး၊ ယောသပ်သည် ဒါဝိဒ်မျိုးရိုးမှ ဆင်းသက်လာသောသူ ဖြစ်သည့် အရေးကြီးသည့်အချက်ကို ထောင့်ပြပါ။ ဤအချက်သည် အဘယ်ကြောင့် အရေးကြီးရသည့်အကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ ကြွလာတော်မူမည့် မေရှိယသည် ဂါလိလဲမှ ဖြစ်ရမည်။ ***(ဟေရှာယ ၉း၁)*** ဒါဝိဒ်မျိုးရိုးမှ ဆင်းသက်လာရမည်။ ***(ဟေရှာယ ၉း၇)*** ဟု ပရောဖက်ပြုထားသည်။<br>၄. မာရိသည် ဖြစ်လာမည့်အရာများကို လုံးလုံးနားမလည်ခဲ့ပေ။ သို့သော် သူမသည် ဘုရားသခင်ကို ကိုးစားယုံကြည်ခဲ့သည်။ ***(အငယ်၊၃၈)*** ကျွန်ုပ်တို့ အသက်တာကို ပြောင်းလဲစေသည့် ထိုသတင်းစကားမျိုးကို ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်သင့်ကြောင်း ဆွေးနွေးပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI ယေရှု၏ မွေးဖွားခြင်း | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. သခင်ယေရှု မွေးဖွားသည့် ညတွင် သိုးထိန်းတို့သည် တော၌ သိုးများထိန်းကျောင်းနေကြသည်။ ညအချိန် သိုးထိန်းခြင်းသည် ထူးခြားသည့်အရာဖြစ်ပြီး သိုးထိန်းများအတွက် အလွန်ပျင်းစရာကောင်းသည့်အရာ ဖြစ်ကြောင်း ရည်ညွှန်းပြောပြပါ။ ***(အငယ်၊၈)***<br>၂. သို့သော် ထိုနေ့ညတွင် အလွန်အံ့သြဖွယ်ကောင်းသည့် အဖြစ်အပျက် ဖြစ်ပျက်ခဲ့သည်။ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူတို့ထံသို့ ပေါ်လာပြီး သူတို့ ထိန့်လန့်ခဲ့ကြသည်။ *အကယ်၍ ထိုနေရာတွင် ကျောင်းသားများ ဖြစ်ကြလျှင် မည်သို့ခံစားကြမည်ကို မေးပါ။* ***(အငယ်၊၉)***<br>၃. ကောင်းကင်တမန်သည် ကယ်တင်ရှင် ယေရှု မွေးဖွားမည့် သတင်းကို သိုးထိန်းများထံ ပြောပြခဲ့သည်။ ***(အငယ်၊၁၁)***<br>၄. ထိုနောက် ကောင်းကင်တမန်အများတို့သည် ပေါ်လာကြပြီး ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းခဲ့ကြသည်။ သခင်ယေရှု ဤလောကသို့ ကြွဆင်းလာသည့်အတွက် ချီးမွမ်းဂုဏ်ပြု ခဲ့ကြသည်။ *ဤနိမိတ်လက္ခဏာသည် အမှောင်ထဲတွင် သိုးများနှင့်အတူရှိနေသည့် သိုးထိန်းများအတွက် မည်မျှခမ်းနားသည့် အကြောင်းအရာ ဖြစ်ကြောင်း ရှင်းပြပေးပါ။* ***(အငယ်၊၁၃-၁၄)***<br>၅. ကောင်းကင်တမန်များ ကွယ်ပျောက်သွားသည်နှင့် သိုးထိန်းတို့သည် သူငယ်တော်ရှိရာသို့ အလျှင်အမြန်သွားပြီး သူငယ်တော်အား ဖူးတွေ့ခဲ့ကြသည်။ *သိုးထိန်းတို့သည် မည်သို့ ခံစားနေကြမည်ကို စဉ်းစားကြည့်ပါ။ အခြားတဘက်တွင် သူတို့သည် ဤသို့ တွေးထင်နိုင်ပါသည်။ သူတို့၏ စိတ်ကူးသာ ဖြစ်သည်။ ကောင်းကင်တမန်များသည်လည်း အမှားများသာ ဖြစ်သည် စသည်ဖြင့် တွေးနိုင်ပါသည်။*<br>၆. သိုးထိန်းတို့သည် ကောင်းကင်တမန်များ ပြောပြသည့်အတိုင်း သူငယ်တော်ကို တွေ့မြင်ခဲ့ကြသည်။ ***(အငယ်၊၁၆)*** သူတို့သည် ဘုရားသခင်အား ချီးမွမ်းကြပြီး၊ ကယ်တင်သောအရှင် မွေးဖွားလာသည့်သတင်းကို လူတိုင်းထံ ပြောပြခဲ့ကြသည်။ ***(အငယ်၊၁၇၊၂၀)***<br>၇. သိုးထိန်းတို့သည် သူငယ်တော်ကို မြင်သည့်အခါ မည်မျှ ဝမ်းမြောက်နေကြမည်နည်း။ သူငယ်တော်၏ သတင်းအား လူများထံ စတင်ပြောပြသည့်အချိန် နှင့် အခြားသူများထံ ထိုသတင်းကောင်းအား ဝေငှသည့်အခါ သူတို့သည် မည်မျှ စိတ်လှုပ်ရှားနေကြမည်ကို စဉ်းစားကြည့်ပါ။<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၂ ကို ပြီးမြောက်စေပါ။**<br>ပြပါ – FBI ယေရှုမွေးဖွားလာသည့် သတင်းကို သိုးထိန်းများ ကြားခဲ့သည်။ |
| ပြန်လှန်လေ့ကျင့်ပါ | အဓိကသော့ချက်ကျမ်း၌ ကောင်းကင်တမန် ပြောခဲ့သည့် ကတိတော်များကို စာရင်းပြုစုပါ။ ရှင်ဘုရင် ကြွလာမည့် အကြောင်း နှင့် သူမည်သည့်အရာ လာရောက်လုပ်ဆောင်မည့်အကြောင်း ဤကျမ်းချက်မှ ကျွန်ုပ်တို့ မည်သည့် သင်ခန်းစာ ရရှိသနည်း။ ဤကတိတော်များသည် သခင်ယေရှုအကြောင်း ပေးထားသည့် ကတိတော်များ ဖြစ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသလား။ | သခင်ယေရှု၏ မွေးဖွားခြင်းကို လူတိုင်းသိစေရန် ကြေညာသည့်အကြောင်းကို သင်၏ကိုယ်ပိုင် စိတ်ကူးဖြင့် ပုံဖော်ပြီး ကြေညာဆိုင်းပုဒ်တစ်ခု ရေးဆွဲပါ။ သင်ရေးဆွဲသည့် ပုံတွင် အဓိကသော့ချက်ကျမ်းပါ ကောင်းကင်တမန်၏ သတင်းစကားကို ထည့်သွင်းဖော်ပြပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အစီအစဉ်အား နားမလည်သော်လည်း ကျွန်ုပ်တို့ထံသို့ ရောက်လာသည့် ဘုရားသခင်၏ စကားတော်ဖြစ်သည့် သူ၏အစီအစဉ်ကို မာရိကဲ့သို့ ချက်ခြင်း လက်ခံရန် အဆင်သင့်ဖြစ်မဖြစ် ကျောင်းသားများကို မေးပါ။<br>၂. လူတို့မျှော်လင့် စောင့်စားနေကြသည့် ယေရှုအား ကျွန်ုပ်တို့ မည်သို့ တုန့်ပြန်မည်နည်း။<br>၃. ကျွန်ုပ်တို့၏ အနာဂတ်သည် ကျွန်ုပ်တို့ စီစဉ်ထားသည့်အတိုင်း ဖြစ်မလာသော်လည်း ကျွန်ုပ်တို့သည် မိမိတို့၏ အနာဂတ်အတွက် ဘုရားသခင်အား ယုံကြည်ကိုးစားသွားမည်လား။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့သည် သခင်ယေရှု၏ အကြောင်းကို သူတပါးထံ ပြောပြသည့်အခါ သိုးထိန်းများကဲ့သို့ ခံစားနေကြသနည်း။ ဝမ်းမြောက်နေကြပါသလား။ ယေရှု၏ မွေးဖွားခြင်းသည် သိုးထိန်းများပြောသကဲ့သို့ အံ့သြဖွယ် အဖြစ်အပျက် ဖြစ်သည်ဟု သင်ထင်ပါသလား။<br>၂. သင်သည် စစ်မှန်သော ရည်ရွယ်ချက်ဖြင့် ခရစ္စမတ်ပွဲတော်ကို ကျင်းပနေပါသလား။ ဖလှယ်ကြသည့် လက်ဆောင်များ၊ ကျင်းပကြသည့် ပွဲတော်များသည် ဤလောကသို့ ကယ်တင်ရှင် ဆင်းကြွလာသည့်အရာကို ဂုဏ်ပြုနေခြင်း ဖြစ်ပါသလား။ |

| | ၁၂ - အဆင့် ၃<br>သင်ခန်းစာ ၃ - ဝမ်းမြောက်ဖွယ်ခရစ္စမတ်<br>ခေါင်းစဉ် - သခင်ယေရှု၏ မွေးဖွားခြင်း | ၁၂ - အဆင့် ၄<br>သင်ခန်းစာ ၃ - ဝမ်းမြောက်ဖွယ်ခရစ္စမတ်<br>ခေါင်းစဉ် - အမြင့်ဆုံး ကိုးကွယ်သည် |
|---|---|---|
| | **ကျမ်းညွှန်း၊** *ရှင်လုကာ ၂း ၁-၇*<br>**အဓိကသော့ချက်ကျမ်း** *၂ ကော ၈း၉*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သခင်ယေရှု၏ မွေးဖွားခြင်းအား ဗက်လင်မြို့တွင် မည်သူမျှ သတိမထားမိခဲ့ပေ။<br>၂. ဘုရားသခင်၏ သားတော်ယေရှုသည် စုံလင်သော လူသားဖြစ်သည်။<br>၃. သူ၏ မွေးဖွားခြင်းနှင့် ပတ်သက်၍ ပြီးပြည့်စုံခဲ့သော ပရောဖက်ပြုချက်များသည် လွန်ခဲ့သည့် နှစ်ရာပေါင်းများစွာက ဟောထားသည့် အရာများ ဖြစ်သည်။ | **ကျမ်းညွှန်း၊** *ရှင်မဿဲ ၂း ၁-၁၂*<br>**အဓိကသော့ချက်ကျမ်း** *ရှင်မဿဲ ၂း၁၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁. သခင်ယေရှု မွေးဖွားလာသည့်အချိန်တွင် အများသောသူများက ငြင်းပယ်ခဲ့ကြသော်လည်း အချို့သောသူများက ကြိုဆိုခဲ့ကြသည်။<br>၂. ဘုရားသခင်သည် ယောသပ်၊ မာရိ နှင့် ယေရှုတို့အား လုံခြုံစေရန် စောင့်ရှောက်တော်မူခဲ့သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | သင်တို့၏ ဇာတိမြို့သို့ ရှင်ဘုရင် သို့မဟုတ် မိဖုရား တစ်ပါးပါး လာရောက်မည်ဆိုပါက သင်တို့ မည်သို့ တုန့်ပြန်ကြမည်နည်း။ ကျောင်းသားများနှင့် ဆွေးနွေးပါ။ ထိုသို့ဖြစ်လျှင် လူများတို့သည် အလွန်ဝမ်းမြောက်ကြပြီး အကောင်းဆုံး ဂုဏ်ပြုပွဲများဖြင့် ကြိုးဆိုကြမည် ဖြစ်သည်။ သို့သော် သခင်ယေရှု မွေးဖွားလာသော အချိန်တွင် မည်သူမျှ မသိခဲ့ကြပေ။ မည်သူမျှ သတိမပြုခဲ့ပေ။ တည်ခိုခန်းတွင် သူ့အတွက် နေရာအခန်းမရှိပေ။ သူသည် နွားစာခွက်တွင်း၌သာ အိပ်ခဲ့ရသည်။ | ကလေးငယ်များ မွေးဖွားလာသည့်အခါတွင် မည်သို့ ပြုလေ့ရှိကြောင်း ကျောင်းသားများကို မေးပါ။ ကျွန်ုပ်တို့သည် မည်သို့ လက်ဆောင်များ ဝယ်သွားပေးကြောင်း နှင့် ကလေးထံ အလည်သွားပြီး မည်သို့ ပွဲချီလေ့ရှိသည့် အကြောင်းများကို စဉ်းစားပါ။ ထိုအချိန်သည် အလွန် ဝမ်းမြောက်ဖွယ်ကောင်းသည့် ဂုဏ်ပြုပွဲအချိန်ဖြစ်ကြောင်း ရှင်းပြပါ။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. ယောသပ် နှင့် မာရိတို့သည် သန်းခေါင်စာရင်း သွင်းရန်အတွက် နာဇရက်မြို့မှ ဗက်လင်မြို့သို့ ခရီးထွက်ခဲ့ကြသည်။ ထိုခေတ်ကာလတွင် အထူးသဖြင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအနေဖြင့် ခရီးဝေးသွားလျှင် မည်မျှ ခက်ခဲမည်ကို စဉ်းစားကြည့်ပါ။ ***(အငယ်၊ ၁-၄)***<br>၂. ထိုအမိန့်ကို ထုတ်ပြန်သောမင်းမှာ ကဲသာဘုရင်ဩဂုတ္တု ဖြစ်သည်။ ***(လုကာ ၂း ၁-၅)*** ထိုမင်းက မိမိသည် အရာအားလုံးကို ထိန်းချုပ်ထားသည်ဟု တွေးထင်နိုင်သည့်အကြောင်း ဆွေးနွေးပါ။ *သို့သော် အမှန်ထိန်းချုပ်ထားသူမှာ ဘုရားသခင် ဖြစ်သည်။ သခင်ယေရှုသည် ဗက်လင်မြို့တွင် မွေးဖွားလာရန် ဘုရားသခင်သည် သူ၏အချိန် နှင့် အစီအစဉ်အား ချိန်ကိုက်ထားခြင်း ဖြစ်သည်။*<br>၃. သူတို့သည် ထိုမြို့၌ ရှိနေစဉ် သခင်ယေရှုအား တိရိစ္ဆာန်များထားသည့် တင်းကုတ်တွင် မွေးဖွားပြီး သူငယ်အား နွားစာခွက်တွင် အိပ်စက်စေခဲ့သည်။ ***(အငယ်၊ ၇)***<br>၄. ပရောဖက်မိက္ခာ၏ ပရောဖက်ပြုချက် ပြည့်စုံစေရန်အတွက် ယေရှုသည် ဗက်လင်မြို့တွင် မွေးဖွားခဲ့သည်။ ***(မိက္ခာ ၅း၂)*** *သခင်ယေရှုသည် အဘယ်ကြောင့် ပရောဖက်ပြုချက်များကို ပြည့်စုံစေရခြင်း ဖြစ်သနည်း။*<br>၅. *ရှင်ဘုရင်းတစ်ပါးသည် ဤသို့ သာမန်လူတစ်ဦးအဖြစ် မွေးဖွားလာခြင်းသည် မဖြစ်နိုင်သည့်အရာဖြစ်သည်။ သို့သော် ဤသို့ ဖြစ်ရခြင်းသည် သခင်ယေရှု အသက်တာအတွက် ဘုရားသခင်၏ အစီအစဉ် အစိတ်အပိုင်းတစ်ခု ဖြစ်ကြောင်း ဆွေးနွေးပါ။ ဘုရားသခင်သည် ယောသပ် နှင့် မာရိတို့အား လမ်းပြပို့ဆောင်ခဲ့ပြီး သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။ (၂ကော၊ ၈း၉)*<br>၆. *ယုဒလူတို့သည် သူတို့၏ ရှင်ဘုရင်အား တော်ဝင်မိသားစုမှ ဆင်းသက်လာမည်ဟု မျှော်လင့်နေခဲ့ကြသည်။ သို့သော် ယေရှုသည် တိရိစ္ဆာန်များအကြားတွင် မွေးဖွားလာခဲ့သည့် အကြောင်း ကျောင်းသားများနှင့် ဆွေးနွေးပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်အား မကန့်သက်နိုင်ကြောင်း နှင့် ဘုရားသခင်သည် အမြဲတူညီသည့် နည်းလမ်းတစ်ခုတည်းဖြင့်သာ အလုပ်လုပ်လေ့ မရှိကြောင်း ရှင်းပြပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သခင်ယေရှု၏ မွေးဖွားခြင်း | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁. သခင်ယေရှု မွေးဖွားလာသောအချိန်တွင် ဟေရုဒ်မင်းသည် ရှင်ဘုရင် ဖြစ်သည်။<br>၂. အရှေ့တိုင်းမှ ပညာရှိများသည် ရှင်ဘုရင်အသစ် ပေါ်ထွန်းသည်ဟု ဖော်ပြသော ကြယ်ကို မြင်၍ ယုဒပြည်သို့ ရောက်ရှိလာကြသည်။ သူတို့ကလည်း ရှင်ဘုရင်အသစ်မှာ မည်သူနည်းဟု ဟေရုဒ်မင်းထံ မေးခဲ့ကြသည်။ ***(အငယ်၊၁-၂)***<br>၃. သူ၏ ရာဇပလ္လင်တွင် နေရာယူမည့် အခြားသော ရှင်ဘုရင်အသစ် ပေါ်ထွန်းသည်ဟူသော သတင်းကြောင့် ဟေရုဒ်မင်းသည် စိတ်အနှောက်အယှက် ဖြစ်ခဲ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူသည် သခင်ယေရှုကဲ့သို့ မွေးဖွားခြင်းအားဖြင့် တရားဝင် ဣသရေလ ရှင်ဘုရင် မဟုတ်သောကြောင့် ဖြစ်သည်။ ထို့ကြောင့် သူသည် ထိုရှင်ဘုရင်အား မနာလို ဖြစ်ခဲ့သည်။ ***(အငယ်၊၃)***<br>၄. ဟေရုဒ်သည် ပညာရှိများအား သင်တို့သွား၍ ရှာကြပါ။ တွေ့လျှင် ငါ့အားလည်း ပြောကြပါ။ ငါသည်လည်း သွားရောက်ဖူးတွေ့လိုသည်ဟု ပြောခဲ့သည်။ သို့သော် အမှန်မှာ ဟေရုဒ်သည် သူငယ်တော်အား သတ်လို၍ ထိုသို့ ပြောခြင်း ဖြစ်သည်။ ***(အငယ်၊ ၇-၈)***<br>၅. ပညာရှိများသည် ကြယ်နောက်သို့ လိုက်သွားကြရာ အိမ်တွင် ရှိနေသည့် သူငယ်တော်အား မြင်တွေ့ခဲ့ကြသည်။ ပညာရှိများ ရောက်သွားသောအချိန်တွင် ယေရှု၏ အသက်မှာ တစ်နှစ် သို့မဟုတ် နှစ်နှစ်ရှိနေပြီး ဖြစ်သည်။ ပညာရှိများသည် ယေရှုအား ဖူးတွေ့ရသည့်အခါ အလွန်ဝမ်းမြောက်ခဲ့ရသည်။ သူတို့သည် ယေရှုအား ကိုးကွယ်ပြီး လောဗန်၊ မုရန် တည်းဟူသော နံ့သာမျိုး နှင့် ရွှေကို ဆက်ကပ်ပူဇော်ခဲ့ကြသည်။ ***(အငယ်၊ ၁၀-၁၁)***<br>၆. ဟေရုဒ်မင်းသည် သူငယ်တော်အား သတ်လိုသောသူ ဖြစ်သောကြောင့် ဘုရားသခင်သည် ညအခါတွင် အိပ်မက်အားဖြင့် ပညာရှိများအား အခြားသောလမ်းဖြင့် မိမိတို့ အိမ်သို့ပြန်ရန် မိန့်တော်မူခဲ့သည်။ သခင်ယေရှုအား ကာကွယ်ပေးရန်အတွက် သူတို့သည် ဘုရားသခင်၏ စကားကို နားထောင်ပြီး မိမိတို့အိမ်သို့ အခြားသောလမ်းဖြင့် ပြန်သွားခဲ့ကြသည်။ ***(အငယ်၊၁၂)***<br>၇. *သခင်ယေရှု၏ မွေးဖွားခြင်းနှင့်ပတ်သက်၍ ဟေရုဒ်မင်း၏ တုန့်ပြန်မှု နှင့် ပညာရှိများ၏ တုန့်ပြန်မှုကို နှိုင်းယှဉ်ကြည့်ပါ။ ဟေရုဒ်မင်းသည် ယေရှုအား သူ၏ရာဇပလ္လင်ကို လုယူမည့်သူဟု ထင်မြင်သောအချိန်တွင် ပညာရှိများသည် ယေရှုအား ဤလောက၏ ကယ်တင်ရှင် မေရှိယအဖြစ် လက်ခံယုံကြည်ခဲ့သည်။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၃ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI သခင်ယေရှုအား လာရောက်လည်ပတ်သည့် ပညာရှိများ |
| ပြန်လှန်လေ့ကျင့်ပါ | အဖွဲ့ငယ်များခွဲ၍ သခင်ယေရှု၏ မွေးဖွားခြင်း သတင်းကို ကြေညာသည့် ဗက်လင်မြို့တွင်း သတင်းစာကို ရေးပါ။ | သူတို့၏ သင်ခန်းစာများကို ဖြေဆိုရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် သင်ခန်းစာကို ပြန်လှန်သည့်အနေဖြင့် ကျောင်းသားများအား နှုတ်မေးမေးခွန်းများမေးပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. သခင်ယေရှု မွေးဖွားလာသည့်အချိန်တွင် လူတို့သည် သူ့အား သတိမပြုမိကြပေ။ အဘယ်ကြောင့်ဆိုသော် လူတို့သည် သူ၏အကြောင်းကို မသိသောကြောင့် ဖြစ်သည်။ ယခုတွင် ကျွန်ုပ်တို့သည် သူ့အား သိကြသည်။ သို့သော် ကျွန်ုပ်တို့သည် သူ့အား သတိပြုကြပါသလား။ ခရစ္စမက်အချိန်၌ နွားစာခွက်အတွင်း အိပ်နေသည့် သူငယ်တော်အဖြစ်သာ ကျွန်ုပ်တို့ မြင်တွေ့နေကြ ပါသလား။ သို့မဟုတ် သူသည် သင်၏အသက်တာထဲတွင် အသက်ရှင်စေလိုသည့် သင်၏ ကယ်တင်ရှင် ဖြစ်ပါသလား။<br>၂. သခင်ယေရှုသည် လူ့ဇာတိခံယူရသည့်အကြောင်းမှာ ကျွန်ုပ်တို့အပြစ်အတွက် လက်ဝါးကပ်တိုင်တွင် အသေခံရန်အတွက် ဖြစ်သည်။ ဤကြီးမားသည့် မေတ္တာတရားကို ကျွန်ုပ်တို့ နားလည်ပါသလား။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁. ကျွန်ုပ်တို့သည် ဤပုံပြင်ထဲရှိ ပညာရှိများနှင့် တူပါသလား။ ကျွန်ုပ်တို့သည် ကိုးကွယ်ရန် နှင့် လက်ဆောင်များ ပူဇော်ရန် ယေရှုအား ရှာဖွေကြပါသလား။ သို့မဟုတ် ကျွန်ုပ်တို့သည် သူ့အား မည်သည့်အရာမျှ မပေးလျှုဘဲနှင့် သူ့ထံမှ ကျွန်ုပ်တို့အား လက်ဆောင်ပေးရန် နှင့် ကူညီပေးရန် မျှော်လင့်နေပါသလား။<br>၂. ယနေ့တွင်လည်း "ပညာရှိသောသူများသည်" ယေရှုအား ရှာဖွေပြီး ကိုးကွယ်နေကြပါသည်။ ယေရှုထံမှ ကောင်းကြီးရယူလိုသောကြောင့် မဟုတ်ဘဲ ယေရှု၏ ဘုရားသခင်ဖြစ်ခြင်းကို ချီးမွမ်းကိုးကွယ်ကြခြင်းသာ ဖြစ်သည်။ |

| | ခ၁၂ - အဆင့် ၃<br>သင်ခန်းစာ ၄ - ဝမ်းမြောက်ဖွယ် ခရစ္စမတ်<br>ခေါင်းစဉ် - ကောင်းကင်တမန်၏ သတင်းစကား | ခ၁၂ - အဆင့် ၄<br>သင်ခန်းစာ ၄ - အံ့သြဖွယ် ခရစ္စမတ်<br>ခေါင်းစဉ် - ကယ်တင်ခြင်း |
|---|---|---|
| | **ကျမ်းညွှန်း၊** *ရှင်လုကာ ၂း ၈-၂၀*<br>**အဓိကသော့ချက်ကျမ်း** *ရှင်လုကာ ၂း၁၁*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ ခရစ်တော်တည်းဟူသော ကယ်တင်ရှင် မေရှိယ ကြွလာမည်ဖြစ်သောကြောင့် ကောင်းကင်တမန်တို့သည် ဝမ်းမြောက်ရွှင်လန်းကြသည်။<br>၂။ သိုးထိန်းတို့သည် ကောင်းကင်တမန်များအားဖြင့် ကြားရသည့် သတင်းစကားအရ ယေရှုအား တွေ့ရမည်ဖြစ်သောကြောင့် အလွန်ဝမ်းမြောက်ရွှင်လန်းကြသည်။<br>၃။ ကျွန်ုပ်တို့သည်လည်း သခင်ယေရှု၏ မွေးဖွားခြင်းအတွက် ဝမ်းမြောက်ရွှင်လန်းစွာ ဂုဏ်ပြုသင့်ပါသည်။ | **ကျမ်းညွှန်း၊** *ရှင်လုကာ ၂း ၂၅-၄၀*<br>**အဓိကသော့ချက်ကျမ်း** *ဟေရှာယ ၇း၁၄*<br><br>**ကျွန်ုပ်တို့ သင်ယူသွားမည့်အရာ**<br>၁။ သခင်ယေရှု ပေါ်ထွန်းလာသည့်အတွက် လူများ စိတ်ဖိုလှုပ်ရှားခဲ့ရသည်။<br>၂။ သခင်ယေရှုအား အမျိုးမျိုးတုန့်ပြန်ခဲ့ကြသည်။ သခင်ယေရှုအား ဝမ်းမြောက်စွာ ကြိုဆိုလက်ခံသည့်အဖွဲ့ နှင့် လုံးဝငြင်းပယ်သည့်အဖွဲ့ စသည်ဖြင့် အဖွဲ့များ ကွဲနေသည်။<br>၃။ သခင်ယေရှုသည် ဘုရားသခင်၏ ကယ်တင်ခြင်းအတွက် ဤလောကသို့ စေလွှတ်သော လောက၏အလင်း ဖြစ်သည်။ |
| သင်ခန်းစာကို အစပြုမိတ်ဆက်ပေးပါ။ | ကလေးသူငယ်များ မွေးဖွားလာသည့်အခါ လူများသိစေရန် ပြောပြတက်ကြသည့် အကြောင်း စဉ်းစားပါ။ သူတို့သည် အလွန်ဝမ်းမြောက်ပျော်ရွှင် ကြကြောင်း ကလေး၏ မိဘများအားဖြင့်၄င်း၊ ကလေး၏ ရုပ်ပုံအားဖြင့်၄င်း ပြောပြလေ့ရှိကြသည်။ သခင်ယေရှုသည် သာမန် ကလေးငယ် မဟုတ်သည့်အတွက် သူ၏မွေးဖွားခြင်းကို သာမန်ပြုလေ့ရှိသည့် နည်းလမ်းအတိုင်း မဖော်ပြခဲ့ပေ။ သို့သော် သူသည် သာမန်လူသားများအတွက် ကြွဆင်းလာခဲ့ခြင်းဖြစ်သည်ကို သတိရပါ။ ထို့ကြောင့် သိုးထိန်းများသည် သူ၏မွေးဖွားခြင်း သတင်းစကားကို ပထမဦးဆုံး ကြားရသူများ ဖြစ်ကြသည်။ | ကလေငယ်တစ်ဦး မွေးဖွားလာရန်အတွက် မိဘတို့သည် ကိုးလလုံးလုံး စောင့်မျှော်ကြရသည်။ ဤသင်ခန်းစာ၌ ကျွန်ုပ်တို့ သင်ယူသွားမည့် သင်ခန်းစာမှာ မွေးဖွားလာမည့် သူငယ်တော်အား စောင့်မျှော်ခဲ့ကြသည့် သူများအကြောင်းဖြစ်သည်။ နောက်ဆုံးတွင် သူငယ်တော်အား ဖူးမြင်ရသည့်အတွက် စိတ်ဖိုလှုပ်ရှားခဲ့ရသည်။ |
| သင်ခန်းစာကို ပြီးမြောက်စေပါ။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ သခင်ယေရှု မွေးဖွားသည့်ညတွင် သိုးထိန်းတို့သည် တော၌သိုးများ ထိန်းကျောင်း နေကြသည်။ ညအချိန် သိုးထိန်းခြင်းသည် ထူးခြားသည့် အရာဖြစ်ပြီး သိုးထိန်းများအတွက် အလွန်ပျင်းစရာကောင်းသည့်အရာ ဖြစ်ကြောင်း ရည်ညွှန်းပြောပြပါ။ ***(အငယ်၊၈)***<br>၂။ သို့သော် ထိုနေ့ညတွင် အလွန်အံ့သြဖွယ်ကောင်းသည့် အဖြစ်အပျက် ဖြစ်ပျက်ခဲ့သည်။ ထာဝရဘုရား၏ ကောင်းကင်တမန်သည် သူတို့ထံသို့ ပေါ်လာပြီး သူတို့ ထိန့်လန့်ခဲ့ကြသည်။ *အကယ်၍ ထိုနေရာတွင် ကျောင်းသားများ ဖြစ်ကြလျှင် မည်သို့ခံစားကြမည်ကို မေးပါ။* ***(အငယ်၊၉)***<br>၃။ ကောင်းကင်တမန်သည် ကယ်တင်ရှင် ယေရှု မွေးဖွားမည့် သတင်းကို သိုးထိန်းများထံ ပြောပြခဲ့သည်။ ***(အငယ်၊၁၁)***<br>၄။ ထိုနောက် ကောင်းကင်တမန်အများတို့သည် ပေါ်လာကြပြီး ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းခဲ့ကြသည်။ သခင်ယေရှု ဤလောကသို့ ကြွဆင်းလာသည့် အတွက် ချီးမွမ်းဂုဏ်ပြု ခဲ့ကြသည်။ *ဤနိမိတ်လက္ခဏာသည် အမှောင်ထဲတွင် သိုးများနှင့်အတူရှိနေသည့် သိုးထိန်းများအတွက် မည်မျှခမ်းနားသည့် အကြောင်းအရာ ဖြစ်ကြောင်း ရှင်းပြပေးပါ။* ***(အငယ်၊၁၃-၁၄)***<br>၅။ ကောင်းကင်တမန်များ ကွယ်ပျောက်သွားသည်နှင့် သိုးထိန်းတို့သည် သူငယ်တော်ရှိရာသို့ အလျှင်အမြန်သွားပြီး သူငယ်တော်အား ဖူးတွေ့ခဲ့ကြသည်။ *သိုးထိန်းတို့သည် မည်သို့ ခံစားနေကြမည်ကို စဉ်းစားကြည့်ပါ။ အခြားတဘက်တွင် သူတို့သည် ဤသို့ တွေးထင်နိုင်ပါသည်။ သူတို့၏ စိတ်ကူသာ ဖြစ်သည်။ ကောင်းကင်တမန်များသည်လည်း အမှားများသာ ဖြစ်သည် စသည်ဖြင့် တွေးနိုင်ပါသည်။*<br>၆။ သိုးထိန်းတို့သည် ကောင်းကင်တမန်များ ပြောပြသည့်အတိုင်း သူငယ်တော်ကို တွေ့မြင်ခဲ့ကြသည်။ သူတို့သည် ဘုရားသခင်အား ချီးမွမ်းကြပြီး၊ ကယ်တင်သောအရှင် မွေးဖွားလာသည့်သတင်းကို လူတိုင်းထံ ပြောပြခဲ့ကြသည်။ ***(အငယ်၊၁၆-၁၇)***<br>၇။ *သိုးထိန်းတို့သည် သူငယ်တော်ကို မြင်သည့်အခါ မည်မျှ ဝမ်းမြောက်နေကြမည်နည်း။ သူငယ်တော်၏ သတင်းအား လူများထံ စတင်ပြောပြသည့်အချိန် နှင့် အခြားသူများထံ ထိုသတင်းကောင်းအား ဝေငှသည့်အခါ သူတို့သည် မည်မျှ စိတ်လှုပ်ရှားနေကြမည်ကို စဉ်းစားကြည့်ပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ယေရှုမွေးဖွားလာသည့် သတင်းကို သိုးထိန်းများ ကြားခဲ့သည်။ | **သမ္မာကျမ်းစာပုံပြင်ကို ပြောပြပါ။**<br>**လေ့လာဆွေးနွေးပြီး၊ ရှင်းပြပါ။**<br>၁။ ရှုမောင်သည် ဘုရားကို ရိုသေသောသူ၊ ဖြောင့်မတ်သောသူ ဖြစ်သည်။ ***(အငယ်၊၂၅)***<br>၂။ သူသည် ထာဝရဘုရား၏ခရစ်တော်ကို မမြင်မီ မသေရဟု သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ဗျာဒိတ်တော်ကို ရသောသူ ဖြစ်သည်။ ***(အငယ်၊ ၂၆)*** *ရှုမောင်သည် အသက်အရွယ် ကြီးလာပြီးဖြစ်သည့်အတွက် ဤအကြောင်းအရာသည် အမှန်တကယ် ဖြစ်လာမည် မဖြစ်လာမည်ကို သူတွေးတောကောင်း တွေးတောနိုင်သည်။ သူမည်သို့ ခံစားနေမည်ကို ဆွေးနွေးပါ။*<br>၃။ တစ်နေ့သောအခါတွင် ရှုမောင်သည် ဗိမာန်တော်၌ ရှိနေစဉ် ယောသပ် နှင့် မာရိတို့သည် ယေရှုနှင့်အတူ ရောက်လာခဲ့ကြသည်။<br>၄။ ရှုမောင်သည် အလွန်ဝမ်းမြောက်ခဲ့ပြီး ဘုရားသခင်ကို ချီးမွမ်းလျက် သူငယ်တော်အား ကောင်းကြီးပေးခဲ့သည်။<br>၅။ ***ရှင်လုကာ ၂း၃၄၌*** ရှုမောင်သည်လည်း ကောင်းကြီးပေး၍ ဤသူငယ်သည် အများလဲ၍ အများထမည့်အကြောင်း။ အများ ဝမ်းမြောက်၍ အများ ငြင်းပယ်မည့်အကြောင်း ခန့်ထားသောသူ ဖြစ်သည်ဟု ပြောခဲ့သည်။ *ဤအရာနှင့် ပတ်သက်၍ ရှုမောင်၏ ဆိုလိုရင်းမှာ အဘယ်နည်း။ စူးစမ်းရှာဖွေပါ။*<br>၆။ အန္နသည်လည်း ပရောဖက်မတစ်ဦးဖြစ်ပြီး ထိုအချိန်တွင် သူမသည်လည်း ဗိမာန်တော်၌ ရှိနေသည်။ သူမသည် အစာရှောင်ခြင်း၊ ဆုတောင်းခြင်းကို အမြဲပြု၍ ဗိမာန်တော်၌ အမြဲနေသောသူ ဖြစ်သည်။ ***(အငယ်၊၃၆-၃၇)***<br>၇။ သူမသည် ယေရှုအား မြင်သည့်အခါ ဘုရားသခင်၏ ဂုဏ်တော်ကို ချီးမွမ်းပြီး လူတိုင်းထံ ထိုသူငယ်၏ အကြောင်းကို ပြောပြခဲ့သည်။ ***(အငယ်၊၃၈)***<br>၈။ သခင်ယေရှုသည် မိဘများနှင့်အတူ အိမ်သို့ ပြန်သွားခဲ့ပြီး အစဉ်အတိုင်း ကြီးပြင်းလာ ခဲ့သည်။ *ညဏ်ပညာတိုးပွါးလျက် ဘုရားသခင်ရှေ့ လူတို့ရှေ့တွင် မျက်နှာရခဲ့လေသည်။ ယေရှုသည် သက်တူရွယ်တူ ကလေးများနှင့် နှိုင်းယှဉ်ကြည့်လျှင် သူသည် မည်သို့ ထူးခြားကြောင်းကို ရှင်းပြပါ။*<br>၉။ *သူတို့၏ ကလေးနှင့်ပတ်သက်၍ ရှုမောင် နှင့် အန္န တို့၏ အပြုအမူကို မြင်သည့်အခါ ယောသပ် နှင့် မာရိ တို့သည် မည်သို့ ခံစားနေကြမည်ကို စဉ်းစားပါ။*<br><br>**အဓိကသော့ချက်ကျမ်းကို ရှင်းပြပြီး ကလေးများ သင်ယူနိုင်ရန် ခွန်အားပေးပါ။**<br>**သင်ခန်းစာ ၄ ကို ပြီးမြောက်စေပါ။**<br>**ပြပါ** – FBI ရှုမောင် နှင့် အန္နတို့သည် သူငယ်တော် ယေရှုနှင့် တွေ့ဆုံခဲ့သည်။ |
| ပြန်လှန်လေ့ကျင့်ပါ | သခင်ယေရှု၏ မွေးဖွားခြင်းကို လူတိုင်းသိစေရန် ကြေညာသည့်အကြောင်းကို သင်၏ကိုယ်ပိုင် စိတ်ကူးဖြင့် ပုံဖော်ပြီး ကြေညာဆိုင်းပုဒ်တစ်ခု ရေးဆွဲပါ။ သင်ရေးဆွဲသည့် ပုံတွင် အဓိကသော့ချက်ကျမ်းပါ ကောင်းကင်တမန်၏ သတင်းစကားကို ထည့်သွင်းဖော်ပြပါ။ | သူတို့၏ သားငယ်လေးနှင့် ပတ်သက်၍ ဤသို့ အံ့သြဖွယ် အဖြစ်များနှင့် ကြုံတွေ့ရသည့်အတွက် ယောသပ် နှင့် မာရိတို့သည် မိန်မောတွေးဝေနေမည်မှာ အမှန်ပင် ဖြစ်သည်။ အဓိကသော့ချက်ကျမ်းကို သင်ယူပါ။ ထိုကျမ်းသည် ဤသင်ခန်းစာအား မည်သို့ အကျဉ်းချုံး ဖော်ပြထားကြောင်း သင်ယူပါ။ |
| လိုက်လျှောက်အသက်ရှင်ပါ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ကျွန်ုပ်တို့သည် သခင်ယေရှု၏ အကြောင်းကို သူတပါးထံ ပြောပြသည့်အခါ သိုးထိန်းများကဲ့သို့ ခံစားနေကြသနည်း။ ဝမ်းမြောက်နေကြပါသလား။ ယေရှု၏ မွေးဖွားခြင်းသည် သိုးထိန်းများပြောသကဲ့သို့ အံ့သြဖွယ် အဖြစ်အပျက် ဖြစ်သည်ဟု သင်ထင်ပါသလား။<br>၂။ သင်သည် စစ်မှန်သော ရည်ရွယ်ချက်ဖြင့် ခရစ္စမတ်ပွဲတော်ကို ကျင်းပနေပါသလား။ ဖလှယ်ကြသည့်ကြသည့် လက်ဆောင်များ၊ ကျင်းပကြသည့် ပွဲတော်များသည် ဤလောကသို့ ကယ်တင်ရှင် ဆင်းကြွလာသည့်အရာကို ဂုဏ်ပြုနေခြင်း ဖြစ်ပါသလား။ | **သင်ခန်းစာမှ ကျွန်ုပ်တို့ကို မည်သည့်စိန်ခေါ်မှုများ ပေးသနည်း။**<br>၁။ ရှုမောင် နှင့် အန္နတို့သည် ဘုရားတရား ရိုသေကိုင်းရှိုင်းသောသူများ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဘုရားသခင်အား ရိုသေကိုင်းရှိုင်းကြပါသလား။ ကျွန်ုပ်တို့၏ အသက်တာတွင် ကျမ်းစာဖတ်ခြင်း၊ ဆုတောင်းခြင်း အသက်တာများ ရှိပါသလား။<br>၂။ အဓိကသော့ချက်ကျမ်း၌ ယေရှုအား "ဧမာနွေလဘုရား" ဟု ခေါ်ထားသည်။ ဧမာနွေလ၏ အဓိပ္ပာယ်မှာ ကျွန်ုပ်တို့နှင့်အတူရှိသော ဘုရား ဟု ဆိုလိုခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာကို ယုံကြည်လျှင် ဧမာနွေလဘုရားသည် ကျွန်ုပ်တို့နှင့်အတူ ရှိနေမည် ဖြစ်သည်။ |

## သင်ခန်းစာပြုလုပ်ရန် ဆရာများအတွက် လမ်းညွှန်

**အဆင့် (၃) သင်ခန်းစာများ**

- ကျောင်းသားများသည် ကျမ်းညွှန်းများကို မဖတ်ပါက ဤသင်ခန်းစာများကို ပြီးမြောက်အောင် သင်ယူနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ပေးထားသည့် ကျမ်းညွှန်းများကို ဖတ်ရန် လိုသည်။
- ကွက်လပ် ဖြည့်ခြင်း၊ ဂရပ် ဇယားများ၊ ပဟေဠိစကားလုံးများ စသည်ဖြင့် မေးခွန်း အမျိုးမျိုး ရှိသည်။
- ထိုမေးခွန်းများကို ပုံမှန်အားဖြင့် တို့ကို အသုံးပြု၍ ဖြေဆိုနိုင်ရန် ရေးဆွဲထားသည်။ (မှတ်ချက်- မြန်မာသင်ခန်းစာများအတွက်မူ ယုဒသန် ဘာသာပြန်သည့် ကျမ်းကိုသာ အသုံးပြုထား)
- ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ ကျောင်းသားများသည် မည်သို့သော ကျမ်းစာကို ပိုင်ဆိုင်သည် ဖြစ်ပါစေ မေးခွန်းများကို ကောင်းစွာ ဖြေဆိုနိုင်ရန်သာ ဖြစ်သည်။
- ဤသင်ခန်းစာများ အားလုံးကို မှန်ကန်စွာ ဖြေဆိုနိုင်ပါက တစ်ပတ်စာအတွက် ရမှတ် ၂၀မှတ် နှင့် တစ်လစာ ရမှတ် ၈၀ မှတ် သတ်မှတ်ထားပါသည်။
- အဆင့် (၃) -သင်ခန်းစာတွင် ပုံမှန်အားဖြင့် အဖြေတစ်ခု အတွက် ရမှတ် ၁ မှတ် ဖြစ်သည်။

**အဆင့် (၄) သင်ခန်းစာများ**

- ဤသင်ခန်းစာများသည် အဆင့် ၃ သင်ခန်းစာထက် ပိုမိုကျစ်လစ်စွာ တည်းဖြတ်ထားသည်။
- ပို၍များသော မေးခွန်းနှင့် အဖြေများကို တောင်းဆို ထားသည်။
- သင်ခန်းစာ မေးခွန်းများအားလုံးကို မှန်ကန်ပြည့်စုံစွာ ဖြေဆိုနိုင်သည့် အချိန်တွင် တစ်ပတ်အတွက် ရမှတ် ၂၀ နှင့် တစ်လအတွက် ရမှတ် စုစုပေါင်း ၈၀မှတ် ရမည်ဖြစ်သည်။

**အမှတ်ပေးစည်းမျဉ်း အရိပ်အမြွက်**

ဆရာများသည် ဤအရာကိုလုပ်ဆောင်ရမည်။ ပထမတွင်

- သင်ခန်းစာများကိုစစ်ဆေးပြီး အဖြေများကို အမှားအမှန်အရ အမှတ်ပေးပါ။
- သင်ကြားပေးသည့်အတိုင်းဖြစ်ပါက သဘောကျသည့် အချက်များအတွက် ဆုပေးပါ။
- ခြားနားသော အရောင်များနှင့် အမြဲအမှတ်ခြစ်ပါ ။ အဖြေမှန်များကို ခြစ်ပါ။
- မဖြစ်မနေ လိုအပ်ပါက မှားသော နေရာတွင် အဖြေမှန်ကိုပြင်ပေးပါ။ စာလုံးပေါင်း သတ်ပုံအမှားများကို ပြင်ပေးပါ။ဤအရာများအတွက် အမှတ်မနုတ်ပါ။
- တဝက်တပြတ် ဖြေထားသော အဖြေများကို အမှတ် နည်းနည်း ပေးပါ။
- ၁ လစာအတွက် အမှတ်များကို ပေါင်းထည့်ပါ။ ကျောဘက်ရှိ အမှတ်ပေးစည်းမျဉ်း ဇယားတွင် ပေါင်းထည့်ပါ။

သဘောထားကြီးပြီး တရားမျှတမှုရှိရန် လိုအပ်သည်။ သူတို့၏ ကျမ်းစာလေ့လာခြင်းနှင့် ကျောင်းသာများအား ခွန်အားပေးတိုက်တွန်းရန် နှင့် အားလုံးကို အကောင်းဆုံး လုပ်ဆောင်ပေးရန် လိုအပ်သည်။ ကျောင်းသားများထံ ခွန်အားပေးသော စကားကို လစဉ် ရေးပေးခြင်းသည် ဆရာများအတွက် အကောင်းဆုံးဖြစ်ပြီး အထောက်အကူပြုပေလိမ့်မည်။ ဤအရာကို လုပ်ဆောင်နိုင်ရန်အတွက် သင်ခန်းစာ စာရွက်တွင် နေရာလပ် ပြင်ဆင်ပေးထားသည်။ဝေဖန်ချက်များကို ဖော်ပြရာတွင် ရောင်စုံကောင်းကောင်းခြယ်နိုင်တယ် ၊သေသပ်တယ် ၊ ကြိုးစားမှုရှိတယ် စသည်ဖြင့် ကလေးများသင်ခန်းစာအပေါ် နားလည်မှုကို ကြည့်၍ ဖော်ပြသွားရမည်။

အတက်နိုင်ဆုံး မတူညီသည့် ဝေဖန်ချက်များကို ပေးသွားရမည်ဖြစ်သည်။ မေးခွန်းများ ၊ ဖော်ပြချက်များ၊ ရှာဖွေတွေ့ရှိချက်များ ၊ ခွန်အားပေးနှိုးဆော်မှုများ စသည်ဖြင့် ကွဲကွဲပြားပြား ဖြစ်အောင် ကျွန်ုပ်တို့ အသုံးပြုနိုင်သည်။ စဉ်းစားတွေးတောရန် တောင်းဆိုထားသော်လည်း ကျောင်းသားများ၏ အသက်တာတွင် စိတ်ဝင်တစား လုပ်ဆောင်ရန် အလွန်အရေးကြီးသည်။ တူညီသည့် အကြောင်းအရာ သို့မဟုတ် မေးခွန်းများလစဉ် ထပ်နေပါက အကြိုးသက်ရောက်မှုကို ဆုံးရှုံးစေမည်ဖြစ်သည်။

**အဆင့် (၃)**

**ယေဘူယျဝေဖန်ချက်**

"ကောင်းကောင်း လုပ်ထားတာပဲ၊ သား/သမီး မေးခွန်းကို ကောင်းကောင်း ဂရုစိုက်ပြီး ဖတ်ထားတာပဲ။ အထူးသဖြင့် သား/သမီးရဲ့ နောက်ဆုံးမေးခွန်းကို ကြိုက်တယ်။ စကားလုံး အသုံးအနှုန်းက အရမ်းကောင်းတယ်။"

"ဟလို-ယောနသန် ၊ သား ကောင်းကောင်း ကြိုးစားထားသည့်အတွက် ကျေးဇူးတင်တယ်။ အဖြေအားလုံးကို သား ကောင်းကောင်း ဖြေထားနိုင်တာဘဲ။ သား ဖြေဖို့ ကျန်ခဲ့တဲ့ တစ်ခုကို ဆရာ/မ ဖြည့်ထား ပေးတယ်။"

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

"မောရှေသည် ဣသရေလ လူများနှင့် အချို့သောအချိန်များတွင် အခတ်အခဲများ ကြုံတွေ့ခဲ့ရသည်။ သို့သော် ထိုပြဿနာများကို သူတစ်ဦးတည်း ရှုန်းကန်ဖြေရှင်းရန် ဘုရားသခင်သည် သူ့အား စွန့်ပစ်မထားပေ။"

"ဘုရားသခင်ကို ချစ်ရန် သူဖခင် သင်ကြားပေးထားသည့် အရာကို ယောသပ် လုံးဝ မေ့လျော့ခြင်း မရှိခဲ့ပေ၊ မိမိအိမ်နှင့် ဝေးသော နေရာတွင် ရောက်ရှိနေသော အချိန်မှာပင်လျှင် ထိုအရာကို သူသတိရဆဲ ဖြစ်သည်။"

"ဗာတိမဲသည် ယေရှုထံ သွားရန် ဆုံးဖြတ်ခဲ့သည်။ ယခုတွင် သူသည် မျက်စိပြန်မြင်ခဲ့ပြီး ဖြစ်သောကြောင့် စိတ်မပျက်တော့ပေ။သည်။ ယေရှုသည် အလွန်ထူးခြားသည့် ပုဂ္ဂိုလ်ဖြစ်ကြောင်း ယခုတွင် သူသိရှိခဲ့ပြီး ဖြစ်သည်။ "

**အဆင့် (၄)**

**ယေဘူယျဝေဖန်ချက်**

"အလွန်ကောင်းတဲ့ သင်ခန်းစာ တစ်ခုဘဲ။ ဤကျမ်းစာ ပုံပြင်များကို သင်ကောင်းစွာ နားလည်မည်ဟု ထင်တယ်။ ထိုပုံပြင်များအား လေ့လာသင်ကြားရခြင်းအပေါ် သင်ပျော်ရွှင်လိမ့်မည်ဟု ဆရာ/မ ယုံကြည်ပါတယ်။ သင်ခန်းစာကို အချိန်ယူပြီး ကောင်းကောင်း သင်ယူသည့်အတွက် ကျေးဇူးတင်ပါတယ်။ စစ်ရတာ အရမ်းလွယ်မှာဘဲ။ သင့်ရဲ့ ကြိုးစားမှုကို ချီးကျူးပါတယ်။"

"ရာခေလ သမီး ကောင်းကောင်း ကြိုးစားထားတာဘဲ။ သမီးရဲ့ အဖြေကို ကြည့်ခြင်းဖြင့် ပုံပြင်ကို သမီးကောင်းကောင်း နားမလည်ဘူး ထင်တယ်။ ပုံပြင်ကို တစ်ခေါက် ပြန်ဖတ်လိုက်နော။"

**ဝိညာဉ်ရေးဆိုင်ရာဝေဖန်ချက်**

"ပုံဥပမာများသည် ရိုးရှင်းသည့် ပုံပြင်များ ဖြစ်သော်လည်း လေးနက်သည့် အဓိပ္ပာယ် ရှိသည်။ သင်ခန်းစာ ၃ ရှိ ပုံပြင်ထဲတွင် မည်သည့် လေးနက်သည့် အဓိပ္ပာယ် ရှိပါသနည်း။ သင်စဉ်းစားနိုင်ပါသလား။"

"သတေဖန်သည် ရက်စက်စွာ အသတ်ခံခဲ့ရသည်။ မှန်ပါသည် သူသည် အသတ်ခံရသည်ကို မကြောက်ရွံ့ခဲ့ပေ။ ဘုရားသခင်သည် အရာ အားလုံးကို ထိန်းချုပ်ထားကြောင်းနှင့် သူသည် သေသွားလျှင် ကောင်းကင်တွင် ယေရှုနှင့် အတူ ရှိနေမည်ကို သူသိထားသည်။"

© Bible Educational Services 2019

www.besweb.com

Registered Charity UK 1186004

04/2023
MY-Burmese